ကလေး သူငယ်များ အတွက်

# သုတ ရတနာ သိုက်

## အင်းဆက်ပိုးများ







ကလေး သူငယ်များ အတွက်

# သူတ ရတနာ သိုက်

## အင်းဆက်ပိုးများ

ကိုဒန်းရှား၏

ကလေးသူငယ်များအတွက်

ရောင်စုံစွယ်စုံကျမ်း မူရင်းကိုမှီး၍

အက်ဖ်အီးပီ အင်တာနေရှင်နယ် ပီတီအီးလီမိတက်က

တည်းဖြတ်သည့် မူကို

အဆင့်မြင့်ပညာဦးစီးဌာနနှင့်
တိုင်း-လိုက်ဖ် စာအုပ်တိုက်တို့က
မြန်မာပြန်ဆိုထုတ်ဝေသည်။

ဟေသာ ယုမွန်

ပထမပုံနှိပ်ခြင်း အုပ်ရေ ၅၀၀၀၀

၁၉၈၄ ခုနှစ် ဩဂုတ်လ

# အမှာစာ

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ရှိ ကလေးသူငယ်များ ဗဟုသုတ တိုးတက်ပွားများစေရန် ရည်ရွယ်၍ **ကလေးသူငယ်များအတွက် သုတရတနာသိုက်** ဟူသောအမည်ဖြင့် ဤကျမ်းကို ပညာရေးဝန်ကြီးဌာနက စီစဉ်ထုတ်ဝေလိုက်ပါသည်။

အဆိုပါကျမ်း၏မူရင်းမှာ Kodansha ကုမ္ပဏီမှ ဂျပန်ဘာသာဖြင့် ထုတ်ဝေသော ရောင်စုံစွယ်စုံကျမ်းဖြစ်ပါသည်။ ထိုစွယ်စုံကျမ်းကိုမှီး၍ Far East Publication International Pte Limited မှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော The Children's Treasury of Knowledge ကျမ်းကို အဆင့်မြင့်ပညာဦးစီးဌာနနှင့် Time-Life စာအုပ်ကုမ္ပဏီတို့ပူးတွဲ၍ မြန်မာပြန် ကျမ်း တစ်စောင်အဖြစ် ရောက်အောင် ကြိုးပမ်းကြခြင်းဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနက ဤသို့စီစဉ်ထုတ်ဝေရာ၌ နိုင်ငံတော်၏ပညာရေးကို ကမ္ဘာ့ပညာရေးအဆင့်မီစေရန် ကြိုးပမ်းနေသည့်အားလျော်စွာ မြန်မာကလေးသူငယ်များသည် ကျောင်းပြဋ္ဌာန်းစာများအပြင် ပညာရပ်ဆိုင်ရာ အထွေထွေဗဟုသုတများကိုလည်း အလွယ်တကူ ရယူဆည်းပူးနိုင်ကြပါစေဟူသော အာသီသထားရှိပါသည်။

ဤ **သုတရတနာသိုက်** တွင်–

၁။ ယူနီဗာ့ဆ်နှင့် ရာသီဥတု
၂။ အပင်များ
၃။ ကမ္ဘာဦးသက်ရှိများ
၄။ ရေအောက်သက်ရှိများ
၅။ အင်းဆက်ပိုးများ
၆။ တိရစ္ဆာန်များ
၇။ သင်္ချာ
၈။ အီလက်ထရွန်နစ်နှင့် စွမ်းအင်
၉။ ပို့ဆောင်ရေးယာဉ်များ
၁၀။ ဝါသနာပါရာ အပန်းဖြေစရာ

ဟူ၍ ဝိဇ္ဇာသိပ္ပံအသိပညာ အတတ်ပညာ စသည့် သုတရတနာများ ပါဝင်ကြပါသည်။ ထိုသုတရတနာများသိုမှီးရာဖြစ်သောကြောင့် ကျမ်း၏အမည်ကို **သုတရတနာသိုက်** ဟူ၍ မှည့်ခေါ်ခြင်း ဖြစ်ပါသည်။

ဤကျမ်းကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ မွန်မြတ်သောစေတနာဖြင့် ပြန်ဆိုကြသော ဆိုင်ရာဆိုင်ရာ ပညာရှင်ပုဂ္ဂိုလ်ကြီးများသည် စေ့စပ်သေချာစွာ ပြန်ဆိုစိစစ်ကြပါသည်။ သို့သော် ဘာသာတစ်ခုမှ အခြားဘာသာတစ်ခုသို့ တိတိကျကျ ပြန်ဆိုရန်မှာ မလွယ်ကူလှသော ကိစ္စတစ်ရပ်ဖြစ်ပါသည်။ တစ်ဘာသာနှင့် တစ်ဘာသာမှာ အနက်အဓိပ္ပာယ် အကျယ်အကျဉ်း အနက်အတိမ် စသည့် ခြားနားမှုများရှိမြဲဖြစ်ရာ မူရင်းအဓိပ္ပာယ် တိကျစေရန် အချို့အချို့သော မူရင်းဘာသာစကားလုံးများကို မြန်မာဘာသာသို့ မပြန်ဆိုပဲ

အသံမျှသာ ဖလှယ်ထားပါသည်။ ဤသို့ အသံဖလှယ်ထားခြင်းကြောင့် မူရင်းဘာသာစကားနှင့် ရင်းနှီးမှု အကျိုးကိုလည်း ကလေးသူငယ်များ ရရှိနိုင်ပါသည်။

ပညာရှင်များ ယခုသုံးထားသော စကားလုံးများနှင့် အဓိပ္ပာယ်များထက် ပိုမိုကောင်းမွန်သင့်မြတ်သည့် စကားလုံးများ အဓိပ္ပာယ်များကို ဤကျမ်းကို လေ့လာဖတ်ရှုသူများက အကြံပေးစေလိုပါသည်။ ထိုသို့ အကြံပေးချက်များကို လေးလေးစားစား လေ့လာပြီး ဆီလျော်သည့်အချက်အလက်နှင့် စကားလုံးများကို အစားထိုးပြောင်းလဲရန် အသင့်ဖြစ်ပါသည်။

ဤကျမ်းတွင် ပါဝင်သည့် ပညာရပ်ဆိုင်ရာ အထွေထွေဗဟုသုတများကို လိုသလိုရွေးနုတ်၍ ဆည်းပူးနိုင်ကြပါသည်။ ကလေးသူငယ်များအတွက်ဟု ဆိုသော်လည်း ဤကျမ်းကို ဖတ်ရှုလေ့လာခြင်းဖြင့် ကလေးလူကြီးမရွေး ဗဟုသုတပွားများ၍ အသိဉာဏ်များ ပိုမိုအားကောင်းလာကြမည်။ ထို့ထက် တစ်ဆင့်တက်၍ သိလိုစိတ် စူးစမ်းရှာဖွေလိုစိတ်နှင့် သုတပွားလိုစိတ်များ ဆက်ကာဆက်ကာ ဖြစ်ပေါ်လာကြပါက ဤကျမ်းထုတ်ဝေရခြင်း၏ရည်ရွယ်ချက်အောင်မြင်သည်ဟု မှတ်ယူရပေမည်။

ပညာရေးဝန်ကြီးဌာန

# မာတိကာ


| | စာမျက်နှာ |
|---|---|
| **အင်းဆက်ပိုးများ** | ၇ |
| **အင်းဆက်ပိုးလောက** | ၈ |
| အင်းဆက်ပိုး၏အမျိုးနီးစပ်များ | ၁၀ |
| အင်းဆက်ပိုးတို့၏ ထူးခြားသည့်လက္ခဏာများ | ၁၂ |
| အရေခွံလဲခြင်း | ၁၄ |
| ပျံသန်းခြင်း | ၁၆ |
| အာရုံခံခြင်း | ၁၈ |
| ဘဝဖြစ်စဉ်–အသွင်ပြောင်းပုံများ | ၂၀ |
| မျိုးပွားခြင်း | ၂၂ |
| ရန်သူ့ဘေးမှလှည့်စားကာကွယ်ပုံ | ၂၄ |
| **အင်းဆက်ပိုးမျိုးစဉ်များ** | ၂၆ |
| သက်ရှိရှေးအင်းဆက်ပိုးများ | ၂၆ |
| လေထဲတွင်လှည့်လည်ပျံသန်းခြင်း | ၂၈ |
| သိမ်မွေ့သည့်ပုစဉ်းငယ်မျိုးများ | ၃၀ |
| သက်တမ်းတိုသည့်မေပျံကောင်များ | ၃၁ |
| ပိုက်ကွန်ပုံတောင်ပံရှိအင်းဆက်ပိုးများ | ၃၂ |
| လိပ်ပြာ၊ ဖလံနှင့်စကစ်ပါများ | ၃၅ |
| ပျံနေသောပန်း (လိပ်ပြာ) များ | ၃၆ |
| မျိုးဆက်ကွာခြားမှု | ၃၈ |
| မီးရောင်တိုးသည့် ပိုးဖလံများ | ၄၀ |
| အကျည်းတန်ဘဝမှ လှပခြင်းသို့ | ၄၂ |
| သက်ကြီးကောင်အလေ့အထနှင့် ခုခံကာကွယ်မှု | ၄၄ |
| စကစ်ပါများ | ၄၆ |
| စက်ဆုပ်ဖွယ်အင်းဆက်ပိုးများ | ၄၇ |
| ကြမ်းတမ်းသောအင်းဆက်ပိုးအုပ်စု | ၄၈ |
| ပိုးတောင်မာများ | ၅၄ |
| အပင်စားပိုးတောင်မာများ | ၅၆ |
| သားစားပိုးတောင်မာများ | ၆၀ |
| သန့်ရှင်းရေးပိုးကောင်များ | ၆၂ |
| ဘတ်ပိုးများ | ၆၄ |
| ဘတ်ပိုးအစစ်များ | ၆၈ |
| နှောင့်ယှက်တတ်သောဘတ်ပိုးများ | ၇၀ |
| ရှုပ်ဖျက်အင်းဆက်ပိုးများ | ၇၂ |
| လမ်းလျှောက်သော တုတ်နှင့်သစ်ရွက်များ | ၇၆ |
| ညထွက်အင်းဆက်ပိုးများ | ၇၉ |

စုပေါင်းနေအင်းဆက်ပိုးများ ၈၀

ဆောက်လုပ်–ဖျက်ဆီးသူများ ၈၀

အလုပ်များသည့်ပုရွက်ဆိတ်များ ၈၂

အကြံကောင်းသောနကျယ်များ ၈၄

စက္ကူလုပ်သည့်နကျယ်များ ၈၈

ပျားများ ၈၉

ပျားအုံအတွင်းဝယ် ၉၀

တကောင်ချင်းနေပျားများ ၉၂

ပင့်ကူများ ၉၄

သက်ဝင်လှုပ်ရှားနေသော အင်းဆက်ပိုးလောက ၁၀၂

အင်းဆက်ပိုးများကိုနှိမ်နင်းခြင်း ၁၀၄

ချိပ်၊ ပျားရည်နှင့်ပိုးချည် ၁၀၆

ဝေါဟာရစာရင်း ၁၀၉


မျက်နှာဖုံးပုံ

ကမ္ဘာလောကအတွင်းသို့ ဝင်ရောက်ခါစ ရှိခိုးကောင်သားငယ်သည် 'ဖလီဗိန်း' အပင်၏ အရွက်နုများပေါ်တွင် ရွက်စိမ်းများနှင့် ရောနှောနားနေပုံ ဖြစ်သည်။ ဤမျိုးစိတ်၏ မူလဒေသမှာ အာရှတိုက်ဖြစ်၏။ ယခုအခါ မြောက်အမေရိက တတိုက်လုံးတွင် ပျံ့နှံ့လျက်ရှိသည်။

# အင်းဆက်ပိုးများ

မြက်ခင်းတခုကို အမှတ်တမဲ့ကြည့်လျှင် သာမန်မြက်ခင်းအဖြစ်သာ မြင်ရမည်ဖြစ်သော်လည်း သေချာစွာလေ့လာလျှင် လှုပ်ရှားနေသော 'အင်းဆက်ပိုး' များစွာကို တွေ့ရမည်ဖြစ်၏။ ၎င်းတို့သည် လေ၊ မြေ၊ မြက်ပင်၊ ပန်းပွင့်များကြားတွင် လှုပ်ရှားသွားလာနေကြသည်။

အင်းဆက်ပိုးမျိုးစိတ် ၁၀၀,၀၀၀ ခန့်ရှိသည်။ နှစ်သန်းပေါင်းများစွာကပင် ရှိလာခဲ့ပြီး ရှေးဦးတွားသွား သတ္တဝါများ ထက်ပင် ရှေးကျသည်။ ပျောက်ကွယ်သွားပြီးဖြစ်သော အင်းဆက်ပိုးအများစုနေရာ၌ အင်းဆက်ပိုးမျိုးသစ်များက အစားထိုးလာကြသည်။ ပုစဉ်းကြီး၊ ပိုးဟပ်တို့ကဲ့သို့သော အချို့အင်းဆက်ပိုးများမှာမူ ယနေ့တိုင် ရှိနေကြသည်။



ပဆုပ်ပနီနကျယ်သည် နကျယ်အများနေထိုင်ရာ လုပ်သောအုံမှ ခေါင်းပြူကြည့်နေသည်။



အရှေ့တောင်အာရှတောထဲ၌နေပြီး အရွက်များသာစားသော ပိုးနားသန်ကောင်ကြီးများ။ ထိလိုက်သောအခါ ခန္ဓာကိုယ်လုံးသွားသည်။

# အင်းဆက်ပိုးလောက

## ဝမ်းကောင်အသွင်ဘိုးဘေးများ

အင်းဆက်ပိုးတကောင်ကို အခွံခွာ၍ ခြေထောက်များဖြုတ်ပြီးကြည့်လျှင် 'ဝမ်း' ကောင်နှင့် အလွန်နီးစပ်သည့် လက္ခဏာများကို တွေ့ရလိမ့်မည်။ အင်းဆက်ပိုးအပါအဝင် အခွံပါပြီး ခြေဆစ်ရှိသောအကောင် (အာသရိုပေါ့) များသည် တီကောင်ကဲ့သို့သော ဝမ်းကောင်မျိုးများမှ ဆင့်ကဲပေါ် ပေါက်လာကြသည်ဟု သိပ္ပံပညာရှင်များက ယူဆကြသည်။ တီကောင်တို့၏ ခန္ဓာကိုယ်ပြင်ပမှ အချွဲလွှာသည် ကာလရွေ့လျောလာသောအခါ ဓာတုဓာတ်ပြောင်းလဲမှုကြောင့် မာကျောလာပြီး အခွံမာဖြင့်ဖုံးအုပ်ထားသော သတ္တဝါမျိုးများကို ပေါ် ပေါက်လာစေသည်။

ဝမ်းကောင်သည် ရေဖြည့်ထားသော ပူဖောင်းရှည်နှင့် တူ၏။ အရေခွံ၏ကြွက်သားများက ၎င်း၏ ကိုယ်ကို တောင့်တင်းအောင်၊ ပျော့ပျောင်းအောင်၊ ပုံသဏ္ဌာန်ပြောင်းအောင် ပြုလုပ်ပေးသည်။ အခေါင်းပေါက်ရှာဖွေရန် ရှေ့ပိုင်းကိုမာကျောစေပြီး အခေါင်းပေါက် တွေ့ပါက ကိုယ်နောက်ပိုင်းကို ရှေ့သို့ဆွဲ၍ အတွင်းသို့ ဝင်နိုင်သည်။ သို့သော် ခန္ဓာကိုယ်ကို ပုံစံအမျိုးမျိုးဖြင့် မလှုပ်ရှားနိုင်ပေ။

ရှေးကျသော 'အာသရိုပေါ့' များသည် ဝမ်းကောင်နှင့်တူသော ခန္ဓာကိုယ်တလျှောက်တွင် ခြေထောက်များပေါ် ပေါက်လာသောအကောင် ဖြစ်၏။ ပိုးနားသန်ကောင်၊ ကင်းခြေများတို့နှင့် သဏ္ဌာန်တူသည်။ ပိုးနားသန်ကောင်များသည် အကောင်ဖြစ်စအရွယ်တွင် ခြေထောက်အနည်းငယ်သာပါ၍ ကြီးပြင်းလာသည်နှင့်အမျှ ကိုယ်အဆစ်များပိုလာပြီး ခြေထောက်များလည်း ပိုလာသည်။ အချို့ ပိုးနားသန်ကောင်များသည် အရွယ်ငယ်စဉ် ခြေထောက် ခြောက်ချောင်းသာရှိသည်။ ထို့ကြောင့် အင်းဆက်ပိုးများသည် ထိုခြေထောက် ခြောက်ချောင်းရှိသော သားလောင်းများမှ ဆင်းသက်လာသည်ဟု ယူဆကြသည်။

## ပယ်ရီပက်တတ်မျိုးစု – အတိတ်၏သဲလွန်စ

'ပယ်ရီပက်တတ်' ခေါ် နူးညံ့သော ဝမ်းကောင်တမျိုးတွင် ဝမ်းကောင်နှင့် အာသရိုပေါ့တို့၏လက္ခဏာ တဝက်စီပါသည်ဟု ယူဆနိုင်သည်။ ခန္ဓာကိုယ်ရှည်ခြင်း၊ ခြေသည်းပါ ခြေထောက်အစုံများရှိခြင်း၊ ဦးမှင်ရှည်များရှိခြင်းတို့က အာသရိုပေါ့နှင့် တူစေသည်။ သို့သော် အာသရိုပေါ့တွင်ရှိသကဲ့သို့ အခွံမာမရှိ၊ ကိုယ်တွင်းခေါင်း၌ အကန့်လည်း မရှိပေ။

ပယ်ရီပက်တတ်သည် စိတ်ဝင်စားဖွယ်ကောင်းသော ရှေးပြေးသဲလွန်စကောင်ဖြစ်သည်။ လွန်ခဲ့သောနှစ် သန်းပေါင်း ၇၀၀ ခန့်က ပယ်ရီပက်တတ်နှင့်တူသော အကောင်များသည် ပင်လယ်ထဲ၌ သက်ရှိထင်ရှား နေထိုင်ခဲ့ကြောင်း ကျောက်ဖြစ်ရုပ်ကြွင်းများအရ သိရသည်။ ၎င်းအကောင်မျိုးအချို့မှ အခွံမာနှင့် အဆစ်ရှိခြေထောက်ပါအကောင်မျိုးများ ပေါ် ပေါက်လာသည်ဟု ယုံကြည်ရ၏။



မလေးရှားပြည် ဂူတွင်းနေ ကင်းခြေများ၏ ပုံဖြစ်သည်။ (အပေါ် ပုံ) ။အချိုငယ်ပြီး အချို ၂၆ ဆင်တီမီတာခန့် ရှိသည်။ အရှေ့တောင်အာရှ တောတွင်းနေပြီး သစ်ရွက်ကြွေများနှင့် ရေညှိများကိုစားသော ပိုးနားသန်ကောင် (အောက်ပုံ)

တောင်အာဖရိကမှ ပယ်ရီပက်တတ်မျိုးစုသည် သစ်တော ပိုးနား သန်ကောင်ရန်ကို ခုခံကာကွယ် အနိုင်ရပြီး ထွက်သွားပုံ။ (မျက်နှာချင်းဆိုင် အပေါ် ပုံ)။ မျက်နှာချင်းဆိုင် အောက်ပုံမှာ တီကောင်၏ပုံ ဖြစ်သည်။







# အင်းဆက်ပိုး၏ အမျိုးနီးစပ်များ

အင်းဆက်ပိုး၊ ကဏန်း၊ ပင့်ကူနှင့် ကင်းခြေများတို့သည် အမျိုးနီးစပ်များ ဖြစ်ကြသည်။အင်းဆက်ပိုးများသည် အုပ်စုအကြီးဆုံးဖြစ်သော်လည်း ၎င်းတို့သည် 'အာသရိုပိုဒါ'မျိုးပေါင်းစု၏ အမျိုးတမျိုးသာလျှင် ဖြစ်သည်။ အဆစ်များရှိသည့် ခြေထောက်များအပေါ် မူတည်၍ အာသရိုပိုဒါဟု ခေါ်တွင်ခြင်းဖြစ်သည်။ အခွံမာနှစ်ခုဆက်သည့်ကြားတွင် ပျော့ပျောင်းပြီး ကွေးနိုင်သော အရစ်များရှိသည်။ ကြွက်သားစုများ လှုပ်ရှားနေသည်နှင့်အမျှ ပျော့ပျောင်းပြီး ကွေးနိုင်သောအရစ်များသည်လည်း လှုပ်ရှားလျက်ရှိသည်။

'အာသရိုပေါ့'တို့၏ ခန္ဓာကိုယ်သည် သီးခြားဆစ်ပိုင်းများဖြင့် ပိုင်းခြားလျက်ရှိသည်။ ပုရွက်ဆိတ်၏ လှုပ်ရှားသွားလာမှုကို သေချာစွာကြည့်လျှင် ၎င်းတို့၏ ခန္ဓာကိုယ်တွင် ဆစ်ပိုင်းများ အစီအရီရှိကြောင်း တွေ့ရသည်။ အာသရိုပေါ့သည် 'ဝမ်း'ကောင်ကဲ့သို့ ကိုယ်ကို ဆန့်ထုတ်နိုင်စွမ်း မရှိချေ။ သို့သော် ပြင်ပအခွံ မာခြင်းကြောင့် တိကျသောလှုပ်ရှားမှု ရှိသည်။ အာသရိုပေါ့၏အခွံကို ပြင်ပအရိုးဟုခေါ်သည်။ လူ၏အတွင်းအရိုးနှင့် မတူပဲ အာသရိုပေါ့တို့၏ ပြင်ပအရိုးသည် ပျော့ပျောင်းသည့် အတွင်းသားများကို ဖုံးအုပ်ကာကွယ်သည့်အပြင် ခန္ဓာကိုယ်၏ တိကျသောပုံသဏ္ဍာန် ကိုလည်း ပေါ်လွင်စေသည်။

ပြင်ပအရိုးကိုကြည့်ခြင်းအားဖြင့် အင်းဆက်ပိုးလောကတွင် အလွန်ကြီးမားသောအကောင်များ မရှိနိုင်ကြောင်း သိရသည်။ အဘယ်ကြောင့်ဆိုသော် ပြင်ပအရိုးသည် သေးငယ်သောသတ္တဝါအတွက်သာ သင့်လျော်ပြီး ကြီးမားသောသတ္တဝါအတွက် မသင့်လျော်သောကြောင့် ဖြစ်၏။ရေ၌နေသော အချို့ကဏန်းများနှင့်၎င်းတို့၏အနွယ်များသာ ရေထဲ၌ကိုယ်အလေးချိန် လျော့နည်းသောကြောင့် အရွယ်ကြီးသည်။



## ကိုက်ဖြတ်ကောင်များနှင့် ဖမ်းချုပ်ကောင်များ

'အာသရိုပိုဒါ' မျိုးပေါင်းစုတွင် အုပ်စုကြီးနှစ်ခုရှိသည့်အနက် မေးရိုးပါပထမအုပ်စုတွင် အင်းဆက်ပိုး၊ ကဏန်း၊ပုစွန်၊ ပုစွန်တုပ်၊ ရေလှေး၊ 'ဘာနကယ်'၊ 'ဆိုးဘတ်' သို့မဟုတ် 'ပေးဘတ်'ပိုး၊ ကင်းခြေများ၊ ပိုးနားသန်ကောင်နှင့် ၎င်းတို့၏အနွယ်များ ပါဝင်သည်။ ဤကဲ့သို့သော 'အာသရိုပေါ့'အားလုံးတို့တွင် ဦးမှင်ပါသည့် သီးခြားဦးခေါင်းနှင့် ကိုက်ဖြတ်နိုင်သည့်မေးရိုးများရှိ၏။

ဒုတိယအုပ်စုဖြစ်သော စွန်ကုပ်အတက်ပါ အကောင်များတွင် ဦးမှင်အစားလက်သည်းချွန်နှင့်တူသော စွန်ကုပ်အတက်ညှပ်တမျိုး ပါ၏။ ၎င်းညှပ်တံများဖြင့် လက်လှမ်းမီရာ အကောင်ကိုဖမ်းချုပ်နိုင်သည်။ကင်းမြီးကောက်နှင့် ပင့်ကူများသည် ဤကဲ့သို့သော အကောင်မျိုးဖြစ်၏။ ပင့်ကူများ၏ စွန်ကုပ် အတက်တွင်အစွယ်ပါပြီး သားကောင်ကိုထိုးသတ်ရာ၌ အသုံးပြုသည်။ ဤနည်းဖြင့် အင်းဆက်ပိုးဦးရေကို ထိန်းချုပ်ပေး၏။ဤအုပ်စုကြီးတွင်ပါသောအကောင်တို့၏ ခန္ဓာကိုယ်ကိုရှေ့ပိုင်းနှင့် နောက်ပိုင်း(ဝမ်းဗိုက်ပိုင်း)ဟူ၍ နှစ်ပိုင်းခွဲထား၏။

## အင်းဆက်ပိုးများကို အုပ်စုခွဲခြင်း

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ကျော်ခန့်က ဆွီဒင်လူမျိုး ရုက္ခဗေဒပညာရှင် ကားလ် ဗွန် လင်း သည် လက်လှမ်းမီသမျှ သက်ရှိအားလုံးတို့ကို တူညီသည့်လက္ခဏာများအပေါ် မူတည်ပြီး အုပ်စုကြီး၊အုပ်စုခွဲ၊အုပ်စုငယ် အစရှိသည်ဖြင့် ခွဲခြားသတ်မှတ်၏။ အင်းဆက်ပိုးအားလုံးသည် 'အင်းဆက်တာ' မျိုးပေါင်းတွင် ပါဝင်ပြီး ၎င်းမျိုးပေါင်းကို ထပ်မံ၍ မျိုးစဉ်များ ခွဲထားသည်။

မျိုးစဉ်အမည်များ၏ စာလုံးကို 'တရာ'ဖြင့် အဆုံးသတ်သည်။ 'တရာ' ဟူသည်မှာတောင်ပံဟုအဓိပ္ပာယ်ရပြီး တောင်ပံအမျိုးအစားအလိုက် အင်းဆက်ပိုး မျိုးစဉ်များကို ခွဲခြားသည်။ ဥပမာ–ပါးလွှာသော တောင်ပံရှိအုပ်စု၊ မာသောတောင်ပံရှိအုပ်စု အစရှိသည်တို့ဖြစ်၏။ စားသောက်သည့် အလေ့အထ၊ ပါးစပ်အစိတ်အပိုင်းပုံစံ၊ အမြီးပုံစံ၊ ဥမှသက်ကြီးကောင်အထိ ကြီးပြင်းလာသည့်ပုံစံများကိုကြည့်၍လည်း အုပ်စုများခွဲကြ၏။ မျိုးစဉ် တ ခု တည်း တွင် ပါဝင်သော အကောင်တို့သည် ဆင့်ကဲဖြစ်စဉ်ချင်း တူညီကြောင်းတွေ့ရ၏။



# အင်းဆက်ပိုးတို့၏ ထူးခြားသည့်လက္ခဏာများ

အင်းဆက်ပိုးများနှင့် ၎င်းတို့၏ ‘အာသရိုပေါ့’ အမျိုးနီးစပ်များ တူညီပုံမှာ ပြင်ပအရိုးရှိခြင်း၊ အဆစ်ပါ ခြေထောက်များရှိခြင်း၊ ခန္ဓာကိုယ်အဆစ်များ ရှိခြင်းတို့ ဖြစ်သည်။ ကွာခြားပုံမှာ အင်းဆက်ပိုး၏ကိုယ်ကို ဦးခေါင်းပိုင်း၊ ရင်ပိုင်းနှင့် ဝမ်းဗိုက်ပိုင်းဟူ၍ သုံးပိုင်းခွဲထားခြင်း ဖြစ်သည်။ ဦးခေါင်းပိုင်းတွင် ဦးမှင်တစ်စုံနှင့်ပါးစပ်အစိတ်အပိုင်း၊ ရင်ပိုင်းတွင် ခြေထောက်သုံးစုံနှင့်တောင်ပံများ၊ ကိုယ်ပိုင်းတွင် မျိုးပွားအင်္ဂါများ ရှိသည်။





တောင်ပံကြောများ
တောင်ပံ
တောင်ပံကြွက်သားများ
သွေးလွှတ်ကြောမ
မေးရိုးကြွက်သားများ
ရိုးရိုးမျက်စိသုံးခု
ဦးမှင်အာရုံကြော
ဦးမှင်ကြွက်သားများ
ဦးမှင်
လည်ချောင်း
မေးရိုးများ
စုပေါင်းမျက်စိ
ဆူး
စကွအာရုံကြောများ
ဦးနှောက်
ဆူး
စုပ်ယူနိုင်သည့်ပါးစပ်အစိတ်အပိုင်းများ



# အရေခွံလဲခြင်း

အင်းဆက်ပိုးများနှင့် အခြား'အာသရိုပေါ့'များသည် အရွယ်ကြီးလာချိန်တွင် မူလအရေခွံ (ပြင်ပအရိုး) များကို ချွတ်လိုက်ကြသည်။ အရေခွံသစ်လဲချိန်ရောက်လျှင် အရေခွံဟောင်းသည် ခန္ဓာကိုယ်မှကွာစပြုသည်။ အရေခွံဟောင်း၏ အတွင်းဘက်တွင် အရေခွံသစ် ဖြစ်ပေါ်လာသည်။ ၎င်းသည် ပျော့ပျောင်းပြီး ဆန့်နိုင်စွမ်းရှိသည်။အရေခွံသစ် အဆင်သင့်ဖြစ်သောအခါ အရေခွံဟောင်းမှာ အက်ကြောင်းများပေါ်လာသည်။ သတ္တဝါသည် အရေခွံဟောင်းအတွင်းမှ တိုးထွက်လာပြီး အရေခွံဟောင်းကို ထားပစ်ခဲ့သည်။

သတ္တဝါသည် အရေခွံသစ်ကို လေဖြင့်သော်လည်းကောင်း၊ ရေဖြင့်သော်လည်းကောင်း မှုတ်ပေးရသည်။ ထိုအခါ အရေခွံသစ်သည် အရွယ်ကြီးလာပြီး ပုံပန်းကျလာသည်။ အရေခွံသစ် မမာမချင်း အစာမစားချေ။ အချိန်အနည်းငယ်ကြာလျှင် အခွံ အရွယ်ကြီးပြီး မာလာသည်။ ဤအခွံသစ်သည်လည်း တဖန် ကျပ်တည်းလာပြန်ရာ နောက်ထပ်အရေခွံလဲရပြန်၏။ ဤသို့ဖြင့် သတ္တဝါသည် တဖြည်းဖြည်း ကြီးထွားလာသည်။

## လှုပ်ရှားသွားလာခြင်း

အင်းဆက်ပိုးများသည် စွယ်စုံအားကစားသမားများကဲ့သို့ လှုပ်ရှားမှုအမျိုးမျိုးကို ပြုလုပ်နိုင်ကြသည်။ ပုရွက်ဆိတ်နှင့် ပျားတို့သည် မိမိတို့ကိုယ်ထက် အဆပေါင်းများစွာလေးသည့်အရာများကို ဆွဲနိုင်သည်။ သေးငယ်သော ပျံကောင်များသည် တောင်ပံများကို ၁ စက္ကန့်အတွင်း အကြိမ် ၁၀၀၀ ခန့် ရိုက်ခတ်နိုင်သည်။ လှေးများသည် ကိုယ်အရှည်၏ အဆ ၂၀၀ မျှ ခုန်နိုင်ပြီး သစ်သီးယင်များသည် ၆ နာရီကြာမျှ မရပ်မနားပျံသန်းနိုင်ကြသည်။

'ဆိုးဘတ်'ခေါ် သစ်ပိုး အရေခွံလဲနေသည်။ (ဝဲပုံ)။ ချွတ်လဲထားသော အဖြူရောင် အရေခွံဟောင်းကို ထင်ရှားစွာမြင်နိုင်၏။



ခူကောင် (ပေါက်ဖတ်) သည် ဝမ်းဗိုက်ပိုင်းကို ကွင်းသဏ္ဍာန်ပြုလုပ်ပြီး ခန္ဓာကိုယ်ကို ရှေ့သို့ဆန့်ထုတ်ခြင်းဖြင့် သွားလာသည်။ ထိုသွားလာပုံအဆင့်ဆင့်ကို ပြထားသည်။



အခုန်ကောင်းသည့် အင်းဆက်ပိုးများ — ရေမွှားသည် အရိုးခွကို အားပြုပြီး ခုန်နေသည်။ နှံကောင်သည် နောက်ခြေထောက်ကို အားပြုပြီး ခုန်နေသည်။



ပုရွက်ဆိတ်ငယ်သည် အဆမတန်ကြီးမားသော သစ်စေ့ဘစေ့ကို အုံရှိရာသို့ သယ်ယူနေသည်။ (အထက်ပုံ)

ဤကဲ့သို့ပြုလုပ်နိုင်ခြင်းအကြောင်းမှာ အင်းဆက်ပိုးတို့သည် အရွယ်သေးငယ်သောကြောင့် ဖြစ်သည်။ အကယ်၍ အင်းဆက်ပိုးတို့သည် နဂိုအရွယ်၏ နှစ်ဆဖြစ်လျှင် အထက်ပါစွမ်းရည်များကို ထိရောက်အောင် ဆောင်ရွက်နိုင်မည် မဟုတ်တော့ချေ။

ကြီးသောသတ္တဝါများသည် ငယ်သော သတ္တဝါများထက် ခန္ဓာကိုယ် အချိုးအစားအလိုက် တုတ်ခိုင်လေးလံသော ကြွက်သားများနှင့် အရိုးများ ရှိရန်လိုအပ်သည်။ထို့ကြောင့် သေးငယ်သောအင်းဆက်ပိုးများသည် ကြီးမားသော အင်းဆက်ပိုးများထက် ဖျတ်လတ်သည်။

အင်းဆက်ပိုးများတွင် ခြေထောက်ခြောက်ချောင်းရှိခြင်းက သွားလာရာ၌ ပို၍အခွင့်သာစေသည်။ခြေထောက်ခြောက်ချောင်းရှိသည့်အနက် သုံးချောင်းစီကို တမျိုးစီသုံးသည်။ဥပမာ – ကိုယ်တဘက်မှ အလယ်ခြေ တစ်ချောင်းနှင့် အခြားတဘက်မှ ရှေ့ဆုံးနှင့်နောက်ဆုံးခြေထောက်များကို သွားလာရာ၌ သုံးလျှင် ကျန်ခြေထောက်သုံးချောင်းသည် မြေကြီးပေါ်၌ ခန္ဓာကိုယ်ကို ရပ်တည်နိုင်ရန် ထိန်းပေးသည်။

အင်းဆက်ပိုး အများစုသည် ညီညာသောမြေပြင်ပေါ်၌သာ နေကြသည် မဟုတ်ပေ။ အမျိုးမျိုးသော မျက်နှာပြင်များပေါ်၌ သွားလာလှုပ်ရှားနေကြသည်။ လေထဲ၌ လှုပ်ရှားနေသည့်သစ်ရွက်များကို မြဲမြံစွာချိတ်တွယ် ထားနိုင်ရန် ၎င်းတို့၏ခြေထောက်များထိပ်ဘက်ရှိ ညှပ်တွင် **ခြေသည်းအစုံများ** ပါရှိသည်။ ယင်ကောင်တို့၏ ခြေထောက်ထိပ်ရှိ ခြေသည်းများကြားတွင် စွတ်စိုသော အမွေးငယ်စုများ ပါရှိသည့် စေးကပ်သောအဖတ်ငယ်ရှိသည်။ ဂလင်း (အကျိတ်) များမှ စစ်ထုတ်သည့်အရည်က ၎င်းအဖတ်ငယ်ကို ကပ်နိုင်သော စွမ်းအား ပေးသည်။ ထို့ကြောင့်ပင် ယင်ကောင်များသည် မျက်နှာကြက်ပေါ်တွင် ကျင်လည်စွာ လမ်းလျှောက်နိုင်ခြင်း ဖြစ်သည်။



ခြေထောက်၌ချိတ်ထားသော လေပူဖောင်းမှတဆင့် ရေနေပိုးတောင်မာ အသက်ရှူနေပုံ။ ရေမျက်နှာပြင်၌ နေနိုင်ရန်လည်း လေပူဖောင်းကိုအသုံးပြုသည်။



## ပျံသန်းခြင်း

ပျံသန်းနိုင်ခြင်းသည် အင်းဆက်ပိုးများကို အကျိုးပြုသည်။ ထို့ကြောင့်လည်း အင်းဆက်ပိုးများသည် အုပ်စုတခုအနေဖြင့် အောင်မြင်စွာ ရပ်တည်နေနိုင်ခြင်းဖြစ်သည်။ လေယာဉ်ပျံများတွင် မလှုပ်ရှားနိုင်သော တောင်ပံများနှင့် သီးခြား စက်ဟူ၍ရှိသည်။ အင်းဆက်ပိုးတို့တွင်ကား အမျိုးမျိုးအဖုံဖုံလှုပ်ရှားနိုင်သော တောင်ပံရှိပြီး သွားလိုရာသို့ သွားလာနိုင်ကြသည်။ ဤကဲ့သို့သော လှုပ်ရှားခြင်းများကို ကြွက်သားစုများက ထိန်းချုပ်ပေးသည်။ ကြွက်သားစုအများသည် တောင်ပံများနှင့် တိုက်ရိုက်ဆက်စပ်နေခြင်းကား မရှိပေ။

ၗင်းတို့သည် နည်းအမျိုးမျိုးဖြင့် ပျံသန်းနိုင်ကြသည်။ တောင်ပံရိုက်ခတ်ပျံသန်းရာတွင် အောက်သို့ရိုက်ချက်၌ ပင့်အားရမည်ဖြစ်သော်လည်း အထက်သို့ တည့်တည့် မတင်ခဲ့လျှင် ကိုယ်ကို ဖိချရာရောက်မည် ဖြစ်သည်။ ထို့ကြောင့် ဤသို့ ပျံသန်းရာတွင် တောင်ပံကို အထက်သို့ ပြန်ပင့်တင်ရာ၌ လေ၏ခုခံမှုနည်းစေရန် တစောင်းလှည့်၍ မတင်သည်။ အခြား ပျံသန်းခြင်း တမျိုးမှာ တောင်ပံတစ်စုံကို ရိုက်ခတ်ခြင်းမပြုပဲ ကျန်တောင်ပံ တစ်စုံကိုသာလျှင် ရိုက်ခတ်ခြင်း ဖြစ်သည်။ အရှိန်ရလာသောအခါ မလှုပ်ရှားသည့် တောင်ပံသည် အင်းဆက်ပိုးကို လေထဲ၌ ရပ်တည်နိုင်စေရန် အထောက်အကူပြုသည်။

ပုစဉ်းကြီးကဲ့သို့သော အင်းဆက်ပိုးတို့သည် ၎င်းတို့၏ တောင်ပံစုံများကို တလှည့်စီရိုက်ခတ်မှုကြောင့် လေထဲ၌ အမြဲရပ်တည်နေနိုင်ခြင်းဖြစ်သည်။ လိပ်ပြာနှင့် ပျားတို့၏ ကိုယ်တဘက်စီရှိ ရှေ့နှင့်နောက် တောင်ပံများသည် တွယ်ဆက်နေကြပြီး တပြိုင်တည်း အလုပ်လုပ်ကြသည်။ ပိုးတောင်မာများသည် တောင်ပံတစ်စုံကိုသာ ပျံသန်းရာတွင် အသုံးပြုပြီး ကျန်တစ်စုံကိုမူ လေထဲ၌ ရပ်တည်နိုင်ရန် အသုံးပြုသည်။

ပုစဉ်းငယ်၏တောင်ပံများ (မျက်နှာချင်းဆိုင်အပေါ်ပုံ)။ ရှေ့တောင်ပံတစ်စုံနှင့် နောက်တောင်ပံတစ်စုံသည် လွတ်လပ်စွာရိုက်ခတ်သည်။ အထက်သို့တက်ရန် ရှေ့တောင်ပံစုံကိုရိုက်ခတ်ပြီး အောက်သို့ဆင်းရန် နောက်တောင်ပံစုံကို ရိုက်ခတ်သည်။

ဘီးပုံခြေသည်းရှိ ပိုးတောင်မာမျိုးသည် ရှေ့တောင်ပံမာတစ်စုံကို ဖွင့်ထားခြင်းဖြင့် ကျန်တောင်ပံပျော့တစ်စုံကို လွတ်လပ်စွာလှုပ်ရှားခွင့် ပေးထားသည်။
(မျက်နှာချင်းဆိုင်အောက်ပုံ)

ပုစဉ်းရင်ကွဲသည် အပင် သို့မဟုတ် ချုံပေါ်သို့ နားရန် ဆင်းသက်နေပုံ။ ရပ်နားချိန်တွင် တောင်ပံနှစ်စုံစလုံးကို ကိုယ်ပေါ်၌ အမိုးကဲ့သို့ မိုးထား၏။



ပါးလွှာနူးညံ့သောတောင်ပံတွင် အကြေးခွံများစွာပါရှိခြင်းကြောင့် ခြင်သည် လေလာရာလမ်းကို စူးစမ်းနိုင်စွမ်းရှိသည်။







ယင်ကောင်၏ စုပေါင်းမျက်စိသည် အကွက်ငယ်များဖြင့်ပြီးသည်။ အကွက်ငယ်တခုသည် မြင်ကွင်း၏အပိုင်းငယ်ကိုသာ မြင်ရသည်၊ စုပေါင်းကြည့်မှ မြင်ကွင်းတခုဖြစ်လာသည်။



ရိုးတံရှည်ပါ မျက်လုံးအနီများရှိခြင်းသည် အာဖရိကမှ ယင်တမျိုးအား ရိုးတံပါမျက်လုံးရှိယင် ဟူသောအမည်နှင့် လိုက်ဖက်စေသည်။

## အာရုံခံခြင်း

အင်းဆက်ပိုးတို့သည် မြင်နိုင်သည်၊ အနံ့ခံနိုင်သည်၊ ကြားနိုင်သည်၊အရသာခံနိုင်သည်။ သို့သော် ၎င်းတို့၏ အာရုံခံအင်္ဂါများစွမ်းရည်သည် ကမ္ဘာပေါ်ရှိ အခြားသတ္တဝါတို့၏ စွမ်းရည်နှင့်မတူချေ။ အင်းဆက်ပိုးတို့သည် ကျွန်ုပ်တို့ကို ကြောက်စရာ အကောင်ကြီးများအသွင် မြင်ကြသည်ဟု ကျွန်ုပ်တို့တွေးထင်ကြသည်။ အမှန်မှာ အင်းဆက်ပိုးတို့သည် အရွယ်အစားစားကို ကွဲပြားစွာတွေ့မြင်နိုင်ကြသည် မဟုတ်ချေ။ လှုပ်ရှားနေသည့် အရာဝတ္ထုများကိုသာ ခပ်ရေးရေးမြင်နိုင်ကြပြီး အရောင်အဆင်းအချို့ကိုသာ မြင်ကောင်း မြင်နိုင်လိမ့်မည်။ ၎င်းတို့၏မျက်စိသည် ၁ မီတာကျော်နေရာမှ ဝတ္ထုပစ္စည်း၏ ပုံပန်းသဏ္ဌာန်ကို မခွဲခြားနိုင်တော့ချေ။သို့သော် လှုပ်ရှားမှုကိုကား တိကျစွာသိမြင်နိုင်သည်။

ယင်ကောင်ငယ်ကို တခုခုနှင့်ရှယ်လိုက်လျှင် ရုတ်တရက် ပျံသွားခြင်းမှာ ဝတ္ထု၏အရိပ်သည် ၎င်း၏မျက်စိပေါ်သို့ ကျရောက်သောကြောင့် ဖြစ်စေ၊ ခန္ဓာကိုယ်ပေါ်ရှိအမွေးငယ်များက လေ၏လှုပ်ရှားမှုကို သိနိုင်သောကြောင့် ဖြစ်စေ အန္တရာယ်ကိုသိပြီး လျင်မြန်စွာပျံသွားခြင်းဖြစ်သည်။

အင်းဆက်ပိုးအများစု၏ ခန္ဓာကိုယ်ပေါ်ရှိ အမွေးများ၏တုန်ခါမှုကြောင့် ၎င်းတို့သည် အသံတမျိုးမဟုတ်တမျိုးကို ကြားနိုင်သည်။ ဥပမာ–ပတ်ချာလှည့်ပိုးတောင်မာသည် ရေလှိုင်းငယ်၏ပဲ့တင်သံကိုလိုက်၍ လိုရာသို့မှန်ကန်စွာ သွားနိုင်သည်။ နှံကောင်၊ ပုစဉ်းရင်ကွဲ၊ ပုရစ်၊ ဖလံများနှင့် အချို့အင်းဆက်ပိုးများသည်သာလျှင် ၎င်းတို့၏ခြေထောက် သို့မဟုတ် ဝမ်းဗိုက်ပိုင်းရှိ ကြားနိုင်သည့်အင်္ဂါစုံများကြောင့် အသံလာသည့်လမ်းကို သိကြသည်။



'ဆက်တာနစ်' ဖလံ အထီး၏ ငှက်မွေးသဏ္ဌာန် ဦးမှင်တွင် အမ၏အနံ့ကို သိနိုင်သော အာရုံခံဆဲလ်များ ရှိသည်။



ဦးမှင်တစ်ချောင်းကို အတွင်းသို့သွင်းလိုက် အခြားတစ်ချောင်းကို အပြင်သို့ ထုတ်လိုက်ဖြင့် နကျယ်သည်ရွှံ့အိမ်ကို ဆောက်လုပ်နေသည်။



နှံကောင်၏နားသည် ရင်ပိုင်း၌ရှိပြီး အသံကို တိုက်ရိုက်ကြားနိုင်သည်။ လူတို့၏နားစည်နှင့် သဏ္ဍာန်တူသော နှံကောင်၏ နားစည်ကို ဤပုံတွင် ထင်ရှားစွာ မြင်နိုင်သည်။

ငင်းတို့ထဲမှ အချို့သည် ကျွန်ုပ်တို့မကြားနိုင်သော အသံများကိုပင် ကြားနိုင်စွမ်း ရှိကြသည်။

အင်းဆက်ပိုးများသည် ဦးမှင်ကိုလှုပ်ရှားခြင်း၊ တွန့်လိမ်ခြင်း၊တို့ထိခြင်းဖြင့် အနံ့၊ အထိအတွေ့၊ အသံ၊ အပူချိန်နှင့် စိုထိုင်းခြင်းတို့ကို သိနိုင်သည်။ ပါးစပ်ဖြင့် အရသာခံမှုနည်းပြီး ခြေများဖြင့် ထူးခြားစွာ အရသာခံစားနိုင်သည်။

ဓာတုပစ္စည်းအမျိုးမျိုးကို သိနိုင်စွမ်းနှင့်တုံ့ပြန်နိုင်စွမ်းများသည် အင်းဆက်ပိုးတို့အတွက် အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့၏လောကတွင်ဓာတုပစ္စည်းများကိုအခြေခံပြီး ကြင်ဖော်ရှာခြင်း၊အစာရှာခြင်းနှင့် ဥများဥရန် နေရာရှာခြင်းတို့ကို ပြုလုပ်နိုင်သောကြောင့် ဖြစ်သည်။ ၎င်းတို့သည် ဘိုးဘွားများ စားသောက်သည့်အစာမျိုးကိုသာ ဆက်လက်စားသောက်ကြသည်။ မျိုးစိတ်တခုစီသည် ဓာတုပစ္စည်းအချို့ကိုသာ သိကြသည်။ သို့သော် အနံ့အရသာတို့ကို တိတိကျကျသိကြပုံမှာမူ အံ့ဩလောက်ပေသည်။



ပုရစ်များသည် မိတ်ဖက်များကို အသံဖြင့်ဆွဲဆောင်သည်။ ခြေထောက်ရှိ ချိုင့်ငယ်များအတွင်း၌ တည်ရှိသောနားဖြင့် တုန်ခါခြင်းကို သိသည်။ (အထက်ပုံ)



ဤပုရွက်ဆိတ်၏ ကိုယ်ပေါ်မှ အမွေးငယ်များသည် အာရုံခံအင်္ဂါများ ဖြစ်ကြသည်။ ဓာတုပစ္စည်းလှုံ့ဆော်ခြင်း၊ အပူအအေး၊ ပတ်ဝန်းကျင်အခြေအနေတို့ကို သိနိုင်စွမ်းရှိသည်။

# ဘဝဖြစ်စဉ်-အသွင်ပြောင်းပုံများ

နေ့စဉ်တွေ့မြင်နေကျ အင်းဆက်ပိုးတို့တွင် များသောအားဖြင့် တောင်ပံများ မရှိပေ။ သို့ပါလျက် အင်းဆက်ပိုးအားလုံးလိုလို ပျံသန်းနိုင်စွမ်းရှိကြသည်မှာ အံ့ဩစရာ ဖြစ်နေသည်။

အကယ်စင်စစ် တောင်ပံမရှိသော အကောင်များသည် အများအားဖြင့် အရွယ်မရောက်သေးသော အကောင်များသာဖြစ်ပြီး စားသောက်ခြင်းဖြင့် အချိန်ကို ကုန်လွန်စေသည်။ သက်ကြီးကောင်ဖြစ်မှ တောင်ပံများ ပေါ်ပေါက်လာသည်။ ၎င်းတောင်ပံများအားဖြင့် မိတ်ဖက်ရှာခြင်း၊ ဥများဥရန် နေရာရွေးချယ်ခြင်းနှင့် သွားလာခြင်းပြုကြသည်။ ၎င်းတို့၏ သက်တမ်းကို နှစ်ပိုင်းပိုင်းထားသည်။ ပထမပိုင်းသည် ဒုတိယပိုင်းထက်ရှည်ကြာပြီး စားသောက်ခြင်းဖြင့် အချိန်ကုန်သည်။ ဒုတိယပိုင်းသည် မျိုးပွားခြင်း၊ ပျံ့နှံ့ခြင်းတို့ဖြင့် အချိန်ကုန်သည်။

အင်းဆက်ပိုးဘဝဖြစ်စဉ် တလျှောက်တွင် အသွင်ပြောင်းခြင်းများ ရှိသည်။ မပြည့်စုံသော အသွင်ပြောင်းခြင်းတွင် သက်ငယ်ကောင်သည် သက်ကြီးကောင်နှင့်တူသော်လည်း ရင်ပိုင်းတွင် တောင်ပံ၊ ဝမ်းဗိုက်ပိုင်းတွင် မျိုးပွားအင်္ဂါများ မဖွံ့ဖြိုးသေးပေ။ ဥပမာ'ဘတ်'ပိုးအနွယ်များ၊ပိုးဟပ်များ၊ နှံကောင်များနှင့် ပုစဉ်းများ၏ ပိုးမမည်များသည် နောက်ဆုံးအကြိမ် အရေခွံလဲခြင်းဖြင့် သက်ကြီးကောင်ဘဝသို့ ကူးပြောင်းသည်။ ပုစဉ်းကြီး၏ ပိုးမမည်များသည် ရေတွင်နေပြီး ပါးဟက်ဖြင့် အသက်ရှူကြသည်။

ပြည့်စုံသော အသွင်ပြောင်းခြင်းတွင် သက်ငယ်ကောင်သည် သက်ကြီးကောင်နှင့် လုံးဝမတူ၊ နေထိုင်ပုံလည်းမတူ၊ အစာလည်းမတူပေ။ ဥပမာ– အရွက်စားခူဘဝမှ ပန်းဝတ်ရည်စုပ် လိပ်ပြာဘဝသို့ အသွင်ပြောင်းခြင်း ဖြစ်သည်။ ပြည့်စုံသော အသွင်ပြောင်းခြင်းတွင် ဥဘဝ၊ သားလောင်းဘဝ၊ ပိုးရုပ်ဖုံးဘဝ၊ သက်ကြီးကောင်ဘဝဟူ၍ အဆင့်လေးမျိုးရှိသည်။ လောက်ကောင်မှ ယင်ကောင်ဖြစ်လာခြင်း၊ ခူကောင်မှဖလံနှင့် လိပ်ပြာဖြစ်လာခြင်းတို့သည် ဥပမာများဖြစ်သည်။ ပိုးရုပ်ဖုံးဘဝတွင် လှုပ်ရှားမှုမရှိ၊ ဤအချိန်တွင် သက်ငယ်ဘဝမှ ဆဲလ်အများစု ပျက်စီးကုန်ပြီး ကျန်ဆဲလ်များ ဖွံ့ဖြိုးလာသည်။ ထို့ကြောင့် သက်ကြီးကောင်တွင် ပါးစပ်အစိတ်အပိုင်းများ၊တောင်ပံများ၊ ခြေထောက်များနှင့် မျိုးပွားအင်္ဂါများပေါ်ပေါက်လာခြင်း ဖြစ်သည်။



အထက်ပါပုံများနှင့် စာမျက်နှာ ၂၁ ပါပုံများသည် ပျံလွှားအမြီးလိပ်ပြာ၏ ဥမှ သက်ကြီးကောင်ထိ ဘဝဖြစ်စဉ်ကို ပြသည်။ ဝဲဘက်ထိပ်ပုံမှာ ဥကိုဖောက်၍ ဦးခေါင်းဖြင့် ခူကောင်ထွက်လာပုံ ဖြစ်သည်။ ခူကောင်သည် ပထမရက်များတွင် အရောင်ပြောင်းလဲခြင်းများ ဖြစ်ပေါ်သည်။ ပထမတွင် အစိမ်းနက်ရောင်၌ အဖြူစက်များ၊ ၎င်းနောက် ထင်ရှားသော အစင်းများ၊ ၎င်းမှတဖန် အစိမ်းရောင်နှင့် ပန်းနုရောင်အစက်များ ပေါ်ထွက်လာသည်။ ပိုးရုပ်ဖုံးဘဝသို့ ကူးပြောင်းရန် ပိုးအိမ်ရက်ပြီး သစ်ကိုင်းနှင့် တွယ်ကပ်ထားသည်။ ပိုးအိမ်ကို ဖောက်၍ တောင်ပံဆန့်ပြီး သက်ကြီးကောင် ပေါ်ထွက်လာသည်။ ပေါက်ခါစ အညိုရောင် ခူဘဝမှ မျက်နှာချင်းဆိုင်စာမျက်နှာတွင် ပြထားသည့်အတိုင်း လှပသောလိပ်ပြာဖြစ်လာ၏။



# မျိုးပွားခြင်း

သက်ကြီးကောင် အင်းဆက်ပိုးတို့တွင် အထူးပြုပြင်ထားသော ပါးစပ်အစိတ်အပိုင်းများရှိသည်။ ၎င်းပါးစပ်အစိတ်အပိုင်းတို့သည် အစာစားရန်သာမက မျိုးပွားရန်လည်း အသုံးဝင်၏။ ခြင်အမများသည် ၎င်းတို့၏ဥများ အာဟာရရရှိစေရန် သွေးစုပ်ခြင်း ဖြစ်သည်။ ဥမှ အကောင်ငယ် ပေါက်သည်အထိ လုံလောက်သောအာဟာရကို ဥတွင် သိုမှီးထားဖို့လိုသည်။

အင်းဆက်ပိုးတို့သည် ကုန်းပေါ်တွင် ဖိုမဆက်ဆံခြင်းဖြင့် သန္ဓေအောင်နိုင်စေသည်။ ရေထဲတွင်မူ အဖို၏သုက်ကောင်သည် ဥများရှိရာသို့ ရေကူးသွားနိုင်သည်။ သို့သော် သန္ဓေအောင်ကောင်းမှ အောင်မည်။ ထိုဖြစ်ရပ်မျိုးသည် ကုန်းပေါ်တွင်မူ မဖြစ်နိုင်ချေ။ အဖို၏သုက်ကောင်ကို အမ၏ မျိုးပွားလမ်းကြောင်းထဲသို့ တိုက်ရိုက်ထည့်သွင်းပေးရသည်။ ၎င်းကို သုက်သိုအိတ်အတွင်း၌ သိုလှောင်ထားသည်။





ရှိခိုးကောင်သည် အမြှုပ်ကဲ့သို့သော ဥများဥပြီး မာသောအိတ်ငယ်ကို ပြုလုပ်၏။ (ဝဲပုံ)။ ဖလံများ သစ်ရွက်ပေါ်တွင် မိတ်လိုက်နေပုံ (ယာပုံ)။ အထီးသည် မိတ်လိုက်ညှပ်ဖြင့် အမ၏ ဝမ်းဗိုက်ဖျားကို မြဲမြံစွာ တွယ်ထားသည်။



ပိုးစုန်းကြူး အထီးများသည် ၎င်းတို့၏အလင်းရောင်ကို ဖွင့်လိုက်ပိတ်လိုက် ပြုလုပ်ခြင်းဖြင့် မိတ်ဖက်ရှာနေသည်။



ရေပိုးလားသည် ဥများကို အထီး၏ကျောပေါ်သို့ ဥချနေသည်။ ဥများသည် ၁၀ ရက်မှ ၁၅ ရက်ထိ အထီး၏ကျောပေါ်၌ နေပြီးမှ သားပေါက်သည်။



ဒိုင်းပုံ'ဘတ်'ပိုးအမသည် ဥများနှင့် ပေါက်ခါစအကောင်ငယ်များကို ၁၀ ရက်ခန့် စောင့်ရှောက်သည်။ ဤကာလအတွင်း အစာလည်းမစား၊ နေရာမှလည်း မထွက်ချေ။

## မိတ်ဖက်ကိုဆွဲဆောင်ပုံ

ဖိုမဆက်ဆံရာတွင် မျိုးစိတ်တခုအတွင်းမှ အကောင်များသည် မိမိတို့အမျိုးတူဖြစ်ကြောင်း သိရန်အရေးကြီးသည်။ ဖိုမတို့သည် အသွင်ဖြင့်သာမဟုတ် အလင်း၊ အသံ၊ အနံ့၊ အထိအတွေ့နှင့် အလေ့အထတို့ဖြင့်လည်း အမျိုးတူမတူ သိကြသည်။ 'အကပ်ပုံကောင်' အဖို့အချို့သည် အမအားလက်ဆောင်အဖြစ် မိမိဖမ်းလာသော အင်းဆက်ပိုးများကိုပေးသည်။ ဤကဲ့သို့ မိတ်ဖက်ရှာသည့်အလေ့အထကို ပိုးပန်းသည်ဟု ခေါ်သည်။ အကြောင်းမှာ ဖိုမပေါင်းသင်းရန် အဖိုနှင့်အမတို့သည် အချက်ပြ ဆက်သွယ်ကြသောကြောင့်ဖြစ်သည်။

## ဥ ဥခြင်း

ဥများသည် အချိန်ကြာမြင့်စွာ အမ၏ကိုယ်တွင်း၌ သိုလှောင်ခံထားရပြီးမှ ရင့်မှည့်လာကြသည်။ ဥကို လွှတ်ထုတ်နေသည့် တချိန်တည်းမှာပင် သုက်သိုအိတ်မှ သုက်ကောင်များကိုပါ လွှတ်ထုတ်လိုက်သည်။ သုက်ကောင်သည် ဥ၌ရှိသော အပေါက်ငယ်မှ တိုးဝင်ပြီး ပြင်ပသို့ဥမချမီ အချိန်လေးတွင် သန္ဓေအောင်စေသည်။ဥ ဥရန် သင့်လျော်သည့်နေရာတွင် ဥများကိုဥချသည်။ အချို့အင်းဆက်ပိုးများတွင် ဥ ဥတံများရှိသည်။ ဥများပြင်ပသို့ ရောက်လာသောအခါ မာလာသည်။ ခြောက်သွေ့ခြင်းနှင့် ချမ်းအေးခြင်းဒဏ်ကို အချိန်ကြာမြင့်စွာ ခံနိုင်စွမ်းရှိကြသည်။



ဝတ်ရည်စုပ်ယူနေသော'ဟိုဗာ'ယင်သည် နကျယ်အသွင်ဆောင်နေသဖြင့် ငှက်များ၏အန္တရာယ်မှ လွတ်မြောက်သည်။

# ရန်သူ့ဘေးမှ လှည့်စားကာကွယ်ပုံ

ဦးမှင်များနှင့် အမွေးအချို့က အင်းဆက်ပိုးများအား အစာရှာရန်နှင့် ရန်သူကိုရှောင်ရှားရန်အထောက်အကူပြုသည်။ သို့သော်တိုက်ခိုက်ချိန်တွင် ကာကွယ်ရန် လက်နက်လိုသည်။ အချို့ အင်းဆက်ပိုးများတွင် လက်သည်းများ၊ စေးကပ်သောကော်များ၊ အမျှင်များ၊ အနံ့ဆိုးသည့် အဆိပ်ရည်များရှိသည်။ အင်းဆက်ပိုးအချင်းချင်းတို့၏ ဘေးရန်နှင့် ပင့်ကူ၊ ဖား၊ ငှက်၊ အင်းဆက်ပိုးစားသည့် နို့တိုက်သတ္တဝါတို့၏ဘေးရန်မှ လွတ်မြောက်ရန် အမြဲ တိုက်ပွဲဝင်နေရသည်။

မျိုးခြားစားကောင်ကြီးများ၏ ရန်ကိုခုခံရန် အင်းဆက်ပိုးများတွင် လက်နက်များမရှိ၊ ကာကွယ်မည့် အခြားနည်းများကို သုံးရသည်။အရောင်တောက်ပခြင်းကြောင့် အဆိပ်ရှိသောအသွင်ကိုဆောင်ခြင်းထက် မမြင်နိုင်အောင် ပုန်းကွယ်ခြင်းက ပိုများသည်။ သစ်ရွက်အရောင်၊ သစ်ခေါက်အရောင်တို့နှင့် တပြေးတည်းဖြစ်နေခြင်းကြောင့် ငှက်များ၏ရန်မှ လွတ်ကင်းသည်။ အတုခိုး၊ အယောင်ဆောင်ခြင်းကိစ္စသည် လွန်စွာကျယ်ပြန့်၏။ အချို့သည် သစ်ကိုင်းပေါ်တွင်နားနေပြီး သစ်ကိုင်းလှုပ်တိုင်း လိုက်လှုပ်နေသောကြောင့် သစ်ကိုင်း၏အစိတ်အပိုင်းဟု ထင်မှတ်ရသည်။ အချို့သည် တကယ်အဆိပ်ရှိသော အင်းဆက်ပိုးတို့၏ အရောင်အဆင်းရှိခြင်းကြောင့် ငှက်များ၏ဘေးမှ လွတ်ကင်းသည်။ ဥပမာ—အရောင်တပြေးတည်းရှိသော လိပ်ပြာအုပ်ကြီးတွင် မျိုးစိတ်တစ်ခုသာလျှင် အဆိပ်ရှိပြီး ကျန်သောမျိုးစိတ်များတွင် အဆိပ်မရှိ၊ ရောနှောနေထိုင်ခြင်းဖြင့် ရန်သူ့ဘေးမှ လွတ်မြောက်သည်။



ကျောက်ပုစွန်ဖလံခူကောင်သည် မိမိခန္ဓာကိုယ်ကို ကြောက်မက်ဖွယ်ရာ အကောင်သဏ္ဍာန် ဖန်တီးပြီး ရန်သူ့ဘေးမှ ကာကွယ်နေသည်။



ဤပုံတွင်ပါသော ခူကောင်မျိုး၏ကိုယ်ပေါ်တွင် ပွင့်ချပ်များဖြင့် တန်ဆာဆင်ထားခြင်းကြောင့် ရန်သူများနှောင့်ယှက်ခြင်းမှ ကာကွယ်နိုင်၏။





အရှေ့တောင်အာရှရှိ ဦးမှင်ရှည် နှံကောင်မျိုး (ယာအပေါ်ပုံ) သည် ပီလောပီနံအရွက်နှင့် ရွက်ကြောများ ဖြာနေပုံမှအစ ဆင်တူယိုးမှားရှိနေ၏။ ဆူးသဏ္ဍာန်ရှိ'ဘတ်'ပိုး (ယာပုံ) သည်လည်း နှင်းဆီဆူးနှင့် သဏ္ဍာန်တူနေသည်။

## အင်းဆက်ပိုးမျိုးစဉ်များ

အင်းဆက်ပိုးမျိုးစဉ်များကိုသိမှသာ အဘယ်ကြောင့် ပိုးစုန်းကြူးကို ယင်ကောင်အုပ်စုတွင်မထားပဲ အခွံမာ (ပိုးတောင်မာ) အုပ်စုတွင် ထားကြောင်း နားလည်မည်။ အင်းဆက်ပိုး၏ ဇီဝစက်ကိုပိုသိလျှင် ၎င်းတို့၏ ပုံသဏ္ဌာန် အမျိုးမျိုးကို သဘောပေါက်မည်။ ၎င်းတို့၏စားသောက်ပုံ အလေ့အထကို ကြည့်ခြင်းဖြင့် အဖျက်ပိုးများ၊ ဝတ်မှုန်ကူးပိုးများ၊ ရောဂါကူးပိုးများဟူ၍ ခွဲခြားသိနိုင်သည်။







ဤပုံ၌ပါသော ရေမွှားများသည် စွတ်စိုနိုင်သည့် ခြေထောက်ငယ်ကိုအသုံးပြုလျက် ရေစိုထဲတွင် မြဲမြံစွာရပ်တည်နေပြီး အရိုးခွကိုသုံး၍ ရန်သူ့ဘေးမှ လွတ်မြောက်ရန် ခုန်လွှားကြသည်။

## သက်ရှိရှေးအင်းဆက်ပိုးများ

ရှေးမျိုးနွယ် အင်းဆက်ပိုးတို့တွင် တောင်ပံမရှိ၊ အသွင်ပြောင်းခြင်းလည်းမရှိပေ။ အချို့အကောင်များကို အင်းဆက်ပိုးများမဟုတ်ဟုအငြင်းပွားကြသည်။ 'ဒိုင်ပလူရာ'မျိုးစဉ်မှ အကောင်များတွင် တောင်ပံများမရှိ။ပုံမှန်မဟုတ်သော ပါးစပ်အစိတ်အပိုင်းများသည် အိတ်ငယ်အတွင်း၌ ရှိသည်။ ၎င်းတို့သည် ခြေခြောက်ချောင်းပါ သားလောင်းဘဝမှ ကြီးပြင်းလာကြသော အပြူရောင် မျက်ကန်းအင်းဆက်ပိုးများဖြစ်ပြီး လိုဏ်ဂူများ၊ စွတ်စိုထိုင်းမှိုင်းသောနေရာများတွင် နေသည်။

'ကိုလင်ဘိုလာ'မျိုးစဉ်မှ ရေမွှားကောင်များသည် သေးငယ်များပြားပြီး နေရာအနှံ့ ရှိသည်။ ရေမျက်နှာပြင်ပေါ်တွင်ပင် သွားလာပြီး ရန်သူကို ရှောင်ရန် အထက်သို့ ခုန်လွှားနိုင်၏။

ငွေရောင်စာအုပ်ပိုးများနှင့် အမွေးကြမ်းအမြီးကောင်များသည် အင်းဆက်ပိုးများနှင့် ပိုမိုနီးစပ်သည်။ အကောင်ငယ်နှင့် သက်ကြီး ကောင် တို့၏ ခန္ဓာကိုယ်သည် တည်ဆောက်ပုံချင်း တူ၏။ ကြီးထွားလာသည့် သက်တမ်းတလျှောက်လုံးတွင် အရေခွံများ လဲ၏။ ၎င်းတို့၏ ပါးစပ်အစိတ်အပိုင်းများ၊ မျက်စိများနှင့် ဥပြွန်များကို ကြည့်ခြင်းဖြင့် တောင်ပံပါ အင်းဆက်ပိုးများ၏ အခြေခံအကောင်များ ဖြစ်သည်ဟု ယူဆနိုင်၏။ လေထဲတွင် ကိုယ်ကိုထိန်းနိုင်ခြင်းက တောင်ပံ ပေါ်ပေါက်လာမည့် ရှေ့ပြေးလက္ခဏာ ဖြစ်သည်။

### တောင်ပံရှိ ရှေးအင်းဆက်ပိုးများ

ရှေးမျိုးနွယ် အင်းဆက်ပိုးများ၏ တောင်ပံများသည် ပျံသန်းနိုင်သော်လည်း နားနေချိန်တွင် ဝမ်းဗိုက်ပေါ်၌ ခေါက်သိမ်းနိုင်စွမ်း မရှိပေ။ ကျောက်ဖြစ်ရုပ်ကြွင်းများက ရှေးအခါက တောင်ပံရှိအင်းဆက်ပိုးမျိုးစဉ်များရှိကြောင်း သက်သေပြသည်။ယနေ့ထက်တိုင်ရှိနေသေးသောမျိုးစဉ်များမှာ'အိုဒိုနေတာ' (ပုစဉ်းကြီးနှင့်ပုစဉ်းငယ်)နှင့်'အယ်ဖီမရော့တရာ' ('မေ'ပျံကောင်)တို့ဖြစ်၏။

ပုစဉ်းများနှင့် မေပျံကောင်တို့၏ ပိုးမမည်များသည် ရေထဲ၌ ပါးဟက်ဖြင့် အသက်ရှူ၍ လပေါင်းနှစ်ပေါင်းများစွာ နေနိုင်ကြသည်။ အရေခွံ အကြိမ်ကြိမ် လဲပြီးမှ သက်ကြီးကောင်အဖြစ်ဖြင့် ကုန်းပေါ်တက်၍ နေထိုင်၏။ ကုန်းပေါ်နှင့်လေထဲတွင် နေထိုင်သည့် ကာလမှာတိုတောင်းသည်။ အရွယ်ရောက် မေပျံကောင်များသည် နာရီအနည်းငယ်သာ အသက်ရှင်နိုင်၏။

အမွေးကြမ်းအမြီးကောင်သည် အမြင့်မှကျလာပြီး ခြေထောက်များဖြင့် အလိုက်သင့် ညင်သာစွာ ရပ်တည်နေနိုင်၏။ (ဝဲအထက်ပုံ)။ ငွေရောင်အကြေးခွံများနှင့် ပြဒါးကဲ့သို့ လှုပ်ရှားနိုင်မှုအပေါ် မူတည်၍ အမည်ပေးထားခြင်းခံရသော ငွေရောင်စာအုပ်ပိုး တမျိုး (အောက်ပုံ)









ပုစဉ်းကြီးအမ ဥချနေပုံ (ဝဲအထက်ပုံ)။ ပေါက်ခါစ ပုစဉ်းကြီးသားငယ်သည် ရေ၌နေပြီး လေပြွန်ပါ ပါးဟက်ဖြင့် အသက်ရှူနေသည်။ (ယာအထက်ပုံ)။ ပိုးမမည်ကောင်သည် ငါးငယ်များအပါအဝင် သတ္တဝါငယ်အမျိုးမျိုးကို ဖမ်းစားနေ၏။ (ဝဲအောက်ပုံ)။ ငါးအကြီးများနှင့်တွေ့လျှင် ပိုးမမည်မှာ အစားခံရတတ်သည်။

ပိုးမမည်သည် ချိတ်ငယ်ပါသော နှုတ်ခမ်းကိုအသုံးပြုပြီး သားကောင်များကိုဖမ်းသည်။ ရပ်နားနေချိန်တွင် ဤချိတ်ငယ်ကို ၎င်း၏မျက်နှာရှေ့၌ထားသည်။ ပုစဉ်းကြီး၏ ပိုးမမည်သည် နောက်ဆုံးအကြိမ်အဖြစ် အရေခွံလဲနေ၏။ (ယာအောက်ပုံ)။ ပုံတွင် ကိုယ်အရှေ့ပိုင်း ရှေးဦးစွာ ပေါ်လာသည်ကို တွေ့ရသည်။



# လေထဲတွင် လှည့်လည်ပျံသန်းခြင်း

သစ်ချက်ထိပ်ကို သန်မာသောရှေ့ခြေအစုံဖြင့် ဖမ်းချုပ်ပြီးနားနေသည့် အာဖရိကပုစဉ်းကြီး



အရှေ့တိုင်းရှိ အပူပိုင်းဒေသ များတွင် အနှံ့အပြား တွေ့ရသော အနီရောင်ပုစဉ်းကြီး သစ်ကိုင်းထိပ်၌ နားနေပုံ။ စုပေါင်းမျက်စိအစုံကို ထင်ရှားစွာတွေ့ရ၏။

ပုစဉ်းကြီးများသည် မြားအဟုန်ကဲ့သို့ လျင်မြန်စွာ ပျံသန်းနိုင်စွမ်းရှိသည်။ နားနေချိန်တွင် ပါးလွှာသော တောင်ပံများကို ဘေးသို့ ဖြန့်ထား၏။ ထို့ကြောင့် အစွန်အဖျားတို့၌ နားရခြင်းဖြစ်သည်။ ပျံသန်းနေစဉ် ရုတ်တရက် ရပ်တန့်လှည့်ပတ်ပြီး ပတ်ဝန်းကျင်လှုပ်ရှားမှုကို ကြီးမား တောက်ပသော မျက်လုံးအစုံဖြင့် စူးစမ်းသည်။

ပုစဉ်းကြီးသည် ပျား၊ ဖလံနှင့် အခြားပုစဉ်းတို့ကဲ့သို့ ပျံသန်းနေသည့် အင်းဆက်ပိုးငယ်များကို နှစ် ဘက် စုံမြင် မျက်စိဖြင့် ကြည့်ပြီး ခြေထောက်များကို ခြင်းတောင်းသဏ္ဌာန်ပြုလုပ်၍ ကုပ်ဖမ်းသည်။ တခါတရံ ပျံသန်းယင်းပင် ဖမ်းမိသောအကောင်ကို စားသည်။ ၎င်းတို့၏ ပိုးမမည်များသည်လည်း သားကောင်ဖမ်းရာ၌ ကျင်လည်သည်။ ပိုးမမည်၏ဦးခေါင်းအောက်၌ ခေါက်ထားနိုင်သော နှုတ်ခမ်းဖုံးရှိသည်။ ၎င်းနှုတ်ခမ်းဖုံးထိပ်၌ ချိတ်နှစ်ခုပါ၏။ သားကောင်အနီးသို့ ရောက်သောအခါ နှုတ်ခမ်းဖုံးကို ရုတ်တရက်ဆန့်ထုတ်ပြီး ချိတ်ဖြင့်ဖမ်းယူ၍ ပါးစပ်တွင်းသို့ ဆွဲသွင်းသည်။

မိတ်လိုက်စဉ် အဖိုသည် ဝမ်းဗိုက်ထိပ်ရှိ ညှပ်ငယ်အစုံဖြင့် အမ၏လည်ကုပ်ကို ဖမ်းချုပ်လိုက်သည်။ အတူပျံသန်းယင်းပင် အမသည် ဝမ်းဗိုက်ကိုကွေးပြီး မျိုးပွားအင်္ဂါပေါက်ကို အဖို၏မျိုးပွားအင်္ဂါနှင့် တေ့ပေးလိုက်၏။ အဖိုသုက်ပိုးများကို အမ၏မျိုးပွားအင်္ဂါတွင်းသို့ သွင်းပေးသည်။အမများသည် ဥများကို ရေအောက်သို့ဥချသည်။မျိုးစိတ်အများအပြားပင် ပျံသန်းယင်း ဝမ်းဗိုက်ပိုင်းထိပ်ကို ရေထဲနှစ်ပြီး ဥချခြင်းကို အကြိမ်ကြိမ် ပြုလုပ်၏။





ဤပုံပါ အနီနှင့် အနက်ရောင်ပုစဉ်းကြီးသည် တောင်ပံ၌ ပိုက်ကွန်သဏ္ဍာန် အကြောနီများရှိခြင်းကြောင့် ပို၍ထင်ရှားသည်။

ရွှေဝါရစ်ပုစဉ်းကြီးဟု အမည်ပေးထားသော ပုစဉ်းကြီးသည် ရိုးတံကို ခြေခြောက်ချောင်းဖြင့် ချိတ်ပြီး ရပ်နားနေသည်။ (ယာပုံ)

ဝဲအောက်ပုံရှိ ပုစဉ်းကြီး၏ခန္ဓာကိုယ်သည် ပြားပြီး အဝါရောင်ရှိသည်။ ၎င်းပြင် တို၍ကျယ်ပြန့်သော ဝမ်းဗိုက်လည်း ရှိသည်။ ယာပုံရှိ ဘုရင်ပုစဉ်းကြီး၏ ခန္ဓာကိုယ်သည် နေရောင်အောက်တွင် အပြာ၊ ခရမ်း၊ အစိမ်းရောင်တို့ဖြင့် တျောက်မျက်ရတနာကဲ့သို့ တောက်ပနေသည်။







# သိမ်မွေ့သည့်ပုစဉ်းငယ်မျိုးများနှင့်

သိမ်မွေ့သည့် ပုစဉ်းငယ်မျိုးများသည် ပုစဉ်းကြီးများနှင့် အသက်ရှင်နေထိုင်ပုံချင်း တူသည်။ ၎င်းတို့၏တောင်ပံသည် သေးသွယ်ပြီး နားနေသောအခါ ကိုယ်ပေါ်သို့ ထပ်တင်ထားနိုင်သောကြောင့် ပုစဉ်းကြီးနှင့် ခွဲခြားသိနိုင်၏။ ပုစဉ်းကြီးထက်ငယ်သည်။ သေးသွယ်သည်။ စုပေါင်းမျက်စိများသည် တခုနှင့်တခု နီးကပ်ခြင်းမရှိ။ ပျံသန်းရာတွင် ပုစဉ်းကြီးများထက်နှေးသည်။



အမြီးခွပါ ပုစဉ်းငယ်မျိုးများ မိတ်လိုက်နေစဉ် ကိုယ်ပိုင်းနှစ်ခုသည် ကွင်းငယ်ပုံသဏ္ဍာန်ဖြစ်နေသည်။အမမှာ နောက်ဘက်အကောင်ဖြစ်သည်။(ဝဲအပေါ်ပုံ)။ခန္ဓာကိုယ် ရှည်လျားပြီး နောက်ဘက်တောင်ပံသည် ၁၄—၁၇ မီလီမီတာ ရှည်သည်။တောက်ပသော အနီရောင်ရှိ ပုစဉ်းငယ် (အထက်ပုံ)





တောင် ပံ များ တွင် မြ ရောင် အ ရင့် အ စက် များ ပါ သော ပုစဉ်းငယ် (ဝဲပုံ) ။ မြစ်အနီး၌နေသော ပုစဉ်းငယ်၏ ပိုးမမည်သည် စမ်းချောင်းအတွင်းရှိ ကျောက်ခဲလုံးပေါ်တွင် ရပ်နားနေသည်။ (အထက်ပုံ)

# သက်တမ်းတိုသည့် မေပျံကောင်များ

'မေ'ပျံကောင်များ၏ ပိုးမမည်အဆင့်သည် ရေထဲ၌ တစ်နှစ် သို့မဟုတ် တစ်နှစ်ထက်ပို၍ နေထိုင်နိုင်သည်။ အပင်ငယ်များကို မှီဝဲစားသုံး၏။ တခါတရံ အခြားသတ္တဝါငယ်များကိုဖမ်းစားသည်။ ပုစဉ်းကြီး၏ပိုးမမည်များ၊ဖား၊ငါးနှင့် အခြားရေနေမျိုးခြားစားကောင်များသည် မေပျံကောင်၏ ပိုးမမည်များကိုစားကြ၏။

နွေဦးရာသီ နောက်ပိုင်းတွင် မေပျံကောင်၏ ပိုးမမည်များသည် ရေပေါ်သို့ တွားတက်လာပြီး အရေခွံချွတ်၍ သက်ကြီးကောင်အဖြစ် ပျံသန်းသွား၏။ သက်ကြီးကောင်ဘဝတွင် အရေခွံတစ်ကြိမ်လဲ၏။အခြားအင်းဆက်ပိုးများ ၎င်းသို့မပြုလုပ်ပေ။ မျိုးပွားအင်္ဂါများ ဖွံ့ဖြိုးလာပြီး အုပ်စုလိုက် ပျံသန်းကာ အဖိုအမ ပေါင်းသင်းကြ၏။အမသည် ရေထဲသို့ ဥချပြီးနောက် ဥများ နစ်မြုပ်သွားသည်။ တနေ့အတွင်း ၎င်းသက်ကြီးမေပျံကောင်များ သေဆုံးသွားကြသည်။



အထက်ပုံပါ 'စတုန်း'ပျံကောင်၏ပိုးမမည်သည် ရေစီးထဲတွင်နေသည်။ မေပျံကောင်တို့၏ ပိုးမမည်နှင့် သဏ္ဌာန်တူသော်လည်း မေပျံကောင်၏ပိုးမမည်တွင် အမြီးသုံးချောင်း ပါရှိသည်။ ယာပုံပါ သက်ကြီးမေပျံကောင်သည် အစာ မစားတော့ပဲ မိတ်ဖက်ကိုသာ စောင့်နေချိန် ဖြစ်သည်။



ရှည်လျားပြီး အစိမ်းရောင်ကိုယ်ရှိသည့် ပုစဉ်းကြီး (အောက်ပုံ)။ အကြောများပြီး ကြွပ်ဆတ်သော ဇာတောင်ပံများသည် နေရောင်ခြည်အောက်တွင် တောက်ပနေသည်။



# ပိုက်ကွန်ပုံ တောင်ပံရှိ အင်းဆက်ပိုးများ

ဇာတောင်ပံပုံကောင်၊ဇီးကွက်ပုံကောင်၊ ‘ဒေါ့ဆင်’ပုံကောင်နှင့် ဖုတ်ကောင်တို့သည် ခန္ဓာကိုယ်ပျော့ပျောင်းသည့် ရှေးမျိုးနွယ်အင်းဆက်ပိုးများဖြစ်သည်။ ၎င်းတို့၏ ပုံသန်းပုံသည် ပုစဉ်းကြီး၏ ပုံသန်းပုံမျိုး ဖြစ်သည်။ ကိုယ်ကိုလှဲနိုင်ခြင်း၊ လိမ်နိုင်ခြင်းနှင့် ပိုးရုပ်ဖုံးအဆင့်ရှိပုံများသည် ပုစဉ်းကြီးများနှင့် မတူသည့် အချက်များဖြစ်၏။ သားလောင်းဘဝနှင့် သက်ကြီးကောင်ဘဝတို့တွင် ခန္ဓာကိုယ်ပျော့ပျောင်းသော အခြားအင်းဆက်ပိုးများကို စားသည်။ အချို့သားလောင်းများသည် ရေထဲ၌နေထိုင်သည်။ ပြည့်စုံသော အသွင်ပြောင်းခြင်း ရှိကြသည်။ ၎င်းတို့သည် ပိုးအိမ်အမျိုးမျိုးဆောက်လုပ်၏။ပိုးအိမ်မှ ထွက်ခါစ သက်ကြီးကောင်သည် ပုံသန်းနိုင်စွမ်းနည်းပါး၏။

## ဇာတောင်ပံ ပုံကောင်များ

ဇာတောင်ပံပုံကောင်များသည် လှပ၏။ အများအားဖြင့် အစိမ်းရောင်ရှိပြီး တောက်ပသော ရွှေရောင်မျက်လုံးများ ရှိသည်။ ကုန်းပေါ်တွင် နေထိုင်ပြီး ရန်သူမရောက်နိုင်သော အကိုင်းများပေါ်တွင် ဥများ ဥချသည်။သားလောင်းများသည် ပုကောင်နှင့် အခြား အင်းဆက်ဖျက်ပိုးများကို စားသဖြင့် ဥယျာဉ်မှူးတို့၏ မိတ်ဆွေဟု တင်စားခေါ်သည်။ ၎င်းသားလောင်းတို့သည် ပုအသေကောင်တို့၏ အရေခွံကို ကိုယ်ပေါ်တွင် တွယ်ကပ်ထားခြင်းဖြင့် ရန်သူ့ဘေးမှ ထိရောက်စွာ ကာကွယ်နိုင်သည်။ ငှက်များသည် ဇာတောင်ပံပုံကောင်တို့၏ ဆိုးရွားသော အနံ့ကြောင့် ၎င်းတို့ကို မစားကြချေ။



အစိမ်းရောင် ဇာတောင်ပံပုံကောင်၏ သက်ကြီးကောင် (အပေါ်ပုံ)။ သေးငယ်ပြီး ခန္ဓာကိုယ်အရှည် ၁၃–၁၅ မိလီမီတာနှင့် တောင်ပံအရှည် ၁၆–၂၀ မိလီမီတာရှိသည်။





အစိမ်းရောင် ဇာတောင်ပံပုံကောင်သည် ရိုးတံပေါ်တွင် ဥများကို ဥချပေးခြင်းကြောင့် ပေါက်လာသော သားလောင်းများ အချင်းချင်း ပြန်မစားနိုင်ချေ။ (အပေါ်ပုံ)။ အာဖရိကတောင်ပိုင်းမှ ဇီးကွက်ပုံကောင်သည် အပင်အစိတ်အပိုင်းတခုကို တွယ်ကပ်နေ၏။ (ဝဲပုံ)။ တောင်ပံများကို အောက်သို့ ချထားသည်မှာ ဇီးကွက်များပြုမူပုံနှင့်တူ၏။ ဦးမှင်များထိပ်တွင် ဖုလုံးတခုစီရှိသည်။



သက်ကြီးဖုတ်ကောင်၏ ခန္ဓာကိုယ်သည် ရှည်လျား၏။ ကိုယ်အရှည်မှာ ၃၅ မီလီမီတာရှိပြီးအားပျော့သော တောင်ပံမှာ ၄၅ မှ ၅၀ မီလီမီတာခန့်ထိ ရှည်သည်။

## ဖုတ်ကောင်များ

၎င်းတို့၏ သားလောင်းများသည် အခြားသက်ရှိကောင်များကို ဆန်းပြားသောနည်းဖြင့် ဖမ်း၍စားတတ်သည်။ နွေးသောရာသီတွင် သဲဖုန်ပေါသော နေရာများ၌ နေလေ့ရှိသည်။ ကတော့ပုံသဏ္ဍာန်ရှိသော တွင်းငယ်လေးများကို တူးသည်။ အကယ်၍ ပုရွက်ဆိတ်တကောင် တွင်းနှုတ်ခမ်းပေါ်သို့ ရောက်လာပါက သဲများပြိုကျ၍ဖုတ်ကောင်ပြုလုပ်ထားသော ထောင်ချောက်ထဲသို့ ကျရောက်သွားနိုင်သည်။ပုရွက်ဆိတ်အောက်သို့ မကျခဲ့လျှင် ဖုတ်ကောင်သည် သဲများဖြင့် လှမ်းပက်၍ လိမ့်ကျလာအောင်ပြုလုပ်သည်။ ဖုတ်ကောင်များသည် သဲထဲရှိ တောင့်တင်းသောပိုးအိမ်ထဲ၌ ပိုးရုပ်ဖုံး ဖြစ်လာသည်။ ၎င်းမှတဆင့် တောင်ပံရှိသော သက်ကြီးကောင် ဖြစ်လာသည်။



ဖုတ်ကောင်သားလောင်းသည် ကတော့ပုံသဏ္ဍာန်တွင်းကိုတူးပြီး ကိုယ်ကို မြေကြီးထဲ၌ မြှုပ်ထားသည်။ မေးရိုးကိုဖော်ထားပြီး လိမ့်ကျလာမည့်ပုရွက်ဆိတ်ကို စောင့်မျှော်နေသည်။





အထက်ပုံပါ ခရမ်းရောင်ကက်ဒစ်ပျံကောင်၏ နောက်ဘက်တောင်ပံများသည် ဖလံတောင်ပံကဲ့သို့ ကျယ်ပြန့်ပြီး ခရမ်းရင့်ရောင်ရှိသည်။ ဝဲဘက်ပုံပါ ကက်ဒစ်ပျံကောင်၏ သားလောင်းသည် ရေထဲရှိ ခရုခွံများကို ပုန်းအောင်းသော နေရာအဖြစ် အသုံးပြုသည်။ အခြားမျိုးစိတ်များသည် သဲများ၊ သစ်ကိုင်းများ၊ အရွက်များကိုလည်း အသုံးပြုကြသည်။

## ကက်ဒစ်ပျံကောင်များ

'ကက်ဒစ်'ပျံကောင်၏ တောင်ပံတွင် အမွေးများပါရှိသည်။ ၎င်းတို့သည် ညိုမှိုင်းသောအရောင်ရှိပြီး နေဝင်ပြီးစအချိန်တွင် ပျံသန်းလေ့ရှိ၏။ ရှေးမျိုးနွယ်ဖလံများဖြစ်သည်။ သို့သော် ဖလံ၏လက္ခဏာဖြစ်သည့် စုပ်ယူနိုင်သောပါးစပ်နှင့် ရှည်သောဦးမှုင်မပါရှိချေ။ သားလောင်း များသည် ရေအောက်တွင်နေတတ်ပြီး ပြွန်လုံးသဏ္ဌာန် အကာအကွယ်အိတ်ကို ပိုးမျှင်၊ သဲ၊ ခရုခွံ၊ အရွက်များဖြင့် ပြုလုပ်သည်။ ပါးဟက်များဖြင့် အသက်ရှူ၍ ရေထဲရှိအပင်ငယ်များနှင့် ရေထဲကျလာသော သတ္တဝါငယ်များကို စားသည်။ ပိုးရုပ်ဖုံး၏ထူးခြားချက်မှာ အသုံးပြုနိုင်သော ပါးစပ်အစိတ်အပိုင်းနှင့် ခြေထောက်များပါရှိခြင်း ဖြစ်သည်။ ဖွံ့ဖြိုးမှုပြည့်စုံသောအခါ ပိုးအိမ်ကို ကိုက်ဖြတ်၍ ရေမျက်နှာပြင်ပေါ်သို့ ကူးသွားပြီး သက်ကြီးကောင်အဖြစ် ထွက်လာသည်။ပြင်းထန်သောရေစီးကြောင်းတွင် မျောပါမသွားအောင် သက်ကြီးကောင်သည် ပိုးရုပ်ဖုံးအိမ်ထဲမှ လျင်မြန်စွာထွက်ရသည်။

## ကင်းမြီးကောက်သဏ္ဌာန် ပျံကောင်များ

၎င်းတို့သည် ရှားပါးသော်လည်း သိလွယ်သော အကောင်များ ဖြစ်သည်။ နှာရောင်နှင့်တူသော ဦးခေါင်းရှိသည်။ အဖိုများတွင် ကင်းမြီးကောက်၏ အမြီးနှင့်တူသော အမြီးပိုင်း၌ အဖိုမျိုးပွားအင်္ဂါပါသည်။ နှာရောင်တွင် ဝါးနိုင်သော ပါးစပ်အစိတ်အပိုင်းရှိပြီး သားကောင်များကိုစားရာတွင် အသုံးပြုသည်။ သားလောင်းများသည် ကုန်းနေသတ္တဝါများ ဖြစ်သည်။ ဩစတြေးလျရှိ အချို့မျိုးစိတ်များမှလွဲ၍ သားလောင်းအများစုမှာ မြေကြီးထဲ၌ပင် ပိုးရုပ်ဖုံးဘဝဖြစ်ပေါ်သည်။

ရှေးကျသော ကင်းမြီးကောက်သဏ္ဌာန် ပျံကောင်များသည် လိပ်ပြာ၊ ဖလံ၊ယင်ကောင်၊ လှေးနှင့် ကက်ဒစ်ပျံကောင်တို့၏ ဘိုးဘေးများဖြစ်သည်ဟု ယူဆရသည်။ ၎င်းတို့အားလုံးတွင် တောင်ပံအကြောများနှင့် ကိုယ်တွင်းအင်္ဂါများ တည်ဆောက်ပုံသည် ဆင်တူ၏။ အမများတွင် ဥ ဥတံမပါချေ။ အဖိုများတွင် တူညီသောမိတ်လိုက်တံများ ရှိသည်။



ကင်းမြီးကောက်သဏ္ဌာန် ပျံကောင်၏ အဖိုလိင်အင်္ဂါဖြစ်သော အမြီးဖျားပိုင်းသည် ခန္ဓာကိုယ်ပေါ်သို့ ကောက်တက်နေပုံမှာ ကင်းမြီးကောက်၏အမြီး ကောက်နေပုံနှင့် တူသည်။

# လိပ်ပြာ၊ ဖလံနှင့် စကစ်ပါများ

လိပ်ပြာ၊ ဖလံနှင့် 'စကစ်ပါ'တို့သည် အင်းဆက်ပိုးမျိုးစဉ် 'လက်ပီဒေါ့တရာ'တွင် ပါဝင်သောသတ္တဝါများ ဖြစ်ကြသည်။ တောင်ပံတွင် အကြေးအနည်းငယ်သာ ပါရှိပြီး ခန္ဓာကိုယ်ပေါ်တွင်ကဲ့သို့ အမွေး သို့မဟုတ် အကြေးခွံများ ပါရှိသည်။ ၎င်းအမွေး သို့မဟုတ် အကြေးခွံများသည် ကိုင်တွယ်သူ၏လက်များတွင် အမှုန်များအဖြစ် ကပ်ပါလာတတ်သည်။

လိပ်ပြာများတွင် တောက်ပသောအရောင်ရှိပြီး ထိပ်ဖျား၌အဖုပါသော ဦးမှင်များပါရှိ၍ သိလွယ်သည်။ တောင်ပံများမှာကြီးပြီး နားနေသည့်အခါ ကျောဘက်တွင် နှစ်ခုကပ်နေသည်။ ဖလံများတွင်မူ ဖျော့သောအရောင်ရှိ၏။ ဦးမှင်မှာ ချည်မျှင် သို့မဟုတ် ငှက်တောင်မွေးကဲ့သို့ ဖြစ်ပြီး ထိပ်၌အဖုမပါချေ။ နားနေသည့်အခါ တောင်ပံများကို ကျောပေါ်တွင် ယှက်ကာ ဝမ်းဗိုက်ပိုင်းကို အကာအကွယ် အမိုးသဖွယ် ပြုလုပ်ထားသည်။

ပန်းပင်များအနီး၌ လိပ်ပြာများကို နေ့အခါတွင်လည်းကောင်း၊ ဖလံများကိုမူ ညအခါတွင်လည်းကောင်း ၎င်းတို့၏ သက်တမ်းတလျှောက်လုံး၌ တွေ့ရ၏။ ဝတ်ရည်ကို အခေါင်းပါသည့်နှာမောင်းဖြင့် စုပ်ယူသည်။ အသုံးမပြုသည့်အခါ နှာမောင်းကို ခွေထားသည်။ သားလောင်းဖြစ်သော အပင်စားခူကောင်တွင် ဝါးနိုင်သောမေးရိုးများ ပါရှိ၏။ ၎င်းတို့သည် ပိုးချည်ကိုထုတ်လုပ်နိုင်ပြီး ပိုးအိမ်ထဲတွင် ပိုးရုပ်ဖုံးအဖြစ် နေကြသည်။



အထက်ဝဲပုံမှာ ဂေါ်ဖီထုပ်လိပ်ပြာ၏ ပါးစပ်အစိတ်အပိုင်းတွင် အခေါင်းပါနှာမောင်းကို အနီးကပ်မြင်ရပုံ ဖြစ်၏။အထက်ယာပုံမှာ ပျံလွှားအမျိုးလိပ်ပြာ၏တောင်ပံပေါ်ရှိ အကြေးခွံများကို အနီးကပ်မြင်ရပုံ ဖြစ်သည်။ အောက်ဝဲပုံမှာ ခူကောင်၏ အသက်ရှူ အင်္ဂါဖြစ်သော လေရှူပေါက်သည် အရေခွံပေါ်တွင် ပွင့်ထွက်နေပုံ ဖြစ်သည်။ အောက်ယာပုံမှာ 'လဖလံ' ခူကောင်၏ ပါးစပ် အစိတ်အပိုင်းပုံ ဖြစ်၏။ ဝါးနိုင်သော ပါး စပ် အ စိတ် အ ပိုင်း များ မှာ အောက်သို့ တွဲကျနေပြီး အစာကို အငမ်းမရ စားတတ်ကြသည်။



လိပ်ပြာများသည် မိတ်လိုက်သောအခါ အမြီးပိုင်းနှစ်ခုကို ချိတ်ဆက်ထားသည်။ အမ၏ တောင်ပံသည် ခရမ်းလွန်ရောင်ခြည်ကို ရောင်ပြန်ဟပ်ပြီး အဖိုများကို လွယ်ကူစွာ ဆွဲဆောင်နိုင်သည်။

# ပျံနေသောပန်း(လိပ်ပြာ)များ

လိပ်ပြာများသည် အင်းဆက်ပိုးမျိုးစဉ်'လက်ပီဒေါ့တရာ'၏ တစ်ဆယ်ရာခိုင်နှုန်းမျှသာရှိသည်။ ၎င်းတို့ကို နေ့အခါတွင်သာ တွေ့ရပြီး လှပသော အရောင်နှင့် သိမ်မွေ့သော အလေ့အထကြောင့် လူသိများ၏။ သို့သော် ၎င်းတို့သည် ခူကောင်ဘဝ၌ကား အများဆုံး ဖျက်ဆီးနိုင်ကြသည်။ ပိုးရုပ်ဖုံးအဆင့်တွင် သစ်ကိုင်းများ၌ ပိုးမျှင်များဖြင့် တွယ်ထားကြပြီး အန္တရာယ်မှကာကွယ်နိုင်သော ဖုံးကွယ်သည့်အရောင်များ ရှိကြ၏။

တောက်ပသောအရောင်နှင့် တောင်ပံပုံသဏ္ဌာန်သည် လိပ်ပြာများကို အမျိုးအစားခွဲရာတွင် အထောက်အကူပြုသည်။ အဖြူရောင်နှင့် ကန့်ရောင် လိပ်ပြာများသည် အလတ်စားအရွယ်ရှိပြီး တောင်ပံမှာအဖြူ၊ အဝါနှင့် တခါတရံ လိမ္မော်ရောင်ဖြင့်ပြီး၏။ ဥမှာရှည်ပြီး စောင်းပါရှိသည်။ ခူကောင်သည် အစိမ်းရောင်ဖြစ်ပြီး သေးသွယ်သည်။ အထူး အရောင်ခြယ်မထားချေ။ ပိုးရုပ်ဖုံးမှာလည်း အစိမ်းရောင်ဖြစ်ပြီး ပိုးမျှင်များဖြင့် ကာရံထား၏။ သက်ကြီးကောင်အများစုတွင် ခြေခြောက်ချောင်းစလုံးဖွံ့ဖြိုးသည်။ အချို့တွင် မဖွံ့ဖြိုး။ လှပသောအင်းဆက်ပိုးများဖြစ်သည့် 'အမွေးစည်းခြေထောက်ပါ' လိပ်ပြာများတွင် ပထမခြေအစုံမှာ အသုံးပြုရန်သေးငယ်နေသဖြင့် ခြေလေးချောင်းဖြင့်သာ သွားလာနိုင်သည်။ သားလောင်းများသည် အပင်များကိုစားသုံးသည်။ ထို့နောက် ကိုယ်နောက်ပိုင်းကို ပိုးချည်မျှင်ဖြင့်ချိတ်၍ တွဲလွဲခိုပြီး ပိုးရုပ်ဖုံးဘဝသို့ ကူးပြောင်းသည်။

ပျံလွှားအမြီးလိပ်ပြာ၊ ငှက်တောင်ပံလိပ်ပြာဟူသော အမည်များမှာ တောင်ပံပုံသဏ္ဌာန်ပေါ် မူတည်၍ ပေးထားခြင်းဖြစ်သည်။ ပျံလွှား အမြီးလိပ်ပြာ၏နောက်ဘက် တောင်ပံအစုံမှ ဆန့်ထုတ်လိုက်သော အစွန်းပိုင်းသည် ပျံလွှားအမြီးနှင့်တူသည်။ ငှက်တောင်ပံလိပ်ပြာ၏ ရှေ့တောင်ပံသည် ရှည်လျားသေးသွယ်ပြီး နောက်တောင်ပံမှာ သေးငယ်နေသဖြင့် ပျံသန်းသည့်အခါ ငှက်တောင်ပံနှင့်တူနေ၏။

အချို့လိပ်ပြာများသည် ဟန်ဆောင်တတ်သော အလေ့အထ ရှိသည်။ ၎င်းတို့သည် အရသာကြောင့် သို့မဟုတ် အနံ့ကြောင့် ငှက်များမစားသည့် လိပ်ပြာများအသွင် အတုခိုး၍ ဟန်ဆောင်နေတတ်ကြသည်။ ဥပမာ—မြောက်အမေရိကရှိ 'ဗိုင်စရွိုင်း' လိပ်ပြာသည် ငှက်များမစားသည့် 'မေ်ာနာ့' လိပ်ပြာနှင့်တူအောင် တုပထားသဖြင့် မေ်ာနာ့လိပ်ပြာကို တခါစားမိသောငှက်သည် ဗိုင်စရွိုင်းလိပ်ပြာကို မစားတော့ချေ။



ခူကောင်၏ ဖွံ့ဖြိုးမှုအဆင့်ဆင့်သည် ဥ ဥရာမှအစပြုပြီး ပိုးအိမ်တွင်းသို့ ဝင်ရောက်သွားသည့် အဆင့်၌ အဆုံးသတ်သည်။ ပျံလွှားအမြီးလိပ်ပြာသားလောင်း၏ အဓိကအစာမှာ မုန်လာဥဝါအရွက် ဖြစ်သည်။ ဥမှာ အစိမ်းရောင်ဖြစ်၍ ခူကောင်မှာ ပုံစံထူးခြားပြီး ပိုးရုပ်ဖုံးမှာ ပိုးအိမ်အတွင်း၌ ရှိနေသည်။ (အောက်ပုံများ)။ အထက်ပုံများမှာ 'ပျံလွှားအမြီးလိပ်ပြာကတိုး'၏ သားလောင်း စားသောအရွက်၊ ဥနှစ်လုံး၊ ခူကောင်နှင့် ပိုးရုပ်ဖုံး၏ ပုံများဖြစ်သည်။



ဆူမတြာရှိ တောင်ပေါ်မြစ်အနီးတွင် စုရုံးနေကြသော လိပ်ပြာအဖိုများသည် ရှည်၍အခေါင်းပါသော ပါးစပ်အစိတ်အပိုင်းများဖြင့် ရေများကိုစုပ်ယူနေသည်။

## အပွင့်ပွင့်သောအပင်များနှင့်ဆက်စပ်ပုံ

လိပ်ပြာများသည် ပန်းများမှဝတ်ရည်ကိုစုပ်ယူ၍ ပန်းတပွင့်မှတပွင့်သို့ ဝတ်မှုန်ကူးပေးခြင်းဖြင့် အကျိုးပြုကြ၏။ ဤနည်းဖြင့် အချို့အပင်များကို ပင်ခြားသန္ဓေအောင်စေသည်။ လိပ်ပြာသားလောင်းများမှာမူ ပါးစပ်အစိတ်အပိုင်းများကို အသုံးပြု၍ အပင်များကိုဖျက်ဆီးကြသဖြင့် ကောက်ပဲသီးနှံများကို နှစ်စဉ် ပျက်စီးစေသည်။

ခူကောင်တို့တွင် ရှည်လျားသော ခန္ဓာကိုယ်ရှိခြင်းကြောင့် ပန်းပင်များ၏ အရွက်ပြားများပေါ်တွင် အစာစားရန် သင့်လျော်သည်။ ဦးခေါင်းကို ရှေ့ဘက်သို့ ညွတ်၍ ခန္ဓာကိုယ်ရှေ့ဘက်ရှိ ခြေခြောက်ချောင်းနှင့် ဝမ်းဗိုက်အောက်ဘက်ရှိ ညှပ်ဆယ်ချောင်းခန့်ဖြင့် အစာကိုကိုင်တွယ်သည်။ ညှပ်တခုစီတွင် တချောင်းထိုးအပ်ထိပ်ပုံ သေးငယ်သော ချိတ်အစွန်းများ ပါရှိခြင်းကြောင့် ခူကောင်သည် အရွက်ပေါ်တွင် ချိတ်တွယ်နေပြီး အစာစားနိုင်သည်။ ၎င်းတို့သည် သစ်ရွက်ပေါ်တွင်ပေါ်နေပါက မကောင်းသော အနံ့များကို ထုတ်ခြင်းဖြင့်သော်လည်းကောင်း၊ မမြင်သာအောင် ပုံဖျက်ထားခြင်းဖြင့်သော်လည်းကောင်း ရန်သူ့ဘေးမှ ကာကွယ်နေတတ်ကြသည်။

အချို့ခူကောင်သားလောင်းများသည် အခြားအင်းဆက်ပိုးများနှင့် ထူးခြားသော ဆက်ဆံမှုဖြင့် နေထိုင်တတ်ကြသည်။ ခူကောင်မှထုတ်သော အချိုရည်ကိုပုရွက်ဆိတ်က စားပြီး တဖန် ခူကောင်များကို ပုရွက်ဆိတ်များက အကာအကွယ်ပေးတတ်ကြ၏။ တခါတရံ ပုရွက်ဆိတ်အုံတွင် ခူကောင်များကို လက်ခံတတ်သည်။ ၎င်းခူကောင်များကပင် ပုရွက်ဆိတ်သားလောင်းများကို စားကြ၏။



သစ်ရွက်သည် ခူကောင်တမျိုးကြောင့် ပျက်စီးနေသည်။ (ပထမပုံ)။ ခူကောင်သည် သစ်ရွက်ကိုဖျက်ဆီးနေသည်။ (ဒုတိယပုံ)။ စကစ်ပါခူကောင်များသည် ဝါးရွက်ကို ဖျက်ဆီးနေသည်။ (တတိယပုံ)။ စကစ်ပါခူကောင် ဖျက်ဆီးထားသော မျောက်ဥရွက် (စတုတ္ထပုံ)

# မျိုးဆက်ကွာခြားမှု





အပေါ်ပုံများမှာ ခရမ်းရောင် ဘုရင်လိပ်ပြာ၏ သားလောင်းပုံနှင့် သက်ကြီးကောင်ပုံများ ဖြစ်၏။ သက်ကြီးကောင်သည် သစ်ရည်များကိုစုပ်သည်။ အမသည် အထီးထက် အရွယ်ကြီးပြီး အထီးသည် အမထက် ပို၍လှပသည်။ အောက်ယာပုံပါ ပျံလွှားအမြီး လိပ်ပြာကို ဥရောပနှင့် အာရှရှိ သမပိုင်းဒေသများတွင် လူသိများသည်။ အရွယ်ကြီးပြီး တောင်ပံကို ဖြန့်လိုက်သည့်အခါ ၇.၅ ဆင်တီမီတာခန့်ကျယ်၏။ စိမ်းဝါရောင်၊ လိမ္မော်ရောင်နှင့် အနက်ရောင်ရှိသည့်သားလောင်း (အောက်ဝဲပုံ)









အပေါ်ဝဲပုံမှာ လိပ်ခွံလိပ်ပြာ အစာစားနေပုံဖြစ်သည်။ ကျောဘက်ရှိ အညိုရောင် အမွေးများသည် အဓိကအားဖြင့် ကာကွယ်ရန်ဖြစ်သည်။ ယာပုံမှာ မျိုးစိတ်တူ ခူကောင်တွင် ဆူးသဏ္ဍာန်အမွေးများ ပါရှိခြင်းကြောင့် ၎င်းစားသုံးသောဆူးပင်နှင့် ဆင်တူနေပုံကို ပြသည်။ အောက်ပုံမှာ အရှေ့တောင်အာရှတွင် ထင်ရှားကျော်ကြားသော ရာဂျာဘရွတ်၏ ငှက်တောင်ပံလိပ်ပြာများပုံ ဖြစ်သည်။ အစိမ်းရောင် သစ်ရွက်ပုံများဖြင့် စီခြယ်လျက်ရှိသော အနက်ရောင်တောင်ပံသည် ငှက်တောင်ပံနှင့်တူသဖြင့် ဤအမည်ပေးထားခြင်း ဖြစ်သည်။ လူမရောက်သည့်တောများတွင် နေတတ်သည်။ လိပ်ပြာအဖိုများသည် ရေပူစမ်းများတွင် ရေသောက်ရန် စုရုံးနေသည်။ (အောက်ပုံ)



# မီးရောင်တိုးသည့် ပိုးဖလံများ

ဖလံအချို့သည် နေသာသည့်နေ့မျိုးတွင် လိပ်ပြာများနှင့်အတူ သွားလာပျံသန်းလေ့ရှိကြသော်လည်း ဖလံအများစုမှာမူ ညအခါ၌သာ ပျံသန်းလေ့ရှိကြသည်။ ညို့မှိုင်းသောအရောင်ရှိသဖြင့် ၎င်းတို့ကို မြင်တွေ့နိုင်ရန် ခဲယဉ်းသည်။ မီးရောင်လင်းနေသည့် မီးသီးများတဝိုက်တွင် ဖလံများစုပြုံပျံသန်းနေသည်ကို မကြာခဏတွေ့ရပြီး မီးရောင်၏အပူဒဏ်နှင့် လွန်ကဲသော အလင်းရောင်တို့ကြောင့် ဖလံအများအပြား ပျက်စီးကုန်ကြသည်ကိုလည်း တွေ့ရတတ်သည်။ ဖလံများကို အလင်းရောင်က ဆွဲဆောင်ခြင်းမဟုတ်၊ ၎င်းတို့၏ မျက်စိများပေါ်သို့ ကျရောက်လာသည့် နေရောင်လရောင်တန်းများအတိုင်း လိုက်ပါသွားခြင်းသာ ဖြစ်သည်။ အလွန်ဝေးသော အရပ်မှလာသည့် အလင်းတန်းများသည် တခုနှင့်တခု မျဉ်းပြိုင်သဖွယ် ဖြစ်နေကြသော်လည်း အနီးအနားရှိ မီးသီး၊ မီးတောက်များမှလာသည့် အလင်းတန်းများမှာမူ ထိုသို့မဟုတ်။ ထို့ကြောင့် ကံဆိုးသောဖလံများသည် အနီးအနားရှိ မီးရောင်ရှိရာသို့ ရစ်ပတ်လှုပ်ရှားမှုမျိုးဖြင့် ရောက်ရှိသွားကြ၏။ မီးရှိရာတွင် ခရီးဆုံးပြီး မီးရောင်မှ ဝေးရာဘက်သို့ ပြန်လည်လှည့်သွားနိုင်စွမ်း မရှိတော့ပေ။

ဖလံအများစုသည် နေ့အခါ၌ နားနေတတ်ကြသဖြင့် ၎င်းတို့၏ သဘာဝရန်သူများဖြစ်သော ပင့်ကူ၊ ရှိုးကောင်၊ ပုရွက်ဆိတ်၊ ပိုးတောင်မာ၊ နကျယ်၊ ငှက်၊ ဖားနှင့် မျောက်များ၏ဘေးရန်မှ လုံလောက်စွာ ကာကွယ်နိုင်သည့် အရောင်အဆင်းရှိရန် အရေးကြီးသည်။ ထို့ကြောင့် ဖလံများတွင် ၎င်းတို့နားနေသော သစ်ရွက်၊ သစ်ခေါက်များနှင့် တူသော အရောင်အဆင်း ရှိ၏။ ဖလံသားလောင်းများသည် သစ်ရွက်စိမ်းဖြင့်လိပ်ထားသော အိမ်များတွင် နေတတ်ကြသည်။ အချို့ သားလောင်းများသည် ထိုးဖောက်ရန်ခဲယဉ်းသော ပိုးအိမ်များဖြင့် စုဝေးနေထိုင်ကြပြီး အချို့မှာမူ သစ်ရွက်များအတွင်း အခေါင်းဖောက်၍ ပိုးအိမ်ရက်လုပ်ကြ၏။



အလွန်လှပပြီး အမြီးဖျားရှူးနေသော 'အာတီးမစ်' ဖလံ၏ပုံ ဖြစ်သည်။ ၎င်းသည် အမှောင်ထဲတွင် တောက်ပနေသဖြင့် လဖလံဟု အမည်တွင်သည်။

## ဖျက်ဆီးတတ်သော အကောင်ငယ်များ

အဖိုးတန်ပင် အများအပြားသည် သေးငယ်သော အချို့ဖလံသားလောင်းများ၏ ဖျက်ဆီးမှုဒဏ် ခံကြရ၏။ ထိုသားလောင်းများသည် သေးငယ်သောအစေ့၊ အဖူးနှင့် အရွက်များကြားတွင် နေကြသည်။ အိတ်'ဝမ်း'ကောင် ခေါ် ဖလံသားလောင်းမှာ ကြီးမားပြီး သစ်ရွက်များကို စား၏။ ပိုးချည်၊ သစ်ရွက်၊ သစ်ကိုင်းများဖြင့် ပြုလုပ်ထားသော အိတ်ထဲတွင် နေပြီး ဦးခေါင်းကိုဖော်ထားရန် အပေါက်ပြုလုပ်ထား၏။ ၎င်းအိတ်သည် သားလောင်းများကိုစားမည့် အကောင်များနှင့် ပိုးသတ်ဆေးများကိုပင် ကာကွယ်နိုင်သည်။ အပူပိုင်းဒေသများတွင် အိတ်ဝမ်းကောင်အများစုသည် အစိကသီးနှံဖျက်ပိုးများ ဖြစ်ကြ၏။ အိတ်ဝမ်းကောင်များကိုနှိမ်နင်းရန် ပိုးသတ်ဆေးများသုံးရာ၌ ပို၍ဆိုးရွားမှုကို ဖြစ်စေသည်။ အကြောင်းမှာ ပိုးသတ်ဆေးသည် အိတ်အတွင်းရှိ အိတ်ဝမ်းကောင်ကိုမသေစေပဲ ၎င်းကိုစားသည့် သတ္တဝါများကိုသာ သေစေသောကြောင့် ဖြစ်၏။

အချို့ခူကောင်များသည် သစ်ရွက်များကိုစားပြီး စိုက်ပျိုးပင်များနှင့် သိုလှောင်ထားသော ပစ္စည်းများကို ဖျက်ဆီးကြသည်။ အချို့မှာမူ ခြောက်သွေ့နေသော သတ္တဝါအကြွင်းအကျန်များနှင့် ဟင်းသီးဟင်းရွက်ခြောက်များကို စားကြ၏။ ၎င်းတို့သည် လူသူမနီးသည့်အရပ်၌ ငှက်သိုက်ကဲ့သို့သောနေရာတွင် နေတတ်ကြသည်။ လူနှင့်နီးသည့်နေရာများတွင်မူ အဝတ်အထည်များကို အပေါက်များဖြစ်အောင် ဖျက်ဆီးကြ၏။ ပရုတ်လုံးများကိုသုံး၍ ၎င်းတို့၏ ရန်ကို ကာကွယ်ကြရ၏။ အချို့သည် အိမ်နံရံများပေါ်ရှိ မှိုနှင့် ဖုန်မှုန့်များကိုလည်း စားတတ်ကြသည်။



အပေါ်ပုံတွင်မြင်ရသော ဖလံတမျိုး၏ခန္ဓာကိုယ်မှာ အနက်ရောင်ပေါ်တွင် အဝါစင်းများပါရှိသဖြင့်နကျယ်ကောင်နှင့် အလွန်တူနေ၏။ ထို့ကြောင့် အနီးမြင်ငှက်များနှင့် အခြားရန်သူများကို လှည့်စားနိုင်သည်။









အထက်ဝဲပုံသည် ရွက်လိပ်ပိုးခူကောင် ခေါင်ရန်းရွက်ပေါ်၌ ရှိနေပုံဖြစ်သည်။ ၎င်းသည် အရွက်ကို အစာအဖြစ် စားသုံးသည်သာမက လိပ်ပြီး အကာအကွယ်အဖြစ်လည်း အသုံးပြု၏။ အထက်ယာပုံမှာ စင်ကာပူတွင်တွေ့ရသော အိတ်'ဝမ်း'ကောင်ခေါ် ရွက်လိပ်ဖလံ တမျိုး၏သားလောင်းသည် သစ်ကိုင်းတွင် တွဲလောင်း ခိုနေပုံဖြစ်၏။ အောက်ဝဲပုံမှာ အရှေ့တောင်အာရှတွင် တွေ့ရသော ခူကောင်၏ပုံ ဖြစ်သည်။ ၎င်းသည် အရွက်ပေါ်မှ မြင်းဖုန့်ငှ် သဏ္ဍာန်တူအောင် တုပထားသည်။ အောက်ယာပုံမှာ အာရှတွင် တွေ့ရသော စပါးဖျက်ပိုးသည် စပါးပင်စည်ကို စားသောက်နေပုံ ဖြစ်သည်။

# အကျည်းတန်ဘဝမှ လှပခြင်းသို့

ဖလံမျိုးပေါင်းများစွာတို့၏ သားလောင်းနှင့် သက်ကြီးကောင်တို့သည် ပုံသဏ္ဍာန်၊ စားသောက်ပုံ အလေ့အထ၊ အပြုအမူတို့တွင် ကွဲပြားခြားနားကြ၏။ ဆိတ်ဖလံ (တနည်း) လက်သမားဖလံသားလောင်းများသည် သစ်ပင်များကို ဖောက်ထွင်း နေထိုင်တတ်ကြသည်။ ၎င်းတို့၏ သက်ကြီးကောင်များသည် ဖလံများထဲတွင် ခန္ဓာကိုယ်အကြီးဆုံးဖြစ်၏။ ကြည်လင်သော တောင်ပံရှိဖလံ၏ သားလောင်းများသည် ပင်စည်နှင့် သစ်ကိုင်းများကို ထိုးဖောက်တတ်ကြသည်။ သက်ကြီးကောင်သည် နေ့ပိုင်းတွင် ထွက်တတ်သော ဖလံမျိုးဖြစ်ပြီး လိမ္မော်ရောင်၊ အဝါရောင်၊ အနီရောင်များရှိကြ၏။

ရွက်လိပ်ဖလံသားလောင်းများသည် ပင်စည်နှင့် အသီးကို ထိုးဖောက်စားသည်။ အလွန်ဆိုးရွားသော သစ်တောဖျက် အင်းဆက်ပိုးများ ဖြစ်ကြ၏။ ၎င်းနှင့် အမျိုးနီးသော အခြား ဖလံသားလောင်းများသည်လည်း ဆိုးရွားသော အဖျက်အင်းဆက်ပိုးများ ဖြစ်ကြသည်။





အထက်ဝဲပုံတွင် ဘုရင်ဖလံအထီးနှင့်အမနှစ်ကောင် မိတ်လိုက်ရန် တောင်ပံများကို ခတ်နေကြသည်။ ကြီးမားသော မျက်လုံးပုံအစက်များသည် ရန်သူများကို ကြောက်လန့်စေ၏။ သားလောင်းသည် သက်ကြီးကောင်နှင့်မတူပဲ အစိမ်းရောင် ခန္ဓာကိုယ်ပေါ်တွင် အနက်စင်းများ ပါရှိသည်။ (အထက်ယာပုံ)

အောက်ဝဲပုံမှာ သားမွေးကဲ့သို့ အမွေးပါသည့် ဖလံတစ်စုံ၏ပုံဖြစ်သည်။ အထီးများသည် နေ့ရောညပါ ပျံသန်းကြ၏။ အမများတွင် တောင်ပံမရှိ၊ အထီးနှင့်စာလျှင် လွန်စွာ လှုပ်ရှားမှုနည်းသည်။ အောက်ယာပုံမှာ ရောင်စုံအမွေးစုများနှင့် အမည်းရောင်ကိုယ်တွင် အနီပြောက်များပါသည့် သားလောင်းပုံဖြစ်၏။









လက်ပါးစေဖလံ၏သားလောင်း (အထက်ပုံ)။ ၎င်း၏ ရောင်စုံခန္ဓာကိုယ်ပေါ်တွင် အပြာ၊ လိမ္မော်နှင့် အခြားအရောင်အစင်းများ အလျားလိုက် ပါရှိသည်။ သက်ကြီးကောင်မှာမူ ၎င်းနားနေသည့် အရွက်များနှင့် တူအောင် ပုံဖျက်နေတတ်သည်။ ခြောက်သွေ့ တွန့်လိပ်နေသော အရွက်ပေါ်ရှိ လက်ပါးစေဖလံ (ယာပုံ)



လက်ဝဲပုံသည် ဖလံနှစ်ကောင် မိတ်လိုက်နေပုံဖြစ်သည်။ ၎င်းတို့၏ သားလောင်း (အောက်ပုံ) မှာ အမွေးထူ၏။ ၎င်းအမွေးများဖြင့် အရေပြားကို ထိုးဖောက်ကာ ပြင်းထန်စွာ ယားယံစေ၏။ ဒုကောင်သည် ၎င်း၏အမွေးများဖြင့် ခြင်းတောင်းပြုလုပ်၍ အကာအကွယ်ကင်းမဲ့သော ပိုးရုပ်ဖုံးအဆင့်တွင် နေထိုင်သည်။





အထက်ပုံမှာ ဗဟိုအမေရိကရှိ ထင်ရှားသော ဖလံတမျိုး သစ်ခေါက်ပေါ်တွင် နားနေပုံ ဖြစ်သည်။ ၎င်းကိုနှောင့်ယှက်ပါက တောင်ပံကိုရုတ်တရက်ဖြန့်လိုက်ပြီး အောက်ဘက်တောင်ပံပေါ်ရှိ ကြီးမားသော မျက်လုံးပုံအစက်နှစ်ခုကို ပြခြင်းဖြင့် ရန်သူကိုလန့်ဖျပ်စေ၍ ဘေးအန္တရာယ်မှ လွတ်မြောက်နိုင်သည်။



နေ့အခါတွင်ပျံသန်းပြီး ပန်းဝတ်ရည်ကိုစားသုံးတတ်သည့် ဖလံများကို လိပ်ပြာများနှင့် မှားယွင်းတတ်ကြသည်။ (ဝဲပုံ) ။ နားနေသည့်အခါ တောင်ပံနှစ်ခုကို ကပ်ထားသည့် ဖလံတစ်ကောင် (ယာပုံ)



စင်ကာပူမှ ဖလံတမျိုး သစ်ပင်ရိုးတံပေါ်တွင် နားနေပုံ။ ၎င်း၏ သားလောင်းများမှာ အဖျက်ပိုးများ ဖြစ်ကြသည်။

# သက်ကြီးကောင်အလှအထ



နေ့အခါတွင် ပျံသန်းသော အရှေ့တောင်အာရှမှ 'ဆင်တိုမစ်' ဖလံ ၏ ပုံဖြစ်သည်။ အရသာမကောင်း၊ အရောင်အဆင်းမှာလည်း ရန်သူကို လန့်ဖျပ်စေသည်။



ပိုးရုပ်ဖုံး ဘဝမှ သက်ကြီးကောင် ဘဝသို့ ပြောင်းခါစ ဤ 'အက်တလတ်' ဖလံ (ဆင်လိပ်ပြာ) သည် ၂၅ ဆင်တီမီတာနီးပါး ကြီးမားသောတောင်ပံကို ဖြန့်ထားသည်။

## နှင့် ခုခံကာကွယ်မှု

ဖလံများသည် သဘာဝရန်သူများဘေးမှ ကာကွယ်ရန် ပုံဖျက်ခြင်း၊ တုပခြင်း၊ အဆိပ်ရည်ထုတ်ပေးခြင်း တို့ကို ပြုလုပ်တတ်ကြသည်။ ဤကဲ့သို့ ပြုလုပ်ရာ၌ သားလောင်း၊ ပိုးရုပ်ဖုံးနှင့် သက်ကြီးကောင်အဆင့်တို့တွင် တခုနှင့်တခု ကွဲပြားမှုရှိကြသည်။ ဖလံများတွင် အကြားအာရုံခံအင်္ဂါအဖြစ် ရင်ပိုင်းနှင့် ဝမ်းဗိုက်ကြား၌ အမြှေးပါးဖြင့်ဖုံးထားသော နားပေါက် ပါရှိ၏။ ၎င်းနားပေါက်ကို အကြေးခွံများဖြင့် ဖုံးအုပ်ထားပြီး လင်းနို့များရန်မှ ကာကွယ်ရန် အသုံးပြုသည်။ လင်းနို့များသည် ကောင်းစွာမမြင်နိုင်သော်လည်း ပဲ့တင်သံကို နားထောင်ပြီး သားကောင်ကိုရှာဖွေနိုင်၏။ ဖလံများသည် လင်းနို့၏အသံကို ကြားသည်နှင့်တပြိုင်နက် တည့်တည့်မတ်မတ်မပျံသန်းပဲ ကွေ့ဝိုက်လှည့်ပတ်ကာ ပျံသန်းခြင်းဖြင့် လင်းနို့များဖမ်းယူရန်ခက်ခဲအောင် ပြုလုပ်တတ်ကြသည်။





ပိုးဟပ်နှင့်ဆင်တူသော 'ဆလော့' ဖလံ (လက်ဝဲပုံ)။ ၎င်းသည် ခူအဆင့်တွင် ဆလော့၏ မစင်ကို စားသည်။ ရွှေရောင်နှင့် နှင်းဆီရောင်စပ် ကြီးမားသည့် ဆင်သိမ်းငှက်ဖလံ ပန်းဝတ်ရည်ကို စုပ်ယူနေသည်။ (အထက်ပုံ)



အဝါရောင်အကွက်ပါ စကစ်ပါ

# စကစ်ပါများ

'စကစ်ပါ'များသည် နေ့ထွက်သော အလေ့အထ ရှိခြင်း၊ ခန္ဓာကိုယ် ကြီး မား ခြင်း၊ တင်းပုတ်ပုံ ဦးမှင် ရှိခြင်းတို့ကြောင့် ၎င်းတို့ကို လိပ်ပြာနှင့် မကြာခဏ မှားယွင်းတတ်သည်။ သို့ရာတွင် ဖလံမျိုးတွင် ပါဝင်သည်ဟု ယူဆသင့်သည်။ တောင်ပံမှာ ကိုယ်ထည်နှင့်စာလျှင် သေးသည်။ နားလျှင် တောင်ပံများကို ဘေးနှင့်နောက်သို့ ဖြန့်ကားထားသည်။ လျှင်မြန်စွာ ပျံသန်းနိုင်စွမ်း ရှိကြသည်။ ခူကောင်သည် ပိုးရုပ်ဖုံးအဆင့်သို့ ရောက် သည့် အ ခါ ရွက်လိပ်ကြား၌နေပြီး အသွင်ပြောင်းလဲခြင်းကိုဖြစ်စေ၏။ ဤနည်းဖြင့် မျိုးခြားစားကောင်တို့၏ အန္တရာယ်မှ ကာကွယ်စေနိုင်သည်။



ဒန်ဒီလိုင်ယန်ပန်းပွင့်ပေါ်ရှိ တောင်ပေါ်စကစ်ပါ



တောင့်တင်းသော ခန္ဓာကိုယ်ရှိခြင်းကြောင့် ဖလံနှင့်တူသည့် စကစ်ပါ။ နေ့အခါတွင် ပန်းဝတ်ရည်ကို စားသုံးသည်။ ၎င်း၏ နှာမောင်းနှင့် ဦးမှင်များကို ထင်ရှားစွာ တွေ့ရ၏။










ဝဲပုံမှာ စကစ်ပါ၏ ဥပုံဖြစ်သည်။ အလယ်ပုံမှာ အဝါရစ်များရှိသည့် ခူကောင်ပုံ ဖြစ်၏။ တနေ့တွင် ပိုးရုပ်ဖုံးဘဝမှ တဆင့် သက်ကြီးကောင် ဂျပန် စကစ်ပါ အပြာ အဖြစ်သို့ အသွင်ပြောင်းလိမ့်မည်။ ယာပုံမှာ သေးငယ်သော အညိုရောင် တောင်ပံစကစ်ပါ၏ ပိုးရုပ်ဖုံးအိမ်ပုံ ဖြစ်သည်။



# စက်ဆုပ်ဖွယ်အင်းဆက်ပိုးများ

'ဒစ်တရာ' မျိုးစဉ်တွင် ပါဝင်သော တောင်ပံနှစ်ခုပါ ခြင်၊ ယင်၊ မြင်းယင် (မှက်) စသည်တို့ကို လူများ မနှစ်သက်ကြချေ။ ၎င်းတို့သည် လူနှင့် အခြားသတ္တဝါများကို အနှောင့်အယှက်ပေးခြင်း၊ ရောဂါရစေခြင်းနှင့် အသက်ဆုံးရှုံးခြင်းတို့ကို ဖြစ်စေသည်။

တောင်ပံနှစ်ခုပါ ဤမျိုးစိတ်များကို နေရာတိုင်းတွင်တွေ့မြင်ရ၏။ မှိုနှင့် လူ၏သွေး အပါအဝင် အစာမှန်သမျှကို စားသောက်တတ်ကြသည်။ ၎င်းတို့အားလုံးတွင် သား လောင်းအဆင့်နှင့် ပိုးရုပ်ဖုံးအဆင့်များရှိပြီး ရေတွင်လည်းကောင်း၊ စိုစွတ်သော နေရာ များတွင် လည်းကောင်း နေနိုင်သည်။ သက်ကြီးကောင်များသည် အရည်များကို သောက်သုံးတတ်ပြီး သားလောင်းများနှင့် လုံးဝကွာခြားကြ၏။ အဖိုများတွင် မျိုးပွား အင်္ဂါများကို ဝမ်းဗိုက်နောက်ဆုံးအဆစ်၌ တွေ့ရ၏။ အချို့တွင် ၎င်းအင်္ဂါမှာ ၁၈၀ ဒီဂရီသို့မဟုတ် ၃၆၀ ဒီဂရီ လိမ်နေခြင်းကြောင့် ပျံသန်းနေစဉ်ပင် မိတ်လိုက်နိုင်ကြပြီး မိတ်လိုက်နေစဉ်တွင် ၎င်းတို့အား ရန်သူများဖမ်းဆီးရန် ခဲယဉ်းစေသည်။



## ခန္ဓာကိုယ်ထိန်းအင်္ဂါများ

ခြင်၊ ယင် အများစုတို့၏ခန္ဓာကိုယ်မှာ တိုပြီး လေးလံကြသည်။ ခန္ဓာကိုယ်၏အလယ်တွင် တောင်ပံတစ်စုံသာ တွယ်နေသဖြင့် လေထဲတွင်ပျံစဉ် ကိုယ်ကိုထိန်းရန်ခက်ခဲသည်။နောက် ဘက် တောင်ပံစုံမှာ မူ တောင်ပံငုတ်ခေါ် အထူးအာရုံခံအင်္ဂါအဖြစ် ပြောင်းလဲ နေပြီး ပျံသန်းစဉ် လျင်မြန်စွာ တုန်ခါနေ၏။ အာရုံကြောများသည် ပျံနေစဉ်အတွင်း ကိုယ်အနေအထားမှန်စေရန် ပြုပြင်ပေးသည်။ ခန္ဓာကိုယ်၊ တောင်ပံအနေအထားနှင့် တောင်ပံငုတ်တို့သည် ခြင်၊ ယင် တို့ကို လိုရာသို့ပျံသန်းနိုင်စေရန် များစွာ အထောက် အကူ ပြုသည်။



အထက်ဝဲပုံမှာ အရည်များကို လျှာဖြင့်လျက်၍ စားနိုင်သော ယင်တကောင်၏ ပါးစပ်ပုံ ဖြစ်၏။ နှာမောင်းတွင် ရေမြှုပ်ပါရှိပြီး အထက်အောက် ရွှေ့လျားနိုင်သည်။ အောက် ဝဲပုံတွင် 'ခရိန်း' ပျံကောင်၏ တောင်ပံငုတ်ကို ဖော်ပြထား၏။ ၎င်းတောင်ပံငုတ်၏ ထိပ်၌ ဖုလုံးပါရှိသည်။ ၎င်းသည် ပျံသန်းစဉ် ခန္ဓာကိုယ်ကိုထိန်းရာ၌ ကူညီပေးသည်။



'ဟိုဗာ' ယင်နှစ်ကောင် လေထဲတွင်မိတ်လိုက်နေပုံ။ တောင်ပံများကို လျင်မြန်စွာ ရိုက်ခတ်နေခြင်းကြောင့် ထင်ရှားစွာ မမြင်ရချေ။ ပျံသန်းစဉ် မိတ်လိုက်ခြင်းကြောင့် ရန်သူများဘေးမှ ကာကွယ်နိုင်သည်။



အထက်ပုံမှာ ဒမြယင်တမျိုးသည် အခြားယင်တကောင်ကို ဖမ်းဆီးပြီး သစ်ရွက်ပေါ်၌ စားရန်ပြင်ဆင်နေပုံ ဖြစ်သည်။



အထက်ပုံမှာ စစ်သည်ယင်၏ပုံ ဖြစ်သည်။ ခန္ဓာကိုယ်တွင် အစိမ်းရောင်အစင်းများ ပါရှိ၏။ လျင်မြန်စွာ ပျံသန်းနိုင်စွမ်း မရှိချေ။

# ကြမ်းတမ်းသောအင်းဆက်ပိုးအုပ်စု

ဒမြယင်၊ မြင်းယင်(မှက်)၊ သမင်ယင်၊ ပျားယင်၊ 'စနိုက်' ယင်နှင့် အသေကောင်နားယင်များသည် သွေးကိုသောက်သုံးကြသော အင်းဆက်ပိုး များဖြစ်ကြသည်။ ၎င်းတို့၏ဦးမှင်မှာ ရင်ပိုင်းထက် တို၏။ သားလောင်းတွင် ဦးခေါင်းနှင့် မေးရိုး ကောင်းစွာ ဖွံ့ဖြိုးမှုမရှိပေ။ ၎င်းတို့ကို ပုပ်သိုးနေသော အရာဝတ္ထုများတွင် တွေ့ရသည်။ သက်ကြီးကောင်သည် ပိုးတုံးလုံးအိမ်၏ အထက်ဘက် အက်ကွဲကြောင်းတလျှောက် ဖောက်ပြီး ထွက်လာ၏။

ပျံသန်းအားနည်းသော ခြင်များနှင့် လျင်မြန်စွာ ပျံသန်းနိုင်သည့် အခြားမျိုးတူ အကောင်များသည် အခြားအင်းဆက်ပိုးများနှင့် အမျိုးမျိုးသော သတ္တဝါများ၏သွေးကို စားသုံးကြသည်။ အချို့အကောင်တို့၏ ပွတ်တိုက်နိုင်သောလျှာတွင် ရေမြှုပ်နှင့် ပြွန်ငယ်ရှိခြင်းကြောင့် အရည်စက်ငယ်များကို စုပ်ယူစားသုံးနိုင်၏။ ၎င်းတို့သောက်သုံးရန် အစာမလုံလောက်ပါက စားပြီးသောအစာများကို ပြန်၍အန်ထုတ်ပြီး စားကြသည်။ လူတို့၏ အစားအစာများပေါ်တွင်နားသည့်အခါ ဤသို့ပြုလုပ်ခြင်းကြောင့် လူတို့အဘွက် အန္တရာယ်ဖြစ်စေသည်။ အရှေ့တိုင်းနှင့် အရှေ့အလယ်ပိုင်းဒေသတို့တွင် နွား၊ မြင်းနှင့် ကုလားအုတ်များတွင် ဖြစ်ပေါ်သော 'ဆာရာ'ရောဂါသည် သွေးစုပ်သည့် မြင်းယင်မှတဆင့် ကူးစက်သည်။



အကပ်ျကောင်အဖို ယူဆောင်လာသော အင်းဆက်ပိုးကို စားနေသည့် အမအား ၎င်းအဖို ကပင် အရှက်ကို တွဲလောင်းခိုယင်း မိတ်လိုက်နေပုံ

## ရဲတင်းသော သွေးစုပ်ကောင်များ

မြင်းယင် (မှက်) များသည် အသံကျယ်စွာမြည်၍ ပျံသန်းပြီး နာကျင်အောင် ကိုက်တတ်ကြသည်။ လူပေါ်သို့ ညင်သာစွာသက်ဆင်း၍ တုတ်ခိုင်သော ထိုးတံကို ဆန့်ထုတ်ပြီး သွေးစုပ်၏။ တကြိမ်တည်းဖြင့် သွေးကိုဝအောင်မစုပ်နိုင်၊ လူကရိုက်သောကြောင့် သွေးမဝမီ ပျံသွားရသည်။ မြန်မြန်စုပ် မြန်မြန်ပြေးရသည်။

သမင်ယင်များသည် မြင်းယင်တို့နှင့် အမျိုးနီးစပ်သည်။ တောင်ပံ၌ အပြောက်များရှိပြီး တောထဲ၌နေကာ သွေးစုပ်ကြ၏။အမွေးထူသော သတ္တဝါများကိုသာ ရွေးကိုက်သည်။လူနှင့်ကြုံလျှင်ဆံပင်ကြားသို့တိုးဝင်ပြီးသွေးစုပ်၏။

## အခြားယင်များကို စားတတ်သည့်ယင်မျိုးများ

ဒမြယင်မျိုးသည် သစ်ကိုင်း သို့မဟုတ် မြေပေါ်၌နားနေပြီး အနီးမှဖြတ်သန်းသွားသော နံကောင်များ၊ ပျားများနှင့် ပုစဉ်းကြီးများကိုချောင်း၍ ရုတ်တရက်ဖမ်းသည်။ဖမ်းမိသောအကောင်ကို မိမိတို့အုံသို့ ယူဆောင်သွားပြီး သွေးစုပ်၏။ ၎င်းတို့၏ သားလောင်းများတွင် ခြေထောက်များမရှိပေ။ မြေကြီးထဲတွင် နေထိုင်ပြီး ခန္ဓာကိုယ်ပျော့ပျောင်းသော အင်းဆက်ပိုးများကို စားသည်။

အထက်အောက်ပျံသန်းယင်း မိတ်ဖက်ရှာတတ်သော 'အကပ်ျကောင်'မျိုးသည် မျိုးခြားစားကောင်ဖြစ်သည်။ အမသည် အခွင့်သာလျှင် အဖိုကိုစားသည်။ မိတ်လိုက်စဉ် အစားမခံရစေရန် အဖိုသည် ဖမ်းမိသော အင်းဆက်ပိုးကို အမအား ဦးစွာပေး၏။ အမ အစာစားနေစဉ် မိတ်လိုက်သည်။ အချို့ ယင်မျိုးအဖိုသည် ဖမ်းမိသော အင်းဆက်ပိုးကို ပိုးချည်ဖြင့် ရစ်ပတ်ယူလာသည်။ ၎င်းကို အမကဖြေနေစဉ် အဖိုကမိတ်လိုက်သည်။

အပူပိုင်းဒေသများရှိ 'ဒေါ်လီ'ဟု ခေါ်သည့် တောက်ပသော အသားစားယင်ကောင်များသည် သစ်ရွက်များပေါ်တွင် ခြေထောက်ရှည်များဖြင့် ခုန်လွှားယင်း အခြားအင်းဆက်ပိုးများကို ရှာဖွေသည်။မြက်ခင်းထဲတွင် လည်းကောင်း၊ ပင်စည်၌လည်းကောင်း၊ ရေအနီး၌လည်းကောင်း တွေ့ရတတ်၏။



၁၅ မီလီမီတာ အရှယ်ရှိ မြင်းယင်သည် သွေးစုပ်ရာတွင် အသုံးပြုသော နှာမောင်းကို သန့်စင်အောင် ရှေ့ဘက်ခြေများဖြင့် ပွတ်တိုက်နေသည်။

## ပျားတုများ

ပျားယင်များသည် အမွေးထူပြီး ပျားမျိုးစိတ်အချို့နှင့် တူသည်။ သက်ကြီးကောင်များတွင် ပန်းဝတ်ရည်စုပ်ရန် နှုတ်သီးရှည်များ ရှိ၏။ သားလောင်းများသည် မြေပေါ်တွင် ကျက်စားသော အင်းဆက်ပိုးများကို စားသော်လည်း အချို့သည် ဝတ်မှုန်၊ ပျားရည်နှင့် ပျားသားလောင်းများကိုပါ စားတတ်သည်။အချို့မှာ ပင့်ကူဥများကို စားသည်။ပိုးရုပ်ဖုံးဘဝတွင် ဆူးပါသော အိတ်အတွင်း၌နေပြီး သက်ကြီးကောင်ဖြစ်လာချိန်၌ မြေကြီးကြားတိုး၍ အိတ်ကိုဖောက်ပြီး ထွက်လာသည်။

'ဟိုဗာ' ယင်မျိုးသည် လှပပြီး ပျား၊ နကျယ်များနှင့် ဆင်တူသည်။ ပန်းဝတ်ရည်ကို မှီဝဲစားသုံး၏။ အချို့မျိုးစိတ်များသည် လေထဲ၌ တောင်ပံခတ်ယင်း မရွေ့လျားပဲနေနိုင်သည်။ မည်သည့်ဘက်သို့မဆို ရုတ်တရက် ပျံသွားနိုင်သည်။ သားလောင်းအချို့သည် ရေထဲ၌ ကျက်စားသည်။ အချို့သည် ပျကောင်များနှင့် အကြေးပါ အင်းဆက်ပိုးများကို စားကြ၏။





ဥရောပ ဟိုဗာယင်သည် ပျံသန်းရန် အားဖြည့်သည့်အနေဖြင့် 'အိုင်ဗီ' ပန်းဝတ်ရည်ကို စုပ်ယူနေသည်။ နားနေချိန်တွင် နကျယ်နှင့်တူသည်။ (ယာအထက်ပုံ)။ ပျားယင်၏ အမွေးထူသော ခန္ဓာကိုယ်၊ အရောင်အဆင်းနှင့် အလေ့အထတို့သည် ပျားများနှင့်ဆင်တူ၏။ (ဝဲပုံ)။ သားလောင်းများသည် ပိတုန်းတို့၏ ကပ်ပါးများ ဖြစ်သည်။

## အက်ကြောင်းဝိုင်း ယင်များ

ဤအုပ်စုတွင် အိမ်ယင်၊ သစ်သီးယင် အစရှိသည်တို့ ပါဝင်သည်။ပိုးရုပ်ဖုံးအိမ်၏ထိပ်ဘက်ရှိ အဝိုင်းသဏ္ဍာန်အက်ကြောင်းမှအဖုံးဖွင့်ပြီး သက်ကြီးကောင်ထွက်လာပုံအရ အက်ကြောင်းဝိုင်းယင်ဟု အမည်ပေးထားခြင်းဖြစ်၏။ သားလောင်းများသည် လောက်များ ဖြစ်သည်။ အရေခွံမာအတွင်း၌ ပိုးရုပ်ဖုံးဘဝသို့ ကူးပြောင်း၏။ သက်ကြီးကောင် အသင့်ဖြစ်သောအခါ ဦးခေါင်းတွင် ပူဖောင်းပေါ်လာပြီး ပိုးရုပ်ဖုံးအိမ်အဖုံးကို တွန်းဖွင့်၍ ထွက်လာသည်။ ပြင်ပသို့ရောက်သောအခါ ပူဖောင်းပိန်သွားပြီး ဦးခေါင်းအတွင်းသို့ ပြန်ဝင်သွား၍ အမာရွတ်ငယ် ကျန်ရစ်သည်။ ဤယင်များတွင် ကိုက်တတ်သော ပါးစပ်အစိတ်အပိုင်းများ ကွယ်ပျောက်သွားပြီး သောက်သုံးနိုင်သည့် လျှာမျိုး ပိုမို့ဖွံ့ဖြိုးလာ၏။





အိမ်ယင်ကောင်များ၏ အဖြူရောင်လောက်ကောင်များနှင့် အနီရောင်ပိုးရုပ်ဖုံးများ(ဝဲပုံ)။ အိမ်ယင်သက်ကြီးကောင် လျှာကို အသုံးပြုပြီး အစာစားနေသည်။ (ယာပုံ)

## အဖျတ်လတ်ဆုံးအင်းဆက်ပိုးများ

အိမ်ယင်များနှင့် စိမ်းပြာရောင် ယင်မျိုးတို့သည် ထက်အောက်ဝဲယာ ပျံသန်းရာတွင် အံ့သြလောက်အောင် လျင်မြန်ဖျတ်လတ်ကြသည်။ ရပ်နားရာ၌လည်း အသာအယာ ရပ်နားနိုင်ကြ၏။ အဟုန်ပြင်းစွာရိုက်ခတ်နေသော တောင်ပံတို့ကြောင့် ဖြစ်ပေါ်လာသည့် ပျံသန်းမှုကို တောင်ပံငုတ်နှစ်ခုက ထိန်းပေး၏။

အိမ်ယင်များသည် နွေအခါတွင်ပေါများသည်။ ၎င်းတို့၏ တံတွေးထဲတွင် ဗက်တီးရီးယားပိုး များစွာရှိသည်။ အရည်တစုံတရာကို စုပ်ယူသောအခါ တံတွေးမှတဆင့် ပိုးများပျံ့နှံ့သွား၏။ ၎င်းတို့၏အနွယ်ဖြစ်သော 'စီစီ' ယင်သည် လူတို့အား အာဖရိကအိပ်ငိုက်ရောဂါကိုဖြစ်စေသည့်အပြင် ကျွဲနွားတို့အားလည်း ပြင်းထန်သော 'နက်ဂါးနား'ရောဂါကို ဖြစ်စေသည်။

အိမ်ယင်နှင့် သဏ္ဌာန်တူသည့် ကပ်ပါးကောင်တမျိုး၏ ဥများသည် ခူကောင်တို့၏ အူအတွင်းသို့ရောက်သောအခါ လောက်ကောင်ဘဝသို့ ကူးပြောင်းသည်။ လောက်ကောင်များသည် ခူကောင်၏ ကိုယ်တွင်းခေါင်းအတွင်းသို့ ကူးပြောင်းနေထိုင် စားသောက်ခြင်းဖြင့် ခူကောင်ကို သေစေ၏။ သီးနှံများကိုဖျက်ဆီးရန် အလားအလာရှိသော ခူကောင်များကို သေစေသောကြောင့် ၎င်းယင်ကောင်များကို အကျိုးပြု အင်းဆက်ပိုးများဟု မှတ်ယူထားသည်။ တခါက တောင်ပစိဖိတ်သမုဒ္ဒရာအတွင်းရှိ ဖီဂျီကျွန်းတွင် အုန်းပင်များကို ခူကောင်များအုပ်နှင့်ချီ၍ ဖျက်ဆီးသောအခါ ဤကပ်ပါးယင်ကောင်မျိုးကို စင်ကာပူမှတင်သွင်းပြီး နှိမ်နင်းရာ အောင်မြင်ကြောင်းတွေ့ရ၏။





ခေတ်ပုံရိုက်ယူသူ၏လက်မှ သွေးများကို အပြည့်စုပ်ယူထားသည့်စီစီယင်ကောင် (ဝဲပုံ)။၎င်းတို့သည် အာဖရိက၌ရှိပြီးအိပ်ငိုက်ရောဂါကို ကူးစက်စေသည်။လက်ခံကောင်အဖြစ် အသုံးပြုသည့် ဖလံတို့၏ ပိုးအိမ်အတွင်းမှ ကပ်ပါးယင်ကောင်ပေါက်လာပုံ (အထက်ပုံ)



အစိမ်းရောင်တောက်ပသည့် ယင်ကောင် (အထက်ပုံ) သည် ပန်းဝတ်ရည်နှင့် အပုပ်အစပ်ကို မှီဝဲသည်။ ကပ်ပါးယင်ကောင် (ယာပုံ) ၏ သားလောင်းများကို အဖျက်အင်းဆက်ပိုးများ နှိမ်နင်းရာတွင် အသုံးပြုနိုင်သည်။



## သစ်သီးယင်များနှင့် ပြင်ပကပ်ပါးများ

အဝိုင်းသဏ္ဌာန် အက်ကြောင်းပါ ပိုးရုပ်ဖုံးအိမ်မှ ထွက်လာသည့် သက်ကြီး သစ်သီးယင်ကောင်များတွင် တောင်ပံငုတ်များ မရှိ။ ကြီးထွားနေသော အသီးများအတွင်းသို့ ဥများ ဥချရန် ချွန်ထက်သော ဥဥတံများရှိသည်။ အရှေ့တိုင်းနှင့် မက္ကဆီကိုတို့မှ သစ်သီးယင်များနှင့် ချယ်ရီသီးယင်များ၏ လောက်ကောင်များသည် ဆိုးရွားသော အဖျက်အင်းဆက်ပိုးများ ဖြစ်ကြ၏။

'ဒရိုဆိုဖီလာ'များကို တခါတရံ သစ်သီးယင်များဟု ခေါ်သည်။ သို့သော် ၎င်းတို့သည် သစ်သီးယင်များ၏ အနွယ်မဟုတ်။ အမများတွင် ဥဥတံမရှိပေ။

ဒရိုဆိုဖီလာများသည် အမှည့်လွန်သော သစ်သီးများ၊ တဆေးများနှင့် အဏုဇီဝရုပ်များကို မှီဝဲစားသုံး၏။ ၎င်းတို့သည် အရွယ်ငယ်ခြင်း၊ မွေးရန်လွယ်ကူခြင်းနှင့် မျိုးရိုးဆက်ခံသော လက္ခဏာများ ထင်ရှားစွာရှိခြင်း တို့ကြောင့် မျိုးရိုးပညာ သုတေသနလုပ်ရာတွင် အသုံးဝင်သည်။

သတ္တဝါတို့၏ခန္ဓာကိုယ်ပေါ်၌ ကပ်ပါးအဖြစ်နေသော တောင်ပံတစုံတည်းရှိ ယင် မျိုးထဲတွင် ခန္ဓာကိုယ်ပြားပြီး သန်မာသော တောင်ပံရှိသည့် ယင်မျိုးမှ တောင်ပံသေးငယ်ပြီး မပျံနိုင်သော ယင်မျိုးများအထိ ပါဝင်သည်။





ဒရိုဆိုဖီလာကို သစ်သီးယင်ဟု မခေါ်ပဲ ရှာလကာရည်ယင်ဟုခေါ်လျှင် ပို၍ သင့်လျော်ပေမည်။ သားလောင်းသည် တဆေးကိုစားပြီး သစ်သီးပုပ်ထဲတွင် ကြီးပြင်း၏။ ဝဲပုံတွင် မျိုးစိတ်နှစ်မျိုးကို သစ်သီးပုပ်နှင့်အတူ တွေ့ရ၏။ အထက်ပုံပါ ၁၂ မီလီမီတာရှိ 'ဘော့' ယင်ကို တောင်အာဖရိက ဆင်တကောင်၏ လည်ချောင်းမှ ရယူခဲ့သည်။



ခရိန်း ပျံကောင် ပန်းပွင့်ပေါ်၌ နားနေပုံ။ သေးပြီးရှည်သော ခြေထောက်များ၊ အနက်ကွက်နှင့် ဖောက်ထွင်းမြင်နိုင်သော အကွက်များရှိသည့် တောင်ပံများ ရှိ၏။



ယင်အမသည် ရေမျက်နှာပြင်ပေါ်တွင် ပူဖောင်းငယ်များနှင့်သဏ္ဌာန်တူသော ဥများကို ဥချနေသည်။ (အထက်မှ မြင်ရပုံ)

## ခြင်များနှင့် ၎င်းတို့၏အနွယ်များ

ဦးမှင်ရှည်ယင်မျိုးထဲတွင် ဥပဒ်ပေးသော ယင်ကောင်များနှင့် ဥပဒ်မပေးသော ယင်ကောင်များ ပါဝင်သည်။ ၎င်းတို့သည် ခြင်များ၊ သဲဖြုတ်များ၊ ဖြုတ်ငယ်များ၊ ပျံကောင်နက်များ၊ 'ခရိန်း' ပျံကောင်များ စသည်တို့ဖြစ်ကြ၏။

ခရိန်းပျံကောင်တို့သည် ခြင်ကောင်ကြီးများနှင့်တူပြီး ကြောက်မက်ဖွယ်ကောင်းသော်လည်း ၎င်းတို့၏ မျိုးစိတ် ၆၀၀၀ စလုံးသည် တိရစ္ဆာန်များကို ကိုက်လေ့မရှိပေ။ သားလောင်းများသည် ရေထဲ၌နေ၏။ ဥရောပရှိ မျိုးစိတ်အချို့၏ သားလောင်းများသည် သစ်ပင်အမြစ်များကို ဖျက်ဆီးတတ်သည်။

ပျံကောင်နက်များသည် အရွယ်ငယ်သော်လည်း ကြောက်မက်ဖွယ်ရာကောင်းအောင် ကိုက်တတ်သော ယင်များဖြစ်သည်။ အုပ်စုဖွဲ့၍ ကိုက်လျှင် အိမ်၌မွေးထားသော တိရစ္ဆာန်များ နာရီပိုင်းအတွင်း သေနိုင်၏။ ငှက်များကို ကိုက်သောအမျိုး ပေါများပြီး အချို့မှာ လူကိုကိုက်ပြီး ရောဂါဖြစ်စေသည်။ ဖြုတ်ငယ်မျိုးတွင် ကိုက်တတ်သောအမျိုးနှင့် မကိုက်တတ်သော အမျိုးများ ပါဝင်၏။ ၎င်းတို့၏ သားလောင်းများကို ငါးများစားကြသည်။

## ဆိုးရွားသော ရန်သူများ

သက်ရှိတိုင်းတွင် သဘာဝရန်သူများ ရှိသည်။ ဖလံများကို လင်းနို့များက စားသည်။ ငယ်သောငါးကို ကြီးသောငါးက စားသည်။ သို့ဖြစ်စေကာမူ သမိုင်းတလျှောက်တွင် လူဦးရေထက်ဝက်ခန့်သည် သေးငယ်သောခြင်ကြောင့် သေရလိမ့်မည်ဟု မည်သူခန့်မှန်းခဲ့မည်နည်း။

ခြင်များသည် အမှန်စင်စစ် နံပါတ် ၁ ရန်သူများဖြစ်၏။ သို့သော် ခြင်အားလုံးကို မဆိုလိုပေ။ ဆိုးရွားသောရောဂါများကို ကူးစက်စေသော ခြင်မျိုးများကိုသာ ဆိုလို၏။ အချို့'အနောဖိလိ' ခြင် များသည်သာ ငှက်ဖျားရောဂါပိုးကို သယ်ဆောင်ပြီး အချို့ခြင်ကျားများသည် ငန်းဝါအဖျားရောဂါ၊ 'ကျူးလက်'ခြင်များသည် ဦးနှောက်ရောင်ရမ်းနာ ရောဂါပိုးများကို သယ်ဆောင်၏။ ၎င်းတို့သည် ပေါက်ပွားမှုလျင်မြန်သည့်ပြင် အလေ့အထများ ကွဲပြားကြသောကြောင့် ပိုးသတ်ဆေးကိုသုံးပြီး နှိမ်နင်းရာတွင် အားလုံးကို သေစေနိုင်စွမ်း မရှိပေ။ ထို့ကြောင့် အချို့ခြင်မျိုးများထဲတွင် ပိုးသတ်ဆေးပြီးသော အမျိုးများ ပေါ်ပေါက်လာခြင်း ဖြစ်သည်။ ထို့ကြောင့် ငှက်ဖျား ရောဂါနှင့် ခြင်ကြောင့်ဖြစ်သည့် အခြားရောဂါများ လုံးဝ ပျောက်ကွယ်မသွားခြင်း ဖြစ်သည်။

ခြင်များသည် ကြီးထွားရန်နှင့် အင်အားရရန်အတွက် သစ်ရည်၊ ပန်းရည်များ လိုအပ်၏။ အမ၏ဥများရင့်မှည့်ရန်မူ ကျောရိုးရှိသတ္တဝါများ၏ သွေးကို လိုအပ်သည်။ ရောဂါပိုးပါသောသွေးကိုစုပ်ပြီး အခြားတဦးကို ပြန်ကိုက်သောအခါ ၎င်းတို့၏တံတွေးရည်မှတဆင့် ရောဂါပိုးများ ကူးစက်စေ၏။ ခြင်ကိုက်ခံရလျှင် ရုတ်တရက်မသိနိုင်။ သိရသောအချိန်တွင် ခြင်သည် သွေးဝလျက်ရှိပြီး အကိုက်ခံရသောနေရာ၌ ယားယံသည့်အဖုငယ်သာ ကျန်ရစ်ခဲ့သည်။



ခြင်သည် ရှည်သောနှာမောင်းကို အသုံးပြုပြီး ဓာတ်ပုံဆရာ၏ လက်မောင်းမှသွေးကို ထိုးဖောက်စုပ်ယူနေသည်။

ခြင်တို့၏ သက်တမ်းအစပိုင်း ပိုးလောက်လမ်းဘဝတွင် ရေမျက်နှာပြင်အနီး၌ နေထိုင်ပြီး အမြီးပိုင်းရှိ လေဝင်ပေါက်ငယ်ဖြင့် အသက်ရှူသည်။ကျူးလက်ခြင်တို့၏ ပိုးလောက်လမ်းများသည် ရေမျက်နှာပြင်တွင် အမြီးဖြင့် တွဲလောင်းခိုနေထိုင်သည်။ အနောဖိလိခြင်တို့၏ သားလောင်းများမှာမူ ရေမျက်နှာပြင်နှင့် တပြေးညီနေထိုင်သည်။ ရေထဲ၌ရှိသည့် ဝတ်မှုန်များနှင့် သေးငယ်သည့် အရာများကို လှုပ်ရှားနိုင်သည့် ဦးခေါင်းဖြင့် လိုသလို ယူစားသည်။ ခုနစ်ရက်ခန့် အကြာတွင် ပိုးတုံးလုံးဘဝသို့ ကူးပြောင်းပြီး များမကြာမီ တောင်ပံပါသော သက်ကြီးကောင် ဖြစ်လာသည်။





'ဟာလီကွင်း' ပိုးတောင်မာ (အပေါ်ပုံ)။ ၎င်း၏ပြူးထွက်နေသော စုပေါင်းမျက်စိ၊ ကိုက်နိုင်သည့် ပါးစပ်အစိတ်အပိုင်းများ၊ တုတ်ခိုင်သည့်ဦးမှင်များက ၎င်း၏နေထိုင်မှုနှင့် သင့်လျော်စေသည်။ အပုပ်အသည့်များကို စားခြင်းဖြင့် သီးနှံများကို ဖျက်ဆီးသည်။ သားလောင်းများသည် သဖန်းပင်မျိုးကို ဖောက်ထွင်းနေထိုင်သည်။

# ပိုးတောင်မာများ

ပိုးတောင်မာများ ပါဝင်သည့် မျိုးစဉ်သည် အင်းဆက်ပိုးလောကတွင် အကြီးဆုံးမျိုးစဉ်ဖြစ်ပြီး တိရစ္ဆာန်လောက တခုလုံးတွင်လည်း အကြီးဆုံး မျိုးစဉ်ဖြစ်၏။ အလေ့အထများ လွန်စွာ ကွဲပြားခြားနားသည်။ လေးလံသောကိုယ်ကို လေထဲ၌ ပျံဝဲနိုင်ရန် တောင်ပံများလည်း သန်မာရ၏။ သို့သော် တောင်ပံရိုက်ခတ်ခြင်း နှေးကွေးပြီး အသံတမျိုးထွက်သည်။ ပျံသန်းနေစဉ် ရှေ့သို့သာ တိုက်ရိုက် ပျံသန်းနိုင်ကြ၏။ နံရံ သို့မဟုတ် ပိတ်ထားသော တံခါးများနှင့် တခါတရံ ဝင်တိုက်တတ်သည်။ နားနေသောအချိန်တွင် ပျံသန်းနိုင်သော တောင်ပံကို ခေါက်ပြီး အထက်မှ တောင်ပံမာဖြင့် အကာအကွယ် ယူထား၏။

ပိုးတောင်မာများတွင် ဦးချို၊ နှုတ်သီးနှင့် အလင်းရောင် ပြောက်ကျားပေါ်ပေါက်နေခြင်းသည် ထူးခြားသော လက္ခဏာများဖြစ်၏။ သေးငယ်သည့် အရွယ်မှ ကြီးသောအရွယ်အထိ၊ မှဲ့ခြောက်ခြောက် အရောင်မှ တောက်ပသော အရောင်အထိ အမျိုးမျိုးရှိသည်။ ခြေထောက်များမှာ ရေကူးရန်၊ ခုန်လွှားရန်၊ တွင်းတူးရန်တို့အတွက် သင့်လျော်သည့် ပုံစံမျိုးများရှိ၏။ ဖျက်ဆီးတတ်သော အကောင်များရှိသကဲ့သို့ လုပသောအကောင်များလည်း ရှိသည်။ ၎င်းတို့ အားလုံးတွင် ပြည့်စုံသော အသွင်ပြောင်းခြင်းရှိ၏။

အောက်ပုံမှာ ဦးခေါင်း၌ ဦးချိုရှိသည့် စကာရက်ပိုးတောင်မာ အဖို၏ပုံ ဖြစ်သည်။









'စကာရက်'ပိုးတောင်မာသည် အရွယ်မရောက်မီအဆင့်တွင် အပုပ်အသိုးများကို စားပြီး တစ်နှစ်အတွင်း သက်ကြီးကောင် ဖြစ်လာသည်။ ၎င်းတို့၏ ဇီဝစက်တွင် အဆင့်လေးဆင့် ရှိသည့်အနက် သားလောင်း (ဝဲ)၊ ပိုးရုပ်ဖုံး (အလယ်)၊ အရေခွံချွတ်လဲပြီး ထွက်လာသော သက်ကြီးကောင် (ယာ) တို့ကို ပြထားသည်။



ဆွေးမြည့်နေသော သစ်သားရှိ မှိုချပ်ကြီးများအပေါ်တွင် မှိုဝဲစားသောက်နေထိုင်သော လှပသည့် ပိုးတောင်မာမျိုးများနှင့် ၎င်းတို့၏ သားလောင်းများ

## အသီးအရွက်စား ပိုးတောင်မာများ

ပိုးတောင်မာများသည် သားလောင်းဘဝနှင့် သက်ကြီးကောင်ဘဝတို့၌ သစ်သီးသစ်ရွက်များ၊အခြားသော အင်းဆက်ပိုးများနှင့် ဆွေးမြည့်နေသော ဝတ္ထုပစ္စည်းများကို ဝါးနိုင်သည့် မေးရိုးများကိုသုံးပြီး စားသောက်သည်။ သစ်သီးသစ်ရွက်စားသော အကောင်ဦးရေများပြားပြီး ကပ်ပါးကောင်မျိုးများ နည်းပါး၏။ ထို့ကြောင့် သီးနှံဖျက်အကောင်မျိုးများ ပေါများသည်။ ဥပမာ—ကြံပင်ဖျက်ပိုးများနှင့် ဦးခေါင်းပြား ပန်းသီးပင်ဖျက်ပိုးများအပြင် ဆန်၊ ဂျုံ၊ ဝါ အစရှိသည်တို့ကို ဖျက်ဆီးသောအကောင်များလည်း ရှိသည်။

အရွက်စားသည့် အမျိုးများတွင် အရွက်ကို လျင်မြန်စွာဖမ်းကိုင်ပြီး ပြန်လွှတ်နိုင်သည့် ခြေထောက်များ ရှိသည်။ ခြေထောက်ထိပ်ရှိ ချိတ်ငယ်များနှင့် ချောမွေ့သော အမွေးကြမ်းများက ညှပ်ကဲ့သို့ ပြုလုပ်ရာတွင် အထောက်အကူပြုကြသည်။



ငှက်ပျောရွက်ထဲတွင် နေထိုင်စားသောက်သော ပိုးတောင်မာ သားလောင်းတို့ကြောင့် အဖြူရောင်လမ်းကြောင်းများ သို့မဟုတ် အညိုရောင်အကွက်များ ပေါ်ပေါက်သည်။



ပြန့်ကား၍ သားရေကဲ့သို့သော တောင်ပံတွင် ထင်ရှားသော ပိုက်ကွန်သဏ္ဍာန် အကြောများရှိသည့် ပိုးတောင်မာ



# အပင်စား ပိုးတောင်မာများ



အိန္ဒိယပြည်၌ တွေ့ရသော သစ်သားဖောက်ဦးမှင်ရှည် ပိုးတောင်မာ (ဝဲပုံ)။ ကိုရီးယားနှင့် တရုတ်ပြည်တို့တွင် တွေ့ရသော အဖြူရောင်အစင်းများပါရှိသည့် ဦးမှင်ရှည်ပိုးတောင်မာ (ယာပုံ)။ ၎င်းတို့သည် မျိုးရင်းတခုတည်းတွင် ပါဝင်၏။



ဦးမှင်ရှည် ပိုးတောင်မာသည် ခန္ဓာကိုယ်တုတ်ခိုင်၏။ပျံသန်းနိုင်ရန် တောင်ပံကြီးများ ရှိ၏။ (ဝဲပုံ)။ ပင်စည်ပေါ်၌နားနေသော ဦးမှင်ရှည်ပိုးတောင်မာ (အပေါ်ပုံ)



ပါပူအာမျိုး ဦးချိုပါပိုးတောင်မာ (ဝဲ) နှင့် တောင်ပံတွင် အနားရစ်ပါသည့် ဦးချိုပါ ပိုးတောင်မာ (ယာ) တို့ကို နယူးဂီနီကျွန်း၌ တွေ့ရသည်။



ဦးချိုပါသည့် ပိုးတောင်မာနှစ်ကောင်သည် ကြီးမားသောမေးရိုးများကို ချိတ်ထားပြီး တိုက်ခိုက်နေကြသည်။ (ယာပုံ)

ဦးမှင်ရှည် ပိုးတောင်မာသည် အပင်များကို မှီဝဲစားသောက်သည်။ သားလောင်းများသည် သစ်သားများကို ဖောက်ထွင်းနေထိုင်ပြီး သက်ကြီးကောင်များသည် သစ်ခေါက်စိမ်းကိုစား၏။ မျိုးစိတ်ပေါင်း ၂၀,၀၀၀ ခန့်ရှိသည်။ အပူပိုင်းဒေသတွင် သစ်ပင်အမျိုးမျိုးပေါများခြင်းကြောင့် ၎င်းတို့ကိုမှီဝဲသည့် ပိုးတောင်မာမျိုးများသည်လည်း သစ်ပင်အမျိုးအစားနည်းသည့် သမပိုင်းဒေသများတွင်ထက် ပိုမိုများပြားသည်။

ပိုးတောင်မာတမျိုး၏ သားလောင်းများသည် ဦးမှင်ရှည်ပိုးတောင်မာတို့၏ သားလောင်းများနှင့် အလေ့အထချင်းတူညီ၏။ သက်ကြီးကောင်များတွင် တောက်ပသောအစိမ်းရောင်၊ အပြာရောင်များ ရှိခြင်းကြောင့် လူတို့သည် အလှအပ အဆင်တန်ဆာအတွက် အသုံးပြုသည်။

ဦးချိုပါ ပိုးတောင်မာအဖို များသည် ၎င်းတို့၏ မေးရိုးကြီးများကြောင့် ကြောက်မက်ဖွယ်ရာအသွင်ကို ဆောင်နေသည်။ များစွာသော ပိုးတောင်မာများထက် အရွယ်ကြီး၏။ မျိုးစိတ်ပေါင်း ၉၀၀ ခန့်ရှိပြီး ကမ္ဘာအနှံ့အပြား၌ တွေ့မြင်နိုင်သည်။



အရှေ့အာရှ အနှံ့အပြားတွင် တွေ့ရသည့် စပါးရွက်ပိုး၏ သားလောင်းပုံ



ရွှေဖရုံပွင့်ပေါ်တွင် တွေ့ရသော'ကာကာဗစ်'ပိုးတောင်မာ နှစ်မျိုး



ကျောကုန်းပေါ်တွင် အစက်အပြောက်များစွာ ပါရှိသည့် 'တစ်တစ်အသံပေးပိုးတောင်မာ'



ရွက်ပိုးတောင်မာ



ရွက်ပိုးတောင်မာ



စပျစ်ရွက်ပိုးတောင်မာ



မှော်ရွက်ပိုးတောင်မာ



လိပ်ပိုးတောင်မာ



မုန်လာဥနီလိပ်ပိုးတောင်မာ



'ဝမ်းဝတ်'ရွက်ပိုးတောင်မာ



မြစိမ်းရောင်ရွက်ပိုးတောင်မာငယ်





ကာကာဗစ်ရွက်ပိုးတောင်မာ

လိပ်ပိုးတောင်မာအဖိုသည် အမ၏ကျောကုန်းပေါ်သို့တက်၍ မိတ်လိုက်နေသည်။

အထက်ပါ ပုံများမှာ ကမ္ဘာအနှံ့အပြားတွင်တွေ့ရသော ရွက်ပိုးတောင်မာအချို့၏ပုံများ ဖြစ်သည်။

ရွက်ပိုးတောင်မာများသည် သက်ကြီးကောင်ဘဝတွင် သစ်ရွက်များကိုစား၍ သားလောင်းဘဝတွင် ပင်စည်၊ အမြစ်နှင့် အရွက်ကို စားသည်။ တောက်ပသော အရောင်အမျိုးမျိုးနှင့် လုံးဝန်းသောသဏ္ဌာန်ရှိပြီး အန္တရာယ်တစုံတရာရှိပါက အပင်ပေါ်မှ မြေကြီးပေါ်သို့ လျင်မြန်စွာခုန်ဆင်းတတ်၏။

တောက်ပသောအရောင်ရှိ လုံးဝန်းသော သီးနှံဖျက် လှေပိုးတောင်မာများသည် အစေ့ပင်ပေါက်များကို စားသုံးသည်။ အချို့ ပိုးတောင်မာများ၏ ခန္ဓာကိုယ်ပေါ်တွင် ဆူးများရှိခြင်းကြောင့် ဖြူကောင်များနှင့် တူ၏။ သားလောင်းများသည် ရွက်ကြောထဲသို့ ထိုးဖောက်ဝင်ရောက်နေထိုင်တတ်သည်။ လိပ်ပိုးတောင်မာများတွင် ကျယ်ပြီး ပြားသော ကျောခွံနှင့် တောက်ပသော သတ္တုအရောင်ရှိခြင်းကြောင့် ထင်ရှားစွာ သိနိုင်သည်။ ၎င်းတို့ သေဆုံးလျှင် အရောင်များချက်ချင်း ပျောက်ကွယ်သွား၏။ အခြားထင်ရှားသော သီးနှံဖျက် ရွက်ပိုးတောင်မာများမှာ အပြာရောင်၊ အနီရောင်နှင့် ရွှေရောင်ရှိ ကညွတ်ပိုးတောင်မာနှင့် အာလူးပိုးတောင်မာတို့ ဖြစ်သည်။



အာဖရိကတွင်တွေ့ရသော ညိုမှောင်ပိုးတောင်မာများမှာ ညအခါမှသာ ထွက်တတ်သည်။ ခြောက်သွေ့သော၊ ပုပ်ဆွေးနေသော အသီးအရွက်များနှင့်တိရစ္ဆာန်များ၏ တစ်ရှူးများကို စားသည်။



ရင့်သောအရောင်ရှိသည့် သွေးစွန်းနှာခေါင်း ပိုးတောင်မာကို ကိုင်တွယ်ပါက ပါးစပ်မှ အနီရောင်အရည်များ ထွက်သည်။

ပိုးတောင်မာများသည် သိုလှောင်ထားသော ဂျုံ၊ ပြောင်း၊ စပါးများကို ဖျက်ဆီးတတ်သည်။ 'တစ်တစ် အသံပေး ပိုးတောင်မာ' သည်လည်း အပင်ဖျက်ပိုးများ ဖြစ်ကြသည်။ရင်းတို့၏သားလောင်းများသည် ဂျုံ၊ ပဲ၊ ပြောင်းတို့၏ အမြစ်များနှင့် မြက်ပင်အမြစ်များကို စားတတ်၏။ အန္တရာယ်နှင့် ကြုံတွေ့ပါက အပင်ပေါ်မှ ခုန်ချတိမ်းရှောင်တတ်သည်။ အများအားဖြင့် မြေပေါ်သို့ ပက်လက်လန်ကျတတ်သည်။ ရန်သူများကို ကျယ်လောင်သော တစ်တစ်အသံပေးခြင်းဖြင့် ခြောက်လှန့်တတ်သည်။ တောက်ပသည့် အရောင်ရှိ အပူလောင်ပိုးတောင်မာကို ကိုင်ကြည့်ပါက ကိုင်တွယ်သူ၏ အရေပြားပေါ်တွင် လောင်ကျွမ်းပြီး အဖုအပိမ့်များ ဖြစ်စေသောအရည်ကို ထုတ်လွှတ်ရှိသည်။ သက်ကြီးကောင်များသည် အသီးအရွက်များကို စားသော်လည်း သားလောင်းများမှာမူ သားစားကောင်များ ဖြစ်ကြ၏။ ပန်းပွင့်ပေါ်ရှိ ဥများမှ သားလောင်းများပေါက်လာကြသည်။ ရင်းသားလောင်းများသည် ပန်းဝတ်ရည် လာရောက်စုပ်ယူသော ပျားများ၌ ကပ်ပါသွားပြီး ပျားအုံအတွင်းရှိ ပျားသားလောင်းများနှင့် ဝတ်မှုန်ကို စားသုံးကြသည်။





အနက်ရောင် အပူလောင် ပိုးတောင်မာ (အပေါ်ပုံ) ။ အစင်းကြောင်းပါ အပူလောင်ပိုးတောင်မာ (အောက်ပုံ)



'ကင်နာ'ပန်းပွင့်ကို စားသုံးနေသည့် ၄၅ မီလီမီတာရှိ အပူလောင်ပိုးတောင်မာ။ လူ၏အရေပြားကို လောင်ကျွမ်းစေသော အရည်များ စစ်ထုတ်ခြင်းကြောင့် အပူလောင်ပိုးတောင်မာဟု ခေါ်ခြင်းဖြစ်သည်။



ဦးမှင်ရှည်တစ်စုံကို ရှေ့ဘက်သို့ ဆန့်ထုတ်ထားသော ဦးမှင်ရှည် ရှက်လိပ်ပိုးအဖိုသည် သစ်ရွက်ပေါ်တွင် ထင်ရှားပေါ်လွင်နေသည်။



ဤပုံပါ စပါးကျိုပိုးသည် ဆန်ပိုးများကဲ့သို့ပင် သိုလှောင်ထားသော အစေ့အဆန်များအတွင်း ဝင်ရောက်ပြီး ဥဥခြင်းဖြင့် ဖျက်ဆီးသည်။

## နှုတ်သီးပါပိုးတောင်မာများ

အပင်စားပိုးတောင်မာ အများစုသည် နှုတ်သီးပါပိုးတောင်မာများ ဖြစ်၏။ ရှည်လျားပြီး ကောက်သောနှာရောင်ထိပ်ရှိ ပါးစပ်အစိတ်အပိုင်းများကြောင့် ၎င်းတို့ကို အခြားပိုးတောင်မာများနှင့် အလွယ်တကူ ခွဲခြားနိုင်သည်။ အမများတွင် ဤနှာရောင်ကို ဥဥရန်အတွက် တွင်းတူးသောအခါ အသုံးပြုသည်။

မျိုးစိတ်ပေါင်း ၇၀,၀၀၀ ရှိပြီး အခြားအင်းဆက်ပိုးများထက် စားနေကျအပင်များကို သတ်သတ်မှတ်မှတ် စားလေ့ရှိသည်။ အချို့ အခွံထူပြီး အချို့ အခွံပါး၏။ အချို့ နှုတ်သီးရှည်၍ အချို့ နှုတ်သီးတိုသည်။ အခြားပိုးတောင်မာများနှင့်မတူပဲ ၎င်းတို့၏ သားလောင်းများတွင် ခြေထောက်များမရှိသဖြင့် ယင်၏ သားလောင်းများနှင့် တူသည်။ သို့သော် ၎င်းတို့၏ ထင်ရှားသော ဦးခေါင်းက ပိုးတောင်မာ၏ သားလောင်းများဖြစ်ကြောင်း ဖော်ပြနေ၏။

စပါးပိုးများသည် ရိုးရိုးသီးနှံဖျက်ပိုးများဖြစ်ခြင်း၊အဓိကသီးနှံများကိုပို၍ ဖျက်ဆီးတတ်ခြင်းတို့ကြောင့် လယ်သမားများသည် နှစ်စဉ် ငွေကုန်ကြေးကျခံ၍ နှိမ်နင်းရသည်။ ဝါဂွမ်းပိုး၊ သီးနှံပိုး၊ စပါးကျိုပိုးနှင့် ဆန်ပိုးတို့မှာ အဓိကဖြစ်သည်။ သစ်ခေါက်ပိုးများကို သစ်တုံးနှင့်သစ်ခေါက်များကြားတွင်တွေ့ရပြီး မျိုးစိတ်အများသည် ကူးစက်စေသောသစ်ပင်ရောဂါပိုးကိုသယ်ဆောင်ကြ၏။



သစ်ခေါက်အောက်ဘက်ရှိ သစ်သားပေါ်တွင် သစ်ခေါက်ပိုးနှင့် ၎င်း၏ သားလောင်းများ ဖောက်ထွင်းထားသည့် လိုဏ်ခေါင်းများ



တိရစ္ဆာန်လောက၏ အကြီးဆုံးမျိုးရင်းထဲတွင်ပါဝင်ပြီး ကမ္ဘာအနှံ့တွေ့ရသော အထက်ပုံပါ နှုတ်သီးပါပိုးတောင်မာကို ဂျပန်နိုင်ငံ အိုကီနာဝါကျွန်း၌ တွေ့ရသည်။





ပုတီးစေ့ကဲ့သို့ မျက်လုံးရှိသည့် ကျားပိုးတောင်မာသားလောင်းသည် မြေတွင်းထဲမှချောင်းနေပြီး ဖြတ်သွားမည့်သားကောင်ကို စောင့်ဆိုင်းနေသည်။ (ဝဲပုံ) ။
အစိမ်းရောင် ကျားပိုးတောင်မာ (ယာပုံ) ကဲ့သို့ သက်ကြီးကောင်အများစုသည် တောက်ပသောအရောင် ရှိသည်။

# သားစားပိုးတောင်မာများ

သားစားပိုးတောင်မာများသည် သီးနှံစားပိုးများထက် ပို၍ရှေးကျသည်။ ၎င်းတို့အများစုသည် အဖျက်ပိုးများကို စားသောက်ကြသဖြင့် တန်ဖိုးထားခံရသည်။ မြေအောင်းပိုးတောင်မာများသည် သားလောင်းဘဝနှင့် သက်ကြီးကောင်ဘဝနှစ်ခုစလုံးတွင် အသားစားကြ၏။ ပိုး တောင် မာ ကြီး များသည် မြေကြီးပေါ်တွင် နေထိုင်ကြသော်လည်း အချို့မှာ မျက်စိမမြင်ကြပဲ ဂူထဲတွင် နေထိုင်ကြသည်။ ကျားပိုးတောင်မာများသည် မြေပြင်ပေါ်တွင် ကျက်စားလေ့ရှိပြီး သားကောင်ကိုမြင်ပါက လျင်မြန်စွာပြေး၍ ဖမ်းယူတတ်ကြသည်။ သားလောင်းများသည် မြေတွင်းထဲမှချောင်းနေပြီး ခေါင်းပေါ်မှဖြတ်သန်းသွားသည့် သားကောင်ကို စောင့်ဆိုင်းကာ ဖမ်းယူစားသောက်လေ့ရှိ၏။

သားစားပိုးတောင်မာများတွင် ဆွဲဆောင်နိုင်သောအရည်အချင်း တမျိုးစီရှိကြသည်။ ပိုးစုန်းကြူးသားလောင်းများတွင် တောက်ပသောအလင်းရောင်များပါရှိကြသည်။ ၎င်းတို့သည် ခရုနှင့်ပက်ကျိမျိုးများကို စားလေ့ရှိသည်။ သက်တမ်းတိုသည်။ အစာအနည်းငယ်သာစား၏။ အဖိုနှင့်အမတို့မှ ထွက်ပေါ်နေသည့် မိတ်လိုက်ရန်အချက်ပြဆွဲဆောင်နေသော အလင်းရောင်သည် ဓာတုစွမ်းအင်မှအလင်းစွမ်းအင်သို့ ပြောင်းလဲခြင်းကြောင့်ထွက်ပေါ်နေခြင်းဖြစ်၏။

သေးငယ်လှပသော 'လေဒီဘတ်' ပိုးတောင်မာများတွင် အနီနှင့်အနက်ရောင် အ တောင် များ၊ သိမ်မွေ့သောအလေ့အကျင့်များ ရှိခြင်း ကြောင့် ပိုးတောင်မာအားလုံးထဲတွင် အထူးခြားဆုံးဖြစ်၏။ ၎င်းတို့သည် ပျကောင်အကြေးပါအင်းဆက်ပိုး၊ အပင်ခုန်ကောင်၊ ကမျဉ်းကောင်စသည့် အဖျက်ပိုးများကို စားတတ်သဖြင့် ဥယျာဉ်ခြံများအတွက် အကျိုး ဖြစ်စေသည်။ သို့သော် လေဒီဘတ်ပိုးတောင်မာတမျိုးမှာ အလွန်ဖျက်ဆီးတတ်သောသီးနှံဖျက်ပိုးဖြစ်၏။



အထက်ပုံမှာ သားစားအတောင်မဲ့ ကျားပိုးတောင်မာ၏ပုံ ဖြစ်သည်။ ၎င်းတို့ကို တရုတ်နှင့် ဗီယက်နမ်တွင် တွေ့ရသည်။



အထက်ပုံမှာ သားစား မြေအောင်းပိုးတောင်မာ ၄ မျိုး၏ ပုံများ ဖြစ်သည်။







'ဖန်ဂိုးဒစ်' ပိုးတောင်မာအမသည် တောက်ပသော သားလောင်းပုံအတိုင်းပင် ရှိနေ၏။ (ဝဲအပေါ်ပုံ)။ ပိုးစုန်းကြူး၏ ဝမ်းဗိုက်အောက်ဘက်မှ အလင်းရောင် ထွက်နေသည်ကို နေ့အခါ၌ တွေ့မြင်ရ၏။ (ဝဲအောက်ပုံ)။ ပိုးစုန်းကြူးများ မိတ်ဖက်ရှာနေခြင်းကြောင့် ညအချိန်တွင် အချက်ပေး အလင်းရောင်များ ပြည့်နေသည်။ (ယာပုံ)



အနီပြောက်ပါ 'လေဒီဘတ်'



လိပ်ပုံလေဒီဘတ်



လိပ်ငယ်ပုံလေဒီဘတ်



ဂျပန်လေဒီဘတ်



ဂျပန်လေဒီဘတ်



အပြောက် ၁၀ ခုပါ လေဒီဘတ်



အပြောက် ၂၈ ခုပါ လေဒီဘတ်



ပင်စည်နှင့်သစ်ရွက်များပေါ်တွင် အစုလိုက် ဥထားသည့်လေဒီဘတ်ဥများပုံ။ တနေ့လျှင် ၁၅ လုံးမှအလုံး ၃၀ အထိဥသည်။



ကျောပေါ်တွင် အမွေးစုများပါရှိသည့် အပြောက် ၁၀ ခုပါ လေဒီဘတ်၏ သားလောင်းပုံ



အပြောက် ၇ ခုပါလေဒီဘတ်သည် 'ဘတ်' ပိုး (ကြမ်းပိုးမျိုး) အမျိုးမျိုးကို စားသည်။



သားစားလှည့်လည် ပိုးတောင်မာတမျိုးသည် သစ်ပိုးကို စားနေသည်။

# သန့်ရှင်းရေး ပိုးကောင်များ

ပိုးတောင်မာများသည် ချေးနှင့် တိရစ္ဆာန်အသေကောင်ပုပ်များကို စားလေ့ရှိသည်။ သို့သော် အခြား ခြင်၊ယင်များကဲ့သို့ ရောဂါပိုးများကို ပျံ့နှံ့စေခြင်းမရှိချေ။ ထို့ကြောင့် ပိုးတောင်မာများသည် သတ္တဝါများ၏ အညစ်အကြေးများနှင့် အသေကောင်များကို ဖယ်ရှားရှင်းလင်းပေးသကဲ့သို့ ဖြစ်နေသည်။

လှည့်လည်ပိုးတောင်မာများမှာ မျိုးခြားစားကောင်များဖြစ်၏။တိရစ္ဆာန်ကောင်ပုပ်များ၊ ချေးများထဲတွင် တွေ့နိုင်သည်။ ၎င်းတို့သည် ပိုးတောင်မာနှင့် အသွင်သဏ္ဍာန်မတူပေ။ အလွန်တိုသောတောင်ပံရှိသည်။ အဆစ်များပါသည့်ဝမ်းဗိုက်သည်ထိုတောင်ပံများနောက်တွင် ပေါ်ထွက်နေ၏။

အခြားပိုးတောင်မာများမှာ တိရစ္ဆာန်အသေကောင်ပုပ်ပေါ်တွင် စုဝေးနေတတ်ကြ၏။ ၎င်းတို့မှာ မြေမြှုပ်ပိုးတောင်မာနှင့် အသေကောင်ပုပ်စားပိုးတောင်မာတို့ဖြစ်ကြပြီး အသားပုပ်နံ့ ဆွဲဆောင်မှုကြောင့် စုဝေးနေကြခြင်းဖြစ်သည်။မြေမြှုပ်ပိုးတောင်မာသည် မြွေသေများ၊ ဖားသေများနှင့်ငှက်သေများကို မြေတွင်းတူး၍ မြေနှင့်ပုံးလောက်သည့်တိုင်အောင် မြှုပ်လေ့ရှိ၏။ ဤနည်းဖြင့် အခြားသားစားတိရစ္ဆာန်များစားမည့်ဘေးမှကာကွယ်ကြသည်။

ချေးထိုးပိုးတောင်မာများသည် ချေးများအောက်၌ ၎င်းတို့၏အုံများကို ဆောက်လုပ်ကြသည်။ သို့မဟုတ် ၎င်းတို့၏ နောက်ခြေထောက်များဖြင့် ချေးများကို ဘောလုံးသဏ္ဍာန်လုံးလိုက်သည်။



ချေးထိုးပိုးတောင်မာသည် မြေဆွေးများကို ဘောလုံးသဏ္ဍာန်ဖြစ်အောင် လုံးယူပြီး အစာအဖြစ်နှင့် ဥ ဥရန်အတွက် အသုံးပြုသည်။



မြေမြှုပ်ပိုးတောင်မာသည် ကြွက်သေကိုစားနေပုံ။ စားပြီးနောက် အသေကောင်အပေါ် ဥ ဥရန် မြေတူး၍ ကြွက်သေကို မြှုပ်ထားလေ့ ရှိသည်။

## ရေနေပိုးတောင်မာများ

၎င်းတို့သည် မြေအောင်းပိုးတောင်မာများနှင့် မျိုးနွယ်သော သားစားရေငုပ်ပိုးတောင်မာများ ဖြစ်ကြသည်။ ရေထဲတွင်နေထိုင်နိုင်ရန် ပြုပြင်ဖန်တီးပြီး ဖြစ်၏။ လျင်မြန်စွာရေကူးနိုင်ရန် ရေစီးကြောင်းထဲတွင် အလိုက်သင့် ကူးနိုင်သော ချောမွေ့သေးသွယ်သည့် ခန္ဓာကိုယ် ရှိသည်။ နောက်ခြေထောက် အစွန်းရှိ အမွေးမာများကို လှော်တက်သဖွယ် အသုံးပြုနိုင်သည်။ ၎င်းတို့၏ သားလောင်းများကို ရေကျားများဟုခေါ်သည်။ ဤသို့ခေါ်ရခြင်းမှာ ချွန်ထက်သောမေးရိုးများဖြင့် သားကောင်ကို ဖမ်းယူ စားသောက်တတ်ခြင်း



ပတ်ချာလှည့် ပိုးတောင်မာများ ရေမျက်နှာပြင်ပေါ်၌ လှည့်ပတ်သွားလာနေကြပုံ

ကြောင့် ဖြစ်၏။ သားကောင်များမှာ ဖားလောင်းမှ ငါးအထိပါဝင်သည်။ သားကောင်၏ ခန္ဓာကိုယ်ထဲသို့ အခေါင်းပါမေးရိုးများဖြင့် အစာခြေရည်ကို ထိုးသွင်း၍ အရည်ပျော်စေပြီးမှ အလီလီစုပ်ယူသည်။

ရေငုပ်ပိုးတောင်မာများသည် ရေထဲတွင် နေကြသော်လည်း အမှန်စင်စစ် ကုန်းသတ္တဝါများဖြစ်ကြသည်။ ထို့ကြောင့် ရေမျက်နှာပြင်ပေါ်သို့ အချိန်မှန်မှန်တက်၍ အသက်ရှူကြရ၏။ သို့သော် အချို့ သားလောင်းများမှာ ရေတွင်သာနေပြီး ရေအောက်၌ ပိုးအိမ်ပြုလုပ်၍ ပါးဟက်ဖြင့် အသက်ရှူကြသည်။ သက်ကြီးကောင်များမှာမူ ကုန်းပေါ်မှလေကို ရှူ၏။





ရေနေပိုးတောင်မာကြီး၏ သားလောင်းသည် ရေမျက်နှာပြင်ပေါ်မှ လေကို ရှူနေသည်။ (အထက်ယာပုံ)။ ရေငုပ်ပိုးတောင်မာသည် ငါးကိုဖမ်းယူပြီး စတင်စားသောက်နေသည်။ (ယာပုံ)



ရေနေပိုးတောင်မာအထီး (ဝဲ) နှင့် အမ (ယာ) တို့၏ နောက်ခြေထောက်သည် ကြီးမားပြီး ရေထဲ၌ကူးခပ်ရန် ၎င်းကို လှော်တက်သဖွယ် အသုံးပြုသည်။

# ဘတ်ပိုးများ



'ဘတ်' ပိုးများနှင့် ၎င်းအနွယ်အားလုံးတို့သည် ထိုးဖောက် စုပ်ယူနိုင်သော ပါးစပ်အစိတ်အပိုင်းများဖြင့် အစာကိုစုပ်ယူကြသည်။ပုံကောင်ပြုနှင့်အကြေးပါ အင်းဆက်ပိုးများမှလွဲ၍ ကျန်အနွယ်အားလုံးတို့တွင် ပိုးရုပ်ဖုံးအဆင့်ဟူ၍ မရှိ။အရွယ်မရောက်သေးသော အကောင်များနှင့် သက်ကြီးကောင်များသည် ပုံသဏ္ဍာန်ချင်း၊ ပါးစပ်အစိတ်အပိုင်းချင်း၊ စားသုံးပုံချင်း တူညီသည်။ အစာအမျိုးမျိုးကို မှီခိုကြ၏။အပိုးတန်သီးနှံများမှအစ အိမ်မွေးတိရစ္ဆာန်များအထိ စားကြသည်။ အချို့အကောင်များသည် လူတို့၏သွေးပါမကျန် စားကြ၏။

သေးငယ်သော ဘတ်ပိုး၊ ကြီးသော ဘတ်ပိုး ဟူ၍ ရှိသည်။ ရေတွင်လည်းကောင်း၊ ကုန်းတွင်လည်းကောင်း၊ ကျောရိုးရှိသတ္တဝါများ၏ကိုယ်ပေါ်တွင်လည်းကောင်း နေကြသည်။ အများစုတွင် တောင်ပံနှစ်စုံရှိ၏။ သို့သော် တောင်ပံမရှိသော အမျိုးများလည်း ရှိသည်။ ဤအုပ်စုတွင်ရှိသည့် အသံပြုနိုင်စွမ်းရှိသော အကောင်များတွင် သတ်ဖြတ်ဘတ်ပိုးများ၊ ရွက်ခုန်ကောင်အချို့နှင့် ပုစဉ်းရင်ကွဲအချို့တို့ပါဝင်သည်။ ပုစဉ်းရင်ကွဲများသည် မိတ်လိုက်ချိန်တွင် ညံစီသောအသံများ ထွက်ပေါ်စေသည်။





အပေါ်ဆုံးပုံမှာ ရွက်ခုန်ကောင် လေထဲသို့ ခုန်ပျံနေပုံဖြစ်သည်။ အထက်ဝဲပုံမှာ တောင်အာဖရိကရှိ တံတွေး ဘတ်ပိုး၏ သားလောင်းများသည် သစ်ကိုင်းပေါ်တွင် အစာစားနေပုံ ဖြစ်၏။ အမြှုပ်နှင့်တူသည့် ပစ္စည်းများက ခြောက်သွေ့ခြင်းမှလည်းကောင်း၊ ရန်သူများဘေးမှလည်းကောင်း ကာကွယ်ပေးသည်။ ၎င်းသည် အနီနှင့် အနက်ရောင်ပိုးမည်ဘဝမှ အရေခွံခြောက်ကို စွန့်ခွာပြီး သက်ကြီးကောင်ဘဝဖြင့် မြက်ပင်ပေါ်တွင် နားနေသည်။ (အထက်ယာပုံ)



ဗင်နီဇွဲလားမှ သစ်ပင်ခုန်ကောင်သုံးကောင်သည် အပင်ရိုးတံပေါ်တွင် ပင်ရည်များ စုပ်ယူနေသည်။ အဖြူရောင်စစ်ထုတ်ရည်များတွေ့ရက ၎င်းတို့ရှိကြောင်း သိနိုင်သည်။





ဂွာတီမာလာမှ သစ်ပင်ခုန်ကောင် (အပေါ်ပုံ)၏ ထိပ်ပိုင်းသည် မှိုမောက်ပြီး ရောင်စုံဖြစ်နေသည်။ ၎င်း၏ သားလောင်းအစု (အောက်ပုံ)

## ခုန်ကောင်များ

ခုန်ကောင် 'ဘတ်'ပိုး အမျိုးမျိုးသည် အခုန်သန်သော အပင်ဖျက်ပိုးများ ဖြစ်သည်။ ၎င်းဘတ်ပိုးများထဲတွင် ရှည်လျားကြီးမားသော ဦးခေါင်းနှင့် တောက်ပသောအရောင်ရှိ အပင်ခုန်ကောင်၊ ဖားခုန်ကောင်တို့ ပါဝင်၏။ သားလောင်း၏ ကိုယ်ပတ်လည်၌ အမြှုပ်များဖြင့် ဖုံးအုပ်ထားတတ်သောကြောင့် တံတွေးဘတ်ပိုးဟူ၍လည်း ခေါ်သည်။

သစ်ပင်ခုန်ကောင်များသည် ၎င်းတို့ကိုမမြင်စေရန် နေထိုင်ရာသစ်ပင်၏ အစိတ်အပိုင်းများ၊ ဆူးများနှင့်တူအောင် ဖန်တီးထားတတ်သည်။ ဆန်းစလပုံ ကွဲကြောင်းများအတွင်း ဥများကိုဥခြင်းဖြင့် သီးနှံများကို ဖျက်ဆီးသည့် ဖျက်ပိုးများ ဖြစ်၏။ သားလောင်းများ စစ်ထုတ်သော အချိုရည်ကို ပုရွက်ဆိတ်များ ဝိုင်းအုံစားသည်ကို တွေ့ရခြင်းဖြင့် ၎င်းတို့ရှိကြောင်း သိနိုင်သည်။ ရွက်ခုန်ကောင်များသည် အပင်ရောဂါပိုးများကို တပင်မှတပင်သို့ သယ်ဆောင်ပေးသဖြင့် ဆိုးရွားသောအကောင်များ ဖြစ်သည်။

## သစ်ရည်စုပ်အင်းဆက်ပိုးများ

ခုန်ကောင်များ၊ ပျကောင်များ၊ အကြေးပါအင်းဆက်ပိုးများ၊ ပျံကောင်ဖြူများ၊ ပုစဉ်းရင်ကွဲများသည် ကုန်းပေါ်တွင်နေပြီး အပင်များကိုသာ စားသည်။ ၎င်းတို့တွင် ထိုးဖောက်စုပ်ယူနိုင်သော နှုတ်သီးသဏ္ဍာန် ပါးစပ် အစိတ်အပိုင်းပါရှိပြီး အပင်ရည်ကို ထိုးဖောက်စုပ်ယူသောကြောင့် သစ်ရည်စုပ်အင်းဆက်ပိုးဟု ခေါ်သည်။ ၎င်းတို့စုပ်ယူ၍ ပိုလျှံနေသော သစ်ရည်များသည် ခန္ဓာကိုယ်အတွင်း အချိုရည်အဖြစ် ဖြတ်သန်းသွားသည်။ သို့မဟုတ် ဆီနှင့် ဖယောင်းအဖြစ် ပြောင်းလဲသွားသည်။

၎င်းတို့၏ မထင်ရှားသော အရွယ်နှင့် အရောင်တို့ကြောင့် သစ်ရည်ကို မှန်မှန်နှင့် အချိန်ကြာမြင့်စွာ ရယူနိုင်ကြ၏။ ထိုပိုးများသည် အပင်အတွင်းသို့ အဆိပ်ရည်များ ထိုးသွင်းပေးပြီး ပျက်စီးစေသောကြောင့် ၎င်းတို့ကို ဥယျာဉ်မှူးများက ဖျက်ဆီးပစ်ရ၏။ ၎င်းတို့သည် အပင်ရောဂါများကိုလည်း ကူးစက်ပြန့်ပွားစေသည်။



အစိမ်းရောင် အပင်ခုန်ကောင်သည် အပင်မှ အစာကို ခြစ်ယူစားသုံးနေသည်။



နောက်ဘက် တောင်ပံပေါ်တွင် အနီရောင်အမှတ်အသားရှိသည့် ဖိလစ်ပိုင်နိုင်ငံမှ အပင်ခုန်ကောင်



ပုရွက်ဆိတ်များနှင့် အပြန်အလှန် အမှီသဟဲ ပြုနေတတ်ကြသည့် လုံးဝန်းသော သစ်ပင်ခုန်ကောင်တမျိုး



ပျကောင်အမများသည် သားငယ်များကို မွေးဖွားနေစဉ်မှာပင် သစ်ရည်ကို သောက်သုံးလျက်ရှိ၏။ အပင်နှင့် ရာသီကိုလိုက်၍ ပျကောင်များတွင် တစ်နှစ်အတွင်း ထင်ရှားသောအသွင်လေးမျိုးအထိ ရှိနိုင်သည်။





သစ်ရွက်ပေါ်ရှိ ပျံကောင်ဖြူများမှာ အလွန်သေးငယ်ပြီး အဖြူရောင် ဖယောင်းမှုန့်များဖြင့် ဖုံးလျက်ရှိသည်။ (အထက်ပုံ)
'ဝါဂွမ်းကူရှင်အကြေးပါ အင်းဆက်ပိုး'များ (ဝဲပုံ) သည် သစ်ရည်စုပ်ဖျက်ပိုးများဖြစ်ပြီး အဖြူရောင်ဥများကို အစုလိုက်ဥ၏။ ၎င်းတို့သည် လိမ္မော်၊ ရှောက်၊ သံပရာ၊ ထနောင်းနှင့် မိုးမခပင်များကို ဖျက်ဆီးကြသည်။

## ပျကောင်နှင့် အခြားသစ်ရည်စုပ်အင်းဆက်ပိုးများ

သေးငယ်ပျော့ပျောင်းသော ပျကောင်များသည် ဟင်းသီးဟင်းရွက်ပင်များတွင် ပုန်းကွယ်နေထိုင်၍ ပင်ရည်ကို အငမ်းမရစားသုံးတတ်ကြသည်။ပုရွက်ဆိတ်များသည် ပျကောင်များ စစ်ထုတ်လိုက်သော အချိုရည်ကို ဝိုင်းအုံစားသောက်တတ်ကြသဖြင့် ပျကောင်များ ရှိမရှိကို ပုရွက်ဆိတ်များ အုံနေခြင်းကိုကြည့်၍ သိနိုင်သည်။

သစ်ပင်၏ အစိုအညှောက်များကို အဓိကစားသုံးသောကြောင့် ၎င်းတို့၏ ဇီဝစက် ထူးခြားလာသည်။ ရွက်နုဝေသောဥတုတွင် တောင်ပံမဲ့အမများသည် အဖိုနှင့် သန္ဓေအောင်ခြင်းမပြုပဲ သားငယ်များကို မွေးဖွားခြင်းဖြင့် ဦးရေတိုးပွားလာစေ၏။ အကယ်၍ အစာရှားပါးလာပါက ၎င်းပျကောင်များသည် လုယက်တိုးဝှေ့ အစာစားကြရသည်။ ထိုအချိန်တွင် တောင်ပံပါအမများ ပေါ်ပေါက်လာပြီး လေထဲသို့ပျံသန်းကာ ပျံ့နှံ့သွားကြသည်။

အခြားသစ်ရည်စုပ် အင်းဆက်ပိုးများမှာ အကြေးပါအင်းဆက်ပိုး၊ ချိပ်ပိုး၊ ပင်ရည်စုပ်ပိုး၊ အခွံမာအကြေးပါအင်းဆက်ပိုးနှင့် အမြစ်စား မြေကြီးပုလဲကောင်များ ဖြစ်ကြ၏။



ပုစဉ်းရင်ကွဲ



ဂျပန်ပြည်ရှိ ကြီးမားသော အညိုရောင်ပုစဉ်းရင်ကွဲ



သက်ကြီးကောင် များသည် သက်တမ်း တလျှောက်လုံးတွင် အပင်၏ အရင်းပိုင်း များ၌ တွယ်ကပ်နေပြီး ၎င်းတို့၏သားလောင်းများသည် ပထမအဆင့်တွင် တွား၍ သွားလာလှုပ်ရှားနေကြသည်။

ပျံကောင်ဖြူ 'ဘတ်'ပိုးများ၌ ပိုးရုပ်ဖုံးအဆင့်ရှိသည်။ ၎င်းပိုးရုပ်ဖုံးသည် ခေါင်းတလားသဖွယ် အိမ်ပြုလုပ်နေပြီးမှ တောင်ပံပါ သက်ကြီးကောင်ဖြစ်လာသည်။ အဖိုနှင့် အမ မိတ်လိုက်ကြပြီး အမများသည် ဥများကို ဥချကြ၏။

အပင်ဘတ်ပိုးများအနက် ပုစဉ်းရင်ကွဲများသည် ၎င်းတို့၏ ဆူညံသောအသံကြောင့် လူသိများ၏။ အခြားဘတ်ပိုးများထက် အရွယ်ကြီးပြီး ကျယ်၍ တုံးသောဦးခေါင်းတွင် စုပေါင်းမျက်စိတစ်စုံနှင့် ၎င်းတို့အကြား ရိုးရိုးမျက်စိသုံးခုပါရှိ၏။ သားလောင်းများသည် မြေကြီးထဲ၌နေပြီး သစ်ပင်အမြစ်များကို နှစ်ပေါင်းများစွာ စားသောက်နေကြသည်။ သစ်ကိုင်းကိုခွဲ၍ ဥ ဥသောကြောင့် အပင်များပျက်စီးသည်။ ထို့နောက် ဥမှပေါက်လာသော ပိုးမမည်များသည် မြေပေါ်သို့ကျလာပြီး အမြစ်များအနီး၌ ပုန်းနေကြသည်။



သေးငယ်လုံးဝန်းသော အကြေးပါအင်းဆက်ပိုးများ။ ၎င်းတို့သည် ဇာတိပ္ပိုလ် အရွက်များကို စားကြသည်။

ဝဲပုံမှာ ဖယောင်းအကြေးပါ အင်းဆက်ပိုးမှ မွေးထုတ်မည့် ထောင်ပေါင်းများစွာသော ပိုးမမည်ကောင်များ၏ အကြီးချဲ့ထားသောပုံဖြစ်၏။

## သရစ်အင်းဆက်ပိုးများ

၎င်းတို့သည် သေးငယ်သွက်လက်သော အင်းဆက်ပိုးများ ဖြစ်ကြ၏။ ပန်းပွင့် တပွင့်မှ တပွင့်သို့ ကူးပြောင်းကာ သစ်ရည်နှင့်ဝတ်မှုန်များကို ပြွန်ပုံပါးစပ်အစိတ်အပိုင်းဖြင့် စားသုံးကြ၏။ ၎င်းတို့သည် ဘတ်ပိုးများမဟုတ်သော်လည်း ဘတ်ပိုးအများစုကဲ့သို့ပင် ကောက်ပဲသီးနှံများကို ဖျက်ဆီးသည့်အပြင် အပင်ရောဂါပိုးများကိုလည်း သယ်ဆောင်တတ်ကြသည်။ ၎င်းတို့သည် ဝတ်မှုန်ကူးပေးခြင်းနှင့် ပျကောင်ကဲ့သို့သော အင်းဆက်ပိုးများကို ဖျက်ဆီးပေးခြင်းတို့ကြောင့် အရေးပါအရာရောက်သည်။

အခြားအင်းဆက်ပိုးများနှင့်မတူပဲ လှည့်လည်သွားလာနိုင်သော ပိုးတုံးလုံးအဆင့်များစွာပါရှိ၏။ ပိုးတုံးလုံးဘဝမှ လွန်မြောက်လာပြီးသည့် သက်ကြီးကောင်ဘဝတွင် တောင်ပံရှိသော်လည်း ကောင်းစွာမပျံသန်းနိုင်ပေ။ အချို့မှာ ကီလိုမီတာပေါင်းများစွာ ရောက်အောင် လေတိုက်ခတ်ရာတွင် ပါသွားကြ၏။



ဒေစီပန်းပေါ်တွင် ကျရောက်နေသော 'သရစ်' အင်းဆက်ပိုးများ။ ၄ မီလီမီတာခန့်ရှည်၍ မျိုးစိတ်အများစုမှာ သစ်ရည်ကိုစားသုံးကြ၏။

# ဘတ်ပိုးအစစ်များ



ရှက်ခြေထောက်ဘတ်ပိုး(အထက်ပုံ)။ ၎င်း၏ဦးခေါင်းနှင့် ရင်အုပ်ရှေ့ပိုင်းသည် ရှေ့ဘက်သို့
တြိဂံပုံ ထွက်နေသဖြင့် ချုံနှင့် သစ်ပင်တို့၏ ကိုင်းပေါ်တွင် လျှောက်သည့်အခါ ပုံဖျက်
သကဲ့သို့ဖြစ်ပြီး အကာအကွယ် ရစေသည်။

'ဘတ်'ပိုး အစစ်များမှာ ကြမ်းပိုးများ၊ အစေ့ဘတ်ပိုးများ၊ ရေနေဘတ်ပိုး
များနှင့် အခြားဘတ်ပိုးများစွာတို့ ဖြစ်ကြ၏။၎င်းတို့တွင် မတူသော တောင်ပံ
နှစ်စုံရှိခြင်းသည် ပျကောင်များနှင့် ကွဲပြားသည်။ ၎င်းတို့၏ ရှေ့တောင်ပံ
အရင်းပိုင်းသည် ထူ၍ သားရေကဲ့သို့ဖြစ်နေပြီး အဖျားပိုင်းမှာ ပါးလွှာသည်။
နောက်တောင်ပံမှာမူ အမြှေးပါးအဖြစ် တပြေးတည်းတည်ရှိသည်။ နားနေ
သောအခါ တောင်ပံများကို ဝမ်းဗိုက်ပိုင်းပေါ်တွင် ထားရှိ၏။

၎င်းတို့၏ ပါးစပ်အစိတ်အပိုင်းတွင် ထိုးဖောက်နိုင်သောပြွန်ပါ မာကျော
သည့် နှုတ်သီးရှိ၏။ အဆိပ်ရှိသောတံတွေးကို အစာရည်ထဲသို့ထည့်၍ အစာ
ခြေပြီးမှ အစာကို စုပ်ယူကြ၏။ အပင်ရည်များကို စုပ်ယူခြင်းခံရသည့် အရွက်
များပေါ်၌ အကွက်များ ဖြစ်ပေါ်ကျန်ခဲ့သည်။ ဤဘတ်ပိုးအချို့ကို အမှတ်
တမဲ့ကိုင်မိလျှင် နာကျင်စွာ အကိုက်ခံရတတ်၏။

အရောင်တောက်ပသော ဘတ်ပိုးအစစ်များကို ကုန်း၊ ရေ နှင့် အခြား
သတ္တဝါများ၏ကိုယ်ပေါ်တွင် တွေ့ရ၏။ ၎င်းတို့တွင် ပိုးတုံးလုံးအဆင့် မရှိ
ချေ။ အချို့သည် အသံပြုနိုင်ပြီး အချို့မှာဆိုးရွားသော အနံ့ကိုထုတ်၍ ရန်သူ
များဘေးမှ ကာကွယ်နိုင်၏။ ဘဲဥပုံသို့မဟုတ် ဒိုင်းပုံဘတ်ပိုးများတွင် အနံ့ဆိုး
ထုတ်ပေးသည့် အပေါက်များသည် နောက်ခြေ၏ ရှေ့ဘက် အပေါ်မျက်နှာ
ပြင်၌ ရှိ၏။၎င်းတို့ဖျက်ဆီးပြီးသော သစ်သီးများ၌ အနံ့ဆိုးများ ကျန်ရစ်ခဲ့၏။

## ရေနေ ဘတ်ပိုးများ

ရေမျက်နှာပြင်ပေါ်၌ လျှောတိုက်သွားတတ်သော ဘတ်ပိုးများသည် သက်ရှိ
သက်မဲ့တို့ကို စားကြ၏။ ၎င်းတို့၏ဘဝကို ရေမျက်နှာပြင်ပေါ်၌ ကုန်လွန်
စေပြီး ကိုယ်အလေးချိန်ပေါ့ပါးစေရန် အထူးပြုပြင်ထားသော အမွေးများ ပါ
ရှိ၏။ခြေထောက်တွင်လည်း ရေမျက်နှာပြင်မှ ကျွံကျမသွားစေရန် အဆီဂလင်း
များပါရှိသည်။အစာကိုရှေ့ခြေဖြင့်ဖမ်းပြီးပါးစပ်အစိတ်အပိုင်းဖြင့်ကိုင်တွယ်၏။

ရေကူးနိုင်သော ဘတ်ပိုးများတွင် လှေလှော် ဘတ် ပိုး၊ ကြီးမားသော
ရေဘတ်ပိုးနှင့် နောက်ပြန်ရေကူးဘတ်ပိုးတို့ ပါဝင်ကြ၏။ ၎င်းတို့သည် လှပ
သေးသွယ်သော ကိုယ်ရှိ၏။ ရေအောက်တွင် လျင်မြန်ဖျတ်လတ်စွာ ကျက်စား
ကြသည်။ နောက်ခြေမှာ လှော်တက်သဖွယ် ဖြစ်နေပြီး ရှေ့ခြေကိုမူ အစာဖမ်း
ရန် အသုံးပြု၏။ အချို့မှာ ရေတိမ်၌နေပြီး ရှည်လျားသောပြွန်ဖြင့် အသက်ရှူ
၏။ အချို့မှာမူ လေပူဖောင်းများကို အမွေးများပေါ်တွင် စုဆောင်းပြီး
၎င်းတို့ကို အဆုတ်သဖွယ် အသုံးပြုကြသည်။



တောက်ပသောအနီနှင့်အစိမ်းရောင်ရှိဘတ်ပိုး (အပေါ်ပုံ) ကို ၎င်း၏ဆိုးရွားသောအနံ့နှင့်
ဆိုးရွားသောအရသာက ရန်သူ့ဘေးမှ ကင်းဝေးစေ၏။



ဝဲပုံမှာ ဒိုင်းပုံဘတ်ပိုးသည် လပ်ပျကောင်၏သားလောင်းကို စားတော့မည့်ပုံ ဖြစ်သည်။
ဤကဲ့သို့စားခြင်းဖြင့် အင်းဆက်ပိုးဦးရေကို သဘာဝအလျောက် ထိန်းသိမ်း၏။



သက်ကြီးကောင် ဇာ'ဘတ်'ပိုးများသည် တောင်ပံနှင့် ခန္ဓာကိုယ်ပေါ်၌ ဇာပုံသဏ္ဍာန် တန်ဆာဆင်ထား၏။ ၎င်းတို့ဖျက်ဆီးထားသော အရွက်များမှာ ဝါလာရာမှ တဆင့် ညိုလာပြီး ကြွေကျသွား၏။



ဂျပန်ရေပိလားကောင်ကြီးသည် ရေနေအင်း ဆက်ပိုးများကိုဖမ်းပြီး ကိုယ်ရည်ကိုစုပ်ယူ၏။



တုတ်ချောင်းနှင့်တူသော ရေနေဘတ်ပိုးကို ရေကန်ရေမြောင်းများတွင် တွေ့ရ၏။



ရေကန်လျှောစီးကောင်များ ရေပြင်ပေါ်၌ ပြေးလွှားနေသည်ကို မကြာခဏ တွေ့ရ၏။ ခြေတံရှည်ပြီး ခန္ဓာကိုယ်မှာ ၁.၅ ဆင်တီမီတာခန့် ရှည်သည်။

# နှောင့်ယှက်တတ်သော ဘတ်ပိုးများ



ကြမ်းပိုးသည် ကိုက်လျှင် ယားယံသော်လည်း ရောဂါပိုး သယ်ဆောင်ပေးကြောင်း မတွေ့ရပေ။ ၆ မီလီမီတာရှည် ကြမ်းပိုး လူ၏သွေးကို စုပ်ယူနေသည်။

ကြမ်းပိုးများသည် ပြားပြီး အနံ့ဆိုးသော တောင်ပံမဲ့အင်းဆက်ပိုးများ ဖြစ်သည်။ငှက်သိုက်နှင့် လူတို့၏အိမ်များ၌ နေထိုင်ကြသည်။အိမ်နံရံအက်ကြောင်းများနှင့် ပရိဘောဂကြားတွင်နေပြီး ညအခါထွက်၍ လူ၏သွေးကို စုပ်ယူ၏။ အိပ်နေသောလူအတွက် အလွန်အနှောင့်အယှက် ဖြစ်သော်လည်း ရောဂါပိုးကို သယ်ဆောင်ပေးဟန် မတူပေ။

သတ်ဖြတ်တတ်သော 'ဘတ်'ပိုးများကို ကိုင်တွယ်ရန်မသင့်ပေ။ ကြောက်စရာကောင်းသော မျိုးခြားစားကောင်များဖြစ်၍ အခြား အင်းဆက်ပိုးနှင့် အချိုကျောရိုးရှိ သွေးနွေးသတ္တဝါများကိုစားသည်။ ကွေးနေသောနှုတ်သီးဖြင့် သားကောင်ကိုထိုးဖောက်ပြီး အရည်များကိုစုပ်ယူ၍ တချိန်တည်းမှာပင် အဆိပ်ပါတံတွေးများကို ထိုးသွင်းလိုက်၏။ လူကိုကိုက်သောအခါ အလွန်နာကျင်စေသည်။ ရှေ့ခြေနှစ်ချောင်းကြားရှိ မြောင်းထဲသို့ နှုတ်သီး၏ထိပ်ဖြင့်ခြစ်၍ အသံမြည်စေသည်။

'ချင့်ဘတ်'ပိုးများသည် ပြောင်း၊ 'ရိုင်း'စပါး၊ ဂျုံ တို့ကို ဖျက်ဆီးတတ်ကြ၏။ ၎င်းဖျက်ပိုးများသည် အရသာမရှိခြင်းကြောင့် ငှက်နှင့် အခြားမျိုးခြားစားကောင်များ မနှစ်သက်ကြချေ။



သစ်သီးကို ချင့်ဘတ်ပိုးများ ဖျက်ဆီးနေသည်။ (အထက်ပုံ) ။ချင့်ဘတ်ပိုး အများစုသည် ကောက်ပဲသီးနှံများကို ဖျက်ဆီးတတ်သောကြောင့် လူသိများ၏။



သတ်ဖြတ်ဘတ်ပိုးသည် လိပ်ပြာသားလောင်းကို စားနေသည်။ ၎င်း၏ကျောပေါ်တွင် ကမျှဉ်းဖြူကောင် ကပ်ပါးများကိုတွေ့ရ၏။



## သန်းများ

သန်းများသည် ကြမ်းပိုးနှင့် သတ်ဖြတ် 'ဘတ်'ပိုးများကဲ့သို့ပင် အနှောင့်အယှက်ပေးသော အင်းဆက်ပိုးများ ဖြစ်ပြီး အိမ်နေတိရစ္ဆာန်များနှင့် လူတို့ကို လွန်စွာဒုက္ခပေးကြသည်။ ၎င်းတို့သည် ဘတ်ပိုးများမဟုတ်ကြပဲ အနေအထိုင်၊ အလေ့အထနှင့် အစာစားပုံတို့တွင် အမျိုးမျိုး ကွဲပြားကြ၏။

အစာကို ဝါးစားတတ်သော သန်းတို့တွင် တောင်ပံမရှိပေ။ ပြားသောကိုယ်၊ တိုသော ခြေထောက်တို့ဖြင့် ငှက်နှင့် အခြားလက်ခံကောင် သတ္တဝါများအပေါ်တွင် ပြင်ပကပ်ပါး အဖြစ် နေထိုင်ကြသည်။ သွေးစုပ်သန်းများသည် လူအပါအဝင် နို့တိုက်သတ္တဝါများအပေါ် ကပ်ပါးအဖြစ်နေ၏။၎င်းတို့သည် ပဒ်ုပြန်အဖျားရောဂါနှင့် 'တိုက်ဖတ်' ကပ်ရောဂါ ပိုးများကို သယ်ဆောင်ပေးကြသည်။



ဝဲမှ ယာသို့ အစဉ်အတိုင်းပြထားသော သန်း ၄ ကောင်မှာ ခေါင်းသန်း၊ ဂျပ်ကောင်၊ ကိုယ်သန်း (သန်းကြီးမ) နှင့် ကြက်သန်းတို့ ဖြစ်၏။

## လှေးများ

လှေးများသည် သေးငယ်သန်မာသော ပြင်ပကပ်ပါးကောင်များ ဖြစ်ကြသည်။ ၎င်းတို့သည် သန်းများ၊ ဘတ်ပိုး များနှင့် မျိုးမနွယ်သော်လည်း သွေးနွေး သတ္တဝါများကို အနှောင့် အယှက်ပေးသဖြင့် အရေးကြီးသော အဖျက်အင်းဆက်ပိုးများ ဖြစ်ကြ၏။ သားလောင်း များတွင် ခြေထောက်မရှိပေ။ တောင်ပံမဲ့သဖြင့် လျှောက်ခြင်း၊ ပြေးခြင်းဖြင့် လှုပ်ရှား သည်။ ရုတ်တရက် လျင်မြန်စွာ ပြေးရှောင်ရမည့်အခါတွင်မူ ဝေးဝေးခုန်နိုင်သည်။ သန်မာ သော ခြေထောက်ရှိ ခန္ဓာကိုယ်နှင့် ထိုးဖောက်နိုင်သော ပါးစပ်အစိတ်အပိုင်းတို့ကြောင့် တိရစ္ဆာန်တို့၏ အရေပြားကို ထိုးဖောက်ပြီး သွေးစုပ်ယူနိုင်သည်။ ၎င်းတို့၏ အရေပြား မှာလည်း ချော၍ မာကျောသောကြောင့် အခြားတိရစ္ဆာန်များတို့က လက်သည်းဖြင့် ဖြစ်စေ၊ သွားဖြင့် ဖြစ်စေ ထိုးဖောက်ရန် မလွယ်ကူချေ။



ထိပ်ဆုံးပုံမှာ ကြောင်လှေး၏ပုံဖြစ်သည်။ သေးငယ်၏။ ၂ မီလီမီတာခန့်သာရှိ၏။ လက်ခံ ကောင်၏ အမွေးထဲတွင် လွယ်ကူစွာ တွားသွားနိုင်ပြီး သွေးကိုစုပ်ယူ၏။ အရှေ့တိုင်းရှိ ကြွက်လှေး (အပေါ်ပုံ) သည် ပလိပ်ရောဂါပိုးကို သယ်ဆောင်ပေးသည်။ ဤပုံတွင် ကြွက် လှေး၏ အတွင်းအပြင် အင်္ဂါအစိတ်အပိုင်းအချို့နှင့် အမွေးကြမ်းများကို ဖော်ပြထား၏။

# ရုပ်ဖျက်အင်းဆက်ပိုးများ



အမေရိကန်ပြည်တွင်တွေ့ရသော ဦးမှင်တိုနှံကောင်။ ၎င်းကို ကျိုင်းကောင်ဟူ၍လည်း ခေါ်၏။

## နှံကောင်အုပ်စု

လွန်ခဲ့သော နှစ်သန်းပေါင်း ၃၀၀ ခန့်က ပေါ်ပေါက်ခဲ့သည့် တောင်ပံဖြောင့် အင်းဆက်ပိုးများတွင် ပိုးဟပ်၊ နှံကောင်၊ ပုရစ်၊ ရှိခိုးကောင်၊ တုတ်ချောင်းပုံအင်းဆက်ပိုး (တုတ်ချောင်းကောင်) နှင့် သစ်ရွက်ပုံအင်းဆက်ပိုးတို့ ပါဝင်၏။ အချို့မှာ သေးငယ်ပြီး အချို့မှာမူ အလွန်ကြီးမားကြ၏။ ဤအင်းဆက်ပိုးကြီးများသည် ကောင်းစွာအယောင်ဆောင်နိုင်ခြင်းကြောင့် ရန်သူများ အလွယ်တကူ မတွေ့နိုင်ပေ။

နှံကောင်၊ ပုရစ်နှင့် ခါးခုတ်ကောင်များသည် အစိမ်းရောင် သို့မဟုတ် အညိုရောင်ရှိပြီး သီးနှံပင်များကြားတွင် ပတ်ဝန်းကျင်နှင့် လိုက်လျောညီအောင် ပြုပြင်ရောနှောလျက်နေ၏။ သက်ကြီးကောင်များတွင် တောင်ပံနှစ်စုံပါရှိ၍ ရှေ့တောင်ပံတစ်စုံမှာ နောက်တောင်ပံတစ်စုံထက် သေးသွယ်ထူထဲပြီး သန်မာ၏။ ၎င်းကို ရှေ့သို့တွန်းပြီး နောက်ခြေတစ်စုံကိုအားပြုကာ လေထဲ၌ ပျံသန်း၏။ မိတ်လိုက်ရာသီတွင် မရပ်မနား မြည်သံပြုသောကြောင့်လည်းကောင်း၊ ကျိုင်းကောင်များသည် အစာရေစာ ငတ်မွတ်ခေါင်းပါးခြင်းကို ဖြစ်စေခဲ့ခြင်းကြောင့်လည်းကောင်း နှံကောင်အုပ်စုဝင်အားလုံးကို လူသိများသည်။

## ဦးမှင်တိုနှံကောင်များ

ဦးမှင်တိုနှံကောင်များ အစုလိုက်ရှိနေသောအခါ ကျိုင်းကောင်များဟု ခေါ်တတ်သည်။ နေ့အခါ၌ လှုပ်ရှားသွားလာပြီး မြက်ပင်ကဲ့သို့ အယောင်ဆောင်နေကြသည်။ ခန္ဓာကိုယ်သည် ရှည်၍ အစိမ်း သို့မဟုတ် အညိုရောင် ဖြစ်၏။ ဦးခေါင်းမှာ ရှည်ပြီး ချွန်သည်။ ဦးမှင်မှာ ခန္ဓာကိုယ်ထက် တို၏။ ဝမ်းဗိုက်၏ ဘေးဘက်တွင် အသံကြားအင်္ဂါ ရှိ၏။ အထီးများသည် နောက်ခြေစုံနှင့် ရှေ့တောင်ပံအနားကို ပွတ်တိုက်ခြင်းဖြင့် အသံဖြစ်ပေါ်စေ၏။ အမ၏ ဥ ဥတံသည် တိုပြီး ဥများဥချရန် မြေကြီးတူးရာ၌ အသုံးပြုသည်။

ကောင်းမွန်သော ရာသီဥတုအခြေအနေတွင် အချို့ နှံကောင်သားလောင်းများ ပွားများပြီး စုဝေးနေထိုင်ကြ၏။ သို့မှသာ ရာသီဥတု ခြောက်သွေ့သောဒဏ်မှ လွတ်ကင်း၍ အစာအတွက် နေရာသစ်များကို ရှာဖွေနိုင်မည် ဖြစ်သည်။ ဤကဲ့သို့သောအခြေအနေတွင် ကျိုင်းကောင်များသည် အသွင်ပြောင်းပြီး သက်ကြီးကောင်ဖြစ်လာသောအခါ ပျံနိုင်ရန်အတွက် တောင်ပံများ ရှည်ထွက်လာ၏။ ၎င်းတို့သည် အုပ်စုလိုက် ပျံသန်းကြပြီး လမ်းတလျှောက် သီးနှံများကို ဖျက်ဆီးသွားကြသည်။



သဲကန္တာရကျိုင်းကောင်၏ ဥများနှင့် ပေါက်ခါစ ပိုးမမည် (ဝဲပုံ)။ ကျိုင်းကောင်ငယ် (အလယ်ပုံ)။ ကျိုင်းကောင် (ယာပုံ) သည် အညိုရောင် ရှိသော်လည်း စိုထိုင်းခြင်းနှင့် အခြား ကျိုင်းကောင်ဦးရေအပေါ် တည်ပြီး အရောင်ပြောင်းသွားနိုင်၏။





နှံကောင်၏တောင်ပံတွင် အရောင်မျိုးစုံပါရှိနေခြင်းဖြင့် ၎င်းသည် သက်ကြီးကောင်ဘဝသို့ ရောက်ရှိပြီဖြစ်ကြောင်းပြ၏။ သက်ကြီးကောင်များသည် သားငယ်များထက် ပို၍လျင်မြန် ဖျတ်လတ်သည်။

နှံကောင်၏ဦးခေါင်းပိုင်းတွင် အာရုံခံအင်္ဂါများစွာပါရှိ၏။ အနံ့နှင့်အထိအတွေ့ကို ဦးမှင်ဖြင့် ခံယူသိရှိနိုင်သည်။ အရသာကို ပါးစပ်ဖြင့်သိရပြီး အမြင်ကိုမူ စုပေါင်းမျက်စိဖြင့် တွေ့မြင်ရ၏။



ခန္ဓာကိုယ်တွင် အနက်နှင့် အနီစင်းများ ပါရှိသည့် နှံကောင်







ပန်းရောင် ကျိုင်းကောင်ငယ်သည် အစာစားယင်း အချိန်ကို ကုန်စေသည်။ ၎င်းနောက် တောင်ပံများ ထွက်လာပြီး အရေပြားမှာလည်း မာကျောလာသည်။ အရောင်မှာ အညိုနှင့်အစိမ်းရောင်ဖြစ်လာပြီး နောက်ဆုံးအကြိမ် အရေခွံလဲကာ သက်ကြီးကောင်ဘဝသို့ ရောက်လာ၏။ (အလယ်ပုံနှင့်ယာပုံ)



အရှေ့တောင်အာရှမှ ဦးမှင်ရှည်နှံကောင်သည် ပီလောပီနံရွက်ကို စားနေသည်။ ၎င်း၏ တောင်ပံကြောများသည်ပင် ရွက်ကြောများနှင့် သဏ္ဌာန်တူနေသည်။

## ဦးမှင်ရှည်နှံကောင်၊ ခွားခုတ်ကောင်နှင့်ပုရစ်များ

ဦးမှင်ရှည်နှံကောင်၊ ခွားခုတ်ကောင်နှင့် ပုရစ်များသည် အများအားဖြင့် ညတွင်သာ သွားလာကျက်စားတတ်ကြသည်။ အသံသာကြားရပြီး မမြင်ရချေ။ အဖိုများသည် ရှေ့တောင်ပံစုံ၏အောက်ခြေကို ပွတ်တိုက်ပေးခြင်းဖြင့် အသံထွက်ပေါ်စေ၏။ ခွားခုတ်ကောင်အဖိုများသည် တောင်ပံတစ်ဘက်ကိုမပြီး တယောလက်တံသဖွယ်ပြုလုပ်ကာ ကျန်တောင်ပံတစ်ဘက်၏အနားကို ပွတ်တိုက်ပေးခြင်းဖြင့် အသံထွက်စေ၏။ အသံထွက်ကိရိယာကို သုံးပြီး သဘာဝဖိုသံမျိုးကိုတုရ၍ အသံပေးခြင်းဖြင့် အမများကို ဆွဲဆောင်နိုင်သည်။

ဤအင်းဆက်ပိုးအားလုံးနီးပါး၏ ရှေ့ခြေထောက်တွင် နားရှိသည်။ ကျိုင်းကောင်များနှင့် မတူသည့်အချက်မှာ ၎င်းတို့တွင် ခန္ဓာကိုယ်ထက် ပို၍ရှည်လျားသည့် အပ်ချည်မျှင်ကဲ့သို့ ဦးမှင်တစ်စုံရှိခြင်းဖြစ်၏။ အမများသည် ဥများကို ဥ ဥတံမှတဆင့် မြေကြီးအတွင်းသို့မဟုတ် အပင်တစ်ရှူးများအတွင်းသို့ ဥချတတ်ကြ၏။ နှံကောင်နှင့် ပုရစ်များသည် မျိုးခြားစားကောင်များ၏ ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် အရောင်အမျိုးမျိုးကို ပြုလုပ်လေ့ရှိကြသည်။ ပုရစ်များသည် မြေကြီးတွင်နေသောကြောင့် မြေကြီးအရောင်နှင့် တသားတည်းဖြစ်စေရန် ညိုမည်းသော အရောင်ရှိကြ၏။



ကျယ်လောင်သော မိတ်လိုက်သီချင်းသံ ပြုတတ်သည့် ခွားခုတ်ကောင်အဖို (ယာပုံ)



ကလေးယေ်၏ လက်အရွယ်ရှိသည့် ကြီးမားသောနှံကောင်



ရှည်လျားသော ဦးမှင်များပါသည့် ခါးခုတ်ကောင်သည် တောင်ပံရှည်ကို ရိုက်ခတ်ကာ လေထဲတွင်ပျံဝဲနေသည်။



ပုရစ် — ကျိုင်းကောင်သည် သစ်ပင်ပေါ်၌ နေထိုင်ပြီး အသံလည်းမပြု၊ အသံလည်း မကြားနိုင်ပေ။



ဤပုရစ်သည် အမကိုမြူဆွယ်ရန်လည်းကောင်း၊ ပြိုင်ဘက်အဖိုကို ရှောင်ပြေးစေရန်လည်းကောင်း တောင်ပံဖြန့်ပြီး အသံပြုနေသည်။ ရှေ့တောင်ပံတစ်ဘက်ရှိ အသွားငယ်ကိုအသုံးပြုပြီး အခြားတောင်ပံတစ်ဘက်မှ မာကျောသော အကြောများပေါ် ပွတ်တိုက်ခြင်းဖြင့် အသံထွက်စေသည်။ အပူချိန်များလာသည်နှင့်အမျှ အသံလည်း ပိုကျယ်လာသည်။

# လမ်းလှည့်ကြောက်သော တုတ်နှင့်သစ်ရွက်များ

အများအားဖြင့် အပူပိုင်းဒေသများတွင် တွေ့ရသော တုတ်ချောင်းပုံအင်းဆက်ပိုးနှင့် သစ်ရွက်ပုံအင်းဆက်ပိုးတို့သည် အပင်၏ အစိတ်အပိုင်းများနှင့် လွန်စွာ တူသောကြောင့် လှုပ်ရှားမှသာ အင်းဆက်ပိုးဖြစ်ကြောင်း သိရသည်။ ဤအရွယ်ကြီး အင်းဆက်ပိုးများ အတွက် ပုံဖျက်ခြင်းသည် လိုအပ်ချက်ဖြစ်သည်။ အရွယ်ကြီး တုတ်ချောင်းပုံအင်းဆက်ပိုး၏ အရှည်သည် ဆင်တီမီတာ ၄၀ ကျော်သည်။

တုတ်ချောင်းပုံအင်းဆက်ပိုးနှင့် သစ်ရွက်ပုံအင်းဆက်ပိုးတို့၏ အမများတွင် ဥဥချရန် အထူးအင်္ဂါအစိတ်အပိုင်းမရှိ။ ဥများကို ၎င်းတို့နေထိုင်ရာ အပင်၏ အကိုင်းများပေါ်မှ မြေပေါ်သို့ ဥချ၏။ ပေါက်လာသော သားလောင်းများသည် ညအခါ ပင်စည်မှတဆင့် အပင်ပေါ်သို့တက်လာကြသည်။သက်ကြီးကောင်တို့တွင် အရောင်တောက်သော တောင်ပံများရှိပြီး ပျံသန်းချိန်တွင်ဖြန့်၍ နားနေချိန်တွင် ခေါက်သွင်းထားတတ်သည်။ နားနေချိန်တွင် သစ်ပင်၏အရွက် သို့မဟုတ် အကိုင်းငယ်များနှင့် လွန်စွာတူအောင် နေတတ်ခြင်းသည် မျိုးခြားစားကောင်များကို လှည့်စားရန် ဖြစ်၏။



သစ်ကိုင်းပေါ်တွင် ဟန်ချက်ထိန်း၍နားနေသော သစ်ရွက်ပုံအင်းဆက်ပိုး (အထက်ပုံ) သည် အပင်စားအင်းဆက်ပိုးများ စားသုံးခြင်းခံထားရသည့်အရွက်နှင့် သဏ္ဍာန်တူ၏။



အရွက်အကိုင်းတို့နှင့် ရောနှောနေထိုင်သော တုတ်ချောင်းပုံအင်းဆက်ပိုးကို အရှေ့တိုင်းရှိ အပူပိုင်းဒေသများ၌ တွေ့ရသည်။ အရှည် ၁၅ ဆင်တီမီတာကျော်အထိ ရှိနိုင်သည်။



အပင်ကိုတွဲလောင်းခိုပြီး အရေခွံလဲနေသော တုတ်ချောင်းပုံအင်းဆက်ပိုးသည် အရှည် မီလီမီတာ ၅၀ ရှိ၏။ နှေးကွေးစွာ လှုပ်ရှားတတ်သည်။



ခူကောင်သည် ရှိခိုးကောင်၏လက်တွင်း၌ အသက်ဆုံးရှုံးခဲ့ရသည်။ ရှိခိုးကောင်သည် ၎င်း၏ စူးရှသော မျက်လုံးအစုံကို လွှန်စွာအားထားသည်။



ရှိခိုးကောင်သည် တောင်ပံများနှင့် ကိုယ်နောက်ပိုင်းကိုဖြန့်လျက် ကြောက်ဖွယ် ပုံဆောင်ထားသည်။



ရှိခိုးကောင်ကြီးသည် အစာကို စောင့်စားနေစဉ် ပုံဖျက်ထားသည်။ ၎င်း၏ ကြီးမားသောအရွယ်ကို ဖုံးအုပ်ထားနိုင်သည့် အပင်များကြားတွင် နေထိုင်လေ့ ရှိသည်။

## ရှိခိုးကောင်များ

ရှိခိုးကောင်များသည် ကြီးမားသည်။ အစိမ်းရောင်ရှိပြီး ထင်ရှားသော အသွင်ရှိသည်။ ရှေ့ဘက်ခြေထောက်များကို လက်အုပ်ချီသည့် ပုံစံမျိုး ထားတတ်သည်။ ၎င်းတို့သည် အေးချမ်းစွာနေထိုင်သည့် အသွင်ဆောင်သော်လည်း ဆိုးရွားသော မျိုးခြားစားကောင်များ ဖြစ်ကြသည်။ မျက်စိအမြင်အားကို အသုံးပြုပြီး အစာရှာဖွေလေ့ရှိသောကြောင့် နေ့အခါများ၌သာ လှုပ်ရှားသွားလာသည်။ ကြီးမားသော မျက်စိအစုံသည် အကွာအဝေးကို တိကျစွာခန့်မှန်းနိုင်သည်။ အစာကို တွေ့သောအခါ မျက်ခြည်အပြတ်မခံပဲ ကိုယ်ကို သစ်ရွက်များ၊ ပန်းပွင့်များ လေတိုက်၍ လှုပ်သကဲ့သို့ အနည်းငယ် လှုပ်ပေးသည်။

ထို့နောက် သန်မာသည့်ရှေ့ခြေအစုံဖြင့် သားကောင်ကို လျင်မြန်စွာအုပ်ဖမ်း၏။

ငှက်များနှင့် ဖွတ်ပုတတ်မျိုးများ၏ ဘေးမှလွတ်မြောက်ရန် သစ်ရွက်များ၊ တုတ်ချောင်းများနှင့် သစ်ခွပန်းများ၏ အသွင်ကိုပင် အတုခိုးနေထိုင်တတ်သည်။ ကမ္ဘာအနှံ့ အပြားတွင် တွေ့ရသော်လည်း အပူပိုင်းဒေသတွင် ပိုမိုများပြားပြီး ဥယျာဉ်မှူးများ၏ ဂရုထားလေ့လာမှုကို ခံရသည်။ မိတ်လိုက်ရာတွင် အမများသည် အဖိုကိုစားသည်။ အဖိုသည် အမထက်ငယ်သည်။ အမှန်မှာ အမသည် အဖို၏ဦးခေါင်းကိုစားလိုက်မှ မိတ်လိုက်ရာတွင် အဖိုအတွက် မှန်ကန်သည့်လှုပ်ရှားမှုမျိုးကိုရသည်။ ဥများကို အစုလိုက်ဥချပြီး အပေါ်မှ အမြှုပ်ကဲ့သို့သော ပစ္စည်းဖြင့် ဖုံးအုပ်ထားသည်။



ပိုးဟပ်သည် ကောင်းစွာပျံသန်းနိုင်စွမ်း မရှိပေ။ သို့သော် လိုအပ်လာလျှင် ပျံသန်းသည်။ ပုံတွင် သစ်တော သို့မဟုတ် မြက်ပင်များပေါ်၌ နေထိုင်သော ပိုးဟပ်ကို ပြထားသည်။



ဂေါ်ဖီထုပ်ပေါ်၌ နားနေသော ပိုးဟပ်အမ၏ ခန္ဓာကိုယ်နောက်ပိုင်း တွင် အညိုရောင် ဥအိတ်ငယ် ပေါ်လွင်နေ၏။ ဥမှ သားပေါက်သည့်အချိန်ထိ ၎င်းဥအိတ်ကို သယ်ဆောင်ထားသည်။

# ညတွက်အင်းဆက်ပိုးများ

ပိုးဟပ်များသည် အလွန်ရှေးကျသော အကြမ်းခံ အင်းဆက်ပိုးများ ဖြစ်ကြ၏။ ပြား၍ကျယ်သော ခန္ဓာကိုယ် ရှိကြ၏။ အချို့ပိုးဟပ်မျိုးတို့သည် ဗက်တီးရီးယားနှင့် မှိုများပေါများရာ အမှိုက်ပုံကဲ့သို့သော နေရာများတွင် နေထိုင်လေ့ရှိကြသည်။၎င်းတို့ကို လူရှိရာအရပ်ဒေသတိုင်းတွင် တွေ့နိုင်သည်။ လူနေအိမ်များနှင့် ရေထွက်ပြွန်များတွင် နေထိုင်ကြပြီး အများအားဖြင့် ညဘက်တွင်ထွက်၍ အစာရှာဖွေတတ်ကြ၏။ ၎င်းတို့သည် မစင်နှင့် စားကြွင်းစားကျန်များကို စားသောက်လေ့ရှိခြင်းကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို ဖြစ်စေသည်။ အနံ့ဆိုးရှားသည်။ ၎င်းတို့သည် ဥပဒ်ပေးသည့် ဗက်တီးရီးယားများကို မည်သို့ပျံ့နှံ့စေသည်ဟု ပြောရန်ခက်နေသေးသော်လည်း ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် အကောင်များဖြစ်ကြောင်းကိုကား သိရသည်။

## မီးစုန်းအင်းဆက်ပိုးများ

နှံကောင်များနှင့်မျိုးနွယ်သည့် သေးသွယ်သော မီးစုန်းအင်းဆက်ပိုးများကို ကမ္ဘာအနှံ့အပြားတွင် တွေ့မြင်ရ၏။ ၎င်းတို့သည် လူတို့ကို အန္တရာယ်မဖြစ်စေသော်လည်း ညဘက်တွင် လူတို့၏ နားအတွင်းသို့ ဝင်ရောက်တတ်သည်ဟု ယူဆကြသည်။ အများစုမှာ ကျောက်တုံးများ၊ သစ်တုံးများနှင့် သစ်ပင်၏ အခေါက်များကြားတွင် နေလေ့ရှိကြ၏။

မီးစုန်းအင်းဆက်ပိုးများ၏ ခန္ဓာကိုယ်နောက်ပိုင်းတွင် ထူးဆန်းသည့် ညှပ်ရှိ၏။ ၎င်းညှပ်ကို အစာချီရာ၌လည်းကောင်း၊ တောင်ပံဖြန့်ရာ၌ လည်းကောင်း၊ ဘေးအန္တရာယ်ကာကွယ်ရာ၌ လည်းကောင်း အသုံးပြုကြသည်။ အခြား အင်းဆက်ပိုးများနှင့် မတူသည့်အချက်မှာ မီးစုန်းအင်းဆက်ပိုး အမများသည် ဥမှပေါက်လာသည့် သားငယ်များကို စောင့်ရှောက်တတ်ကြခြင်း ဖြစ်၏။ ဤအလေ့အထသည် စုပေါင်းနေထိုင်တတ်သည့် အင်းဆက်ပိုးတို့၏ ဆင့်ကဲဖြစ်စဉ်မှ အဆင့်တဆင့်ကို ပြသည်။



ဥမှပေါက်ခါစ ပိုးဟပ်ငယ်များသည် အဖြူရောင် ဖြစ်သည်။ သားဖောက်ခန်းတခုတွင် ဥပေါင်း ၃၀ ကျော်ခန့် ရှိနိုင်သည်။



ခန္ဓာကိုယ် သေးသွယ်ရှည်လျားသော မီးစုန်းအင်းဆက်ပိုး အထီးသည် အမြင်အားဖြင့် ကြောက်စရာ ကောင်းသော်လည်း အန္တရာယ်မပြုတတ်ပေ။ ခန္ဓာကိုယ် နောက်ပိုင်းတွင် တွေ့ရသော ဦးချိုကဲ့သို့မှာသည့် ညှပ်ကြီးများသည် အမ၏ညှပ်ထက်ပိုကြီးပြီး ပုံသဏ္ဍာန်ကွဲပြားသည်။

# စုပေါင်းနေအင်းဆက်ပိုးများ

အင်းဆက်ပိုးအများစုသည် တကောင်ချင်း နေထိုင်ကျက်စားလေ့ ရှိသည်။ ဘေးအန္တရာယ်မှကာကွယ်ရာတွင်လည်း အခြားအင်းဆက်ပိုးများထံမှ အကူအညီယူလေ့မရှိချေ။ သို့ရာတွင် အချို့အင်းဆက်ပိုးများသည် အသက်ရှင်နေနိုင်ရေးအတွက် စုပေါင်းနေထိုင်လေ့ရှိကြ၏။ ၎င်းတို့မှာ ပျား၊ ပုရွက်ဆိတ်၊ နကျယ်ကောင်နှင့် ခြများဖြစ်ကြသည်။ ဤကဲ့သို့ စုပေါင်း နေထိုင်သော အင်းဆက်ပိုးများသည် တာဝန်ကိုယ်စီယူကြရသည်။ အသိုက်အအုံ ဆောက်လုပ်ခြင်း၊ အစာရှာခြင်း၊ သားငယ်များကိုအစာကျွေးခြင်းနှင့် အန္တရာယ်ကို ခုခံကာကွယ်ပေးခြင်းတို့ဖြစ်၏။ မိခင်ဖြစ်သည့် ဘုရင်မတစ်ကောင်သာ ပါဝင်လေ့ရှိပြီး ၎င်း၏တာဝန်မှာ သက်တမ်းတလျှောက်လုံးတွင် မျိုးပွားရန်အတွက် ဥ ဥပေးရခြင်းဖြစ်သည်။

## ဆောက်လုပ် - ဖျက်ဆီးသူများ

ပုရွက်ဆိတ်ဖြူဟုခေါ်လေ့ရှိသော ခြများသည် သစ်သားများကို စားသည့်အတွက် လည်းကောင်း၊ အဖွဲ့အစည်းဖြင့် စုပေါင်း နေထိုင်သည့်အတွက် လည်းကောင်း လူသိများသည်။ ၎င်းတို့သည် ပိုးဟပ်များကဲ့သို့ပင် အလင်းရောင်ကို ရှောင်ကြသည်။ လုပ်သားခြများသည် မှောင်နေသောခြအုံများအတွင်း နေထိုင်ကြသောကြောင့် မျက်လုံးများပင် မပါရှိချေ။ ခြများသည် တကောင်ချင်း အားနည်းသော်လည်း အဖွဲ့အစည်းနှင့်မူ အလွန်အားသန်၏။

၎င်းတို့၏စိမ့်ထွက်ရည်ကို မြေကြီးနှင့်ရောပြီး အင်္ဂတေကဲ့သို့ အသုံးပြုကာ ခြအုံများဆောက်လုပ်ကြ၏။ ပူအိုက်သောတိုင်းပြည်များတွင် ခြအုံအတွင်း၌ အေးနေစေရန် မြက်ခြောက်များထည့်ကာ ဆောက်လုပ်ထားခြင်းဖြင့် လေဝင်လေထွက် ပြွန်ပေါက်များဖြစ်နေစေပြီး လေလှည့်ပတ်မှုကို ဖြစ်ပေါ်စေသည်။

ခြများသည် ဆောက်လုပ်မှုတွင် ကျွမ်းကျင်သကဲ့သို့ ဖျက်ဆီးမှုတွင်လည်း ကျွမ်းကျင်လျင်မြန်၏။၎င်းတို့၏အဓိကအစာမှာ သစ်သားဖြစ်သည်။သစ်သားဖြင့် ဆောက်ထားသောအခင်း၊ အကာနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို နှစ်စဉ်ဖျက်ဆီးခြင်းကြောင့် ပျက်စီးဆုံးရှုံးမှု များစွာဖြစ်ပေါ်စေ၏။



စစ်သားခြများသည် ညှပ်ကဲ့သို့သော မေးရိုးနှင့် အဆိပ်ရည်ပန်းထွက်သည့် နှာရောင်ကို အသုံးပြုပြီး ရန်သူပုရွက်ဆိတ်များကို ခုခံကာကွယ်သည်။



ဆောက်လုပ်ရေး၌ ကျွမ်းကျင်သည့် ခြများသည် မြင့်မားခိုင်ခံ့သော ခြတောင်ပို့ကို ဆောက်လုပ်ထားသည်။



အစာရှာဖွေ စုဆောင်းရသောခြများသည် မြက်ပင်များကို ညီညာစွာဖြတ်တောက်ပြီး ခြအုံရှိရာသို့ သယ်ဆောင်လာကြသည်။

မျက်နှာချင်းဆိုင် စာမျက်နှာရှိ အထက်ဝဲပုံမှာ ခြဘုရင်မပုံဖြစ်သည်။ ၎င်းသည် တနေ့လျှင် ဥပေါင်း ၃၀,၀၀၀ ခန့် ဥနိုင်သည်။ အထက်ယာပုံတွင် တွေ့ရသော လုပ်သားခြများမှာ ခြဘုရင်မကိုပြုစုရပြီး ဥချလိုက်သော ဥများကို ရွှေ့ပြောင်းပေးရသော တာဝန်ကို ထမ်းဆောင်ရ၏။ အောက်ဝဲပုံမှာ ဥမှ ပေါက်ခါစ ခြသားလောင်းများသည် ပတ်ဝန်းကျင်ရှိ မှိုများကို စားသောက်နေပုံဖြစ်၏။ အောက်ယာပုံတွင် အရွယ်ရောက်ပလူ (တောင်ပံပါခြ) နှစ်ကောင် ပျံသန်းပြီး မိတ်လိုက်ရန်ပြင်ဆင်နေသည်ကို စစ်သားခြများက စောင့်ရှောက်ပေးနေပုံကို ပြထားသည်။

## ခြအဖွဲ့အစည်း

ခိုင်မာသောအုံအတွင်း၌ ခြအမျိုးမျိုးနေထိုင်သည်။ ခြအုံတခုတွင် လုပ်သားခြများ၊စစ်သားခြများ၊ခြဘုရင်နှင့် ခြဘုရင်မတို့ နေထိုင်၏။ဘုရင်နှင့် ဘုရင်မတို့သည် အချိန်ကျတိုင်း ၎င်းတို့၏မှောင်သောအခန်းထဲတွင် ပေါင်းသင်း၏။ ခြများတွင် ပိုးတုံးလုံးအဆင့်မရှိပေ။ ထို့ကြောင့် အကောင်ငယ်များသည် သက်ကြီးကောင်များနှင့် သဏ္ဌာန်တူပြီး အပြည့်အဝ လှုပ်ရှားနိုင်၏။

လုပ်သားခြများနှင့် စစ်သားခြများသည် အဖိုသို့မဟုတ် အမများဖြစ်နိုင်သော်လည်း မျိုးပွားနိုင်စွမ်းမရှိကြချေ။ လုပ်သားခြ၏ မေးရိုးမှာ ပုံမှန် ဖြစ်သော်လည်း စစ်သားခြ၏မေးရိုးမှာမူ ရန်သူ့ဘေးမှ ကာကွယ်ရန်အတွက် ပိုမိုကြီးထွားသည်။ လုပ်သားခြများသည် ခြအုံဆောက်လုပ်ရန် တာဝန်အပြင် အကောင်ငယ်များ၊ ဘုရင်၊ ဘုရင်မနှင့် စစ်သားခြများကိုပါ အစာကျွေးရ၏။

သစ်သားစားခြများသည် အစာကြေစေရန် ၎င်းတို့၏ အူနောက်ပိုင်းနေ ပရိုတိုဇွာမျိုးများကို အားထားရသည်။ အဆင့်မြင့်သော ခြမျိုးစိတ်များတွင် ခြအုံအတွင်း၌ မှိုတမျိုးကို လုပ်သားခြများက စိုက်ပျိုးပြီး ခြအားလုံးက စားသောက်ကြသည်။

ခြဘုရင်မသည် နှစ် ၅၀ ခန့်အထိ အသက်ရှင်နိုင်ပြီး အချိန်မှန်မှန် ဥချသောဥများကို လုပ်သားချများက သယ်ယူသွားကြရသည်။ ၎င်းခြဘုရင်မသည် မူလက တောင်ပံပါပြီး အခြားတောင်ပံပါ အဖိုအမများနှင့်အတူ အုံ၏အပြင်ဘက်သို့ ပျံသန်းသွားပြီး ဘေးကင်းရာနေရာတွင် ဆင်းသက်၍ အဖိုကို မြှူသည်။ တောင်ပံများကြွေကျသွားပြီး ဖိုမပေါင်းသင်းသည်။ ထို့နောက် အုံအသစ်တည်ဆောက်ပြီးလျှင် ဘုရင်ငယ်သည် ဘုရင်မနှင့် အသက်ထက်ဆုံး ပေါင်းသင်း နေထိုင်သည်။ ဘုရင်မသည် ဥများကို ဒိုင်ခံ၍ ဥနေရသည်။ တခါတရံ ဝမ်းဗိုက်သည် အလွန်လေးလံသောကြောင့် လှုပ်၍ပင်မရချေ။ မူလဘုရင်မနှင့် ဘုရင်တို့ သေဆုံးသွားသောအခါ ဘုရင်မအသစ်နှင့် ဘုရင်အသစ် စုံတွဲတို့က မျိုးပွားခြင်းကို ဆက်၍တာဝန်ယူကြသည်။











သစ်ရွက်အုံ၏အပြင်၌ ကင်းစောင့်နေသည့် ခါချဉ်များ (အထက်ပုံ)။ တည့်မတ်စွာ ရပ်ပြီး မေးရိုးများကို ကျယ်ပြန့်စွာ ဖွင့်ထားကြသည်။

# အလုပ်များသည့် ပုရွက်ဆိတ်များ

ခါးသိမ်သော အင်းဆက်ပိုးတမျိုးဖြစ်သည့် ပုရွက်ဆိတ်များသည် အစုလိုက်နေကြသည်။ မြေကြီးအောက်တွင်လည်းကောင်း၊ သစ်ပင်များတွင် လည်းကောင်း အသိုက်အအုံ ဆောက်ကြသည်။ အစာရှာသွားကြသော လုပ်သား ပုရွက်ဆိတ်များသည် မျိုးပွား နိုင်စွမ်းမရှိသည့် တောင်ပံမဲ့ အမများဖြစ်သည်။ အစာရှာခြင်း၊ ဘုရင်မကိုပြုစုခြင်း၊ သားကောင်ပေါက်များကို ထိန်းခြင်းနှင့် အသိုက်အအုံ ပြုပြင်ခြင်း တို့ကိုသာလုပ်သည်။ ဘုရင်မများနှင့် အဖိုများ၌သာ တောင်ပံပါကြသည်။ အဖိုများ အသက်တို၏။

ပုရွက်ဆိတ်များသည် အစာအိမ်တွင်းသို့ ရောက်ပြီးသားအစာများကို အချင်းချင်း ဖလှယ်နိုင်စွမ်း ရှိကြသည်။ ပုရွက်ဆိတ်နှစ်ကောင်ဆုံလျှင် တကောင်နှင့်တကောင် ဦးမှင် ချင်းပုတ်ပြီး ယုယစွာပွတ်သပ်၍ အစာချင်းဖလှယ်ကြ၏။ အုံထဲတွင်ရှိသော အကောင် ငယ်များသည် သက်ကြီးကောင်များထံမှ အစာကိုမျှော်ကိုးပြီး မိမိတို့ဝမ်းတွင်းရှိအစာကို အန်ထုတ်ပေး၏။ သက်ကြီးကောင်များက ဤအစာများကို စားသော်လည်း အကောင် ငယ်များအား အန်၍ ပြန်ကျွေးခြင်းမျိုး မရှိပေ။





ရွက်ဖြတ်ပုရွက်ဆိတ်များ သစ်ရွက်များကို ကိုက်ဖြတ်ဝါးစားနေသည်။ (ယာပုံ) ။ပုရွက်ဆိတ် ၏ ဇီဝစက်တွင် သားလောင်းအဆင့်ရှိသည်။ အကောင်ငယ်များကို လုပ်သား ပုရွက်ဆိတ် အမများက ပြုစုရသည်။ (အထက်ပုံ)



စစ်တပ်ပုရွက်ဆိတ်မျိုးများ (အထက်ပုံ) သည် အသားစားများဖြစ်ပြီး အခြေအတည်တကျ မရှိ။ ဘုရင်မ ဥဥချိန်နှင့်ကြုံလျှင် ရပ်တန့်၍ သားငယ်များပေါက်လာသည်အထိ စောင့်ဆိုင်းပြီးမှ ရှေ့သို့ ဆက်လက်သွားကြသည်။

## ပုရွက်ဆိတ်များနှင့် ၎င်းတို့၏အလေ့အထများ

အချို့ပုရွက်ဆိတ်များသည် ပျကောင်များနှင့် အကြေးပါအင်းဆက်ပိုးများကို လယ်သမားများ နွားမွေးသကဲ့သို့ မွေးမြူကြသည်။၎င်းတို့ထံမှ အချိုရည်ကို ရပြီး ၎င်းတို့အား ပုရွက်ဆိတ်များက ရန်သူများဘေးမှ ကာကွယ်ပေးသည်။ အချို့ပုရွက်ဆိတ်များသည် နွေဦးပေါက်အချိန်တွင် ပျမျိုးကို စားကျက်များသို့ ခေါ်ဆောင်သွားလေ့ ရှိ၏။ အချို့မှာ ပျကောင်များနေထိုင်ရန် အိမ်ငယ်များကိုပင် စက္ကူဖြင့် ဆောက်လုပ်ပေးသည်။

ပုရွက်ဆိတ်အားလုံးလိုလိုပင် မြေမျက်နှာပြင်အထက်တွင် အုံကိုဆောက်သည်။ အချို့တွင် အဆိပ်ဆူးများ ကွယ်ပျောက်သွားပြီး အခြားကာကွယ်နည်းများ ပေါ်ပေါက်လာသည်။ ဥပမာ—ပုရွက်ဆိတ်များသည် ရန်သူနှင့်တွေ့လျှင် ရန်သူ၏ဝမ်းဗိုက်ပိုင်းကိုခွဲ၍ ပူလောင်သည့်အဆိပ်ရည်ကို ပန်းထည့်လိုက်ခြင်းမျိုးဖြစ်၏။

ကြောက်စရာကောင်းသော ပုရွက်ဆိတ်မျိုးများသည် အစုလိုက် ချီတက်သွားလာယင်း အဖျက်လုပ်ငန်းများ လုပ်သွားသည်။ ရှေးကျသော စစ်တပ်ပုရွက်ဆိတ်မျိုးသည် ချီတက်ယင်း တွေ့ရာအကောင်များကို စားသွားကြသည်။

စစ်တပ်ပုရွက်ဆိတ် အကောင်ငယ်များကို လုပ်သားပုရွက်ဆိတ်များက ကြပ်မတ်၍ မွေးမြူသည်။ကြီးပြင်းလာသည့်အခါ တန်းစီပြီး ခရီးဝေး ချီတက်သည်။ လမ်းတလျှောက်၌ တွေ့ရာအကောင်များကို စားသွားကြသည်။



အကြေးပါအင်းဆက်ပိုးအဖို့က ထုတ်သော အချိုရည်ကို မှီဝဲနေကြသည့် ပုရွက်ဆိတ်နှစ်ကောင်သည် အချိုရည်ရရှိရန် အကြေးပါအင်းဆက်ပိုး၏ကျောကို ၎င်းတို့၏ ဦးမှင်ဖြင့် သပ်ပေးရသည်။



နကျယ်ကောင်သည် ပင်စည်၌ အုံဆောက်ရန်အတွက် ရွှံ့ပျော့အတုံးငယ်ကို ရှေ့ခြေအစုံနှင့် မေးရိုးများဖြင့်ထိန်းကာ သယ်ယူနေသည်။



ဖလံ၏ခူကောင်ကိုယ်တွင်းမှ ကပ်ပါးနကျယ်နှစ်ကောင် ထွက်လာသည်။ (အထက်ပုံ) ။ ကပ်ပါးနကျယ်သည် သားလောင်းများ အာဟာရစုပ်ယူနိုင်ရန် သက်ရှိလက်ခံကောင်၏ ကျောပေါ်၌ ပိုးအိမ်များ ဆောက်ထားသည်။ (ယာပုံ)

# အကြံကောင်းသော နကျယ်များ

နကျယ်များတွင် ၎င်းတို့လိုအပ်ချက်များကို အေးချမ်းစွာ ရယူနိုင်သောနည်းလမ်းများရှိသည်။ ပျားများပါဝင်သော အုပ်စုမှ ဖြစ်လင့်ကစား သားစားကောင်များအဖြစ်ဖြင့် အောင်မြင်စွာ နေထိုင်နိုင်စွမ်းရှိကြ၏။ အချို့သည် မိမိတို့ စားသောက်သည့် အကောင်များ၏နေရာ၌ ဝင်ရောက်နေထိုင်ပြီး ဥများကို ဥချသည်။ နကျယ်များသည် ခြေထောက်မဲ့ သားငယ်များကို မိဘသဖွယ် ကြည့်ရှုမွေးမြူရ၏။ သားငယ်များကို ကျွေးမွေးယင်း လုပ်ရိုးလုပ်စဉ်များကို ဆက်လက်လုပ်ကိုင်သည်။ တောင်ပံမဲ့ အချို့အမျိုးများမှ လွဲ၍ တောင်ပံပါ အမျိုးအားလုံးသည် ကျွမ်းကျင်စွာ ပျံသန်းနိုင်ကြသည်။ အများအားဖြင့် ၎င်းတို့ကိုယ်တွင် အဝါနှင့်အနက်ရောင် အစင်းများရှိ၏။

နကျယ်များသည် ကြီးမားသောအသိုက်အအုံတွင် နေသည်ဟု ထင်ရသည်။ သို့သော် အချို့နကျယ်များသာ အစုအဝေးနှင့် နေထိုင်ကြသည်။ အများစုမှာ တကောင်ချင်း သို့မဟုတ် ကပ်ပါးအသွင်ဖြင့် နေထိုင်သည်။ ကပ်ပါးနကျယ်အမသည် သက်ရှိခူကောင်များ၏ ကိုယ်တွင်းသို့ ဥများဥချသည်။ ပေါက်လာသည့်သားငယ်များသည် ခူကောင်၏အရည်ကို မှီဝဲသောကြောင့် နောက်ဆုံးတွင် ခူကောင်သေသွားသည်။

ခူကောင်ဆောက်လုပ်သည့် ပိုးအိမ်ထဲမှ လိပ်ပြာမပေါက်လာပဲ နကျယ်





အိုးလုပ်နကျယ်သည် မေ့မြောနေသောခူကောင်ကို ၎င်း၏ရွှံ့အိမ်အတွင်း ဆွဲသွင်းနေသည်။ (အထက်ပုံ) ။ ဥ ဥပြီးလျှင် ရွှံ့အိမ်ပေါက်ကို ပိတ်လိုက်၏။ ဥမှ ပေါက်လာသော သားလောင်းအတွက် အစာမှာ သေချာနေပြီ ဖြစ်သည်။

ပေါက်လာလျှင် အံ့သြဖွယ်ရာ မရှိပေ။ အဘယ်ကြောင့်ဆိုသော် ခူကောင်များကို လက်ခံကောင်အဖြစ် အသုံးပြုသည့် ကပ်ပါး နကျယ်များကြောင့် ဖြစ်သည်။ သီးနှံနှင့် သစ်တောများကို ဖျက်ဆီးသည့်ခူကောင်များကို လက်ခံကောင်အဖြစ် သုံးသောကြောင့် ကပ်ပါးနကျယ်များသည် လူတို့အတွက် အကျိုးပြုသည်ဟု ဆိုနိုင်သည်။ အချို့သည် အပင်များအတွင်း၌ ဥများ ဥချသဖြင့် ဥမှပေါက်လာသောသားလောင်းတို့၏ စစ်ထုတ်ရည်တမျိုးကြောင့် အပင်၌ အဖုအပိမ့်များဖြစ်ကုန်သည်။ သဖန်းသီးများအတွင်း၌သာ နေထိုင်တတ်သောနကျယ်များသည် သဖန်းပင်များ ဝတ်မှုန်ကူးရာတွင် အထောက်အကူပြုသည့် တမျိုးတည်းသော အင်းဆက်ပိုးဖြစ်သည်။

ကပ်ပါးနကျယ်မျိုးများသည် သေးငယ်သည်။လက်ခံကောင်၏ အရေပြားကို ထိုးဖောက်နိုင်သည့် သေးသွယ်သော ဥ ဥတံများရှိသည်။ အချို့ ဥ ဥတံများသည် သစ်သားကိုပင် ထိုးဖောက်နိုင်သည်။ နကျယ်များ ဆင့်ကဲဖြစ်ပေါ်လာသည်တွင် ဥ ဥတံများကို ဥချရန် အသုံးပြုရာမှ လက်နက်အဖြစ်ပါ ပြောင်းလဲအသုံးပြုလာကြသည်။ တကောင်ချင်းနေ နကျယ်အတွက် အဆိပ်ဆူးသည် အစာကို ဖမ်းဆီး သတ်ဖြတ်ရန် အသုံးဝင်လှ၏။ အဘယ်ကြောင့် ဆိုသော် သားလောင်းများသည် လက်ခံကောင်တွင်ကပ်ပါးအဖြစ် မှီတွယ်စားသောက်ခြင်းမဟုတ်ပဲ မိဘများက ရှာဖွေဖမ်းဆီးပေးသော အစာကိုသာ စားကြရသောကြောင့် ဖြစ်သည်။





ဥသြနကျယ် (ဝဲပုံ) သည် ဥသြငှက်ကဲ့သို့ပင် သားငယ်များကို ကျွေးမွေးပြုစုခြင်း မရှိ။ အခြားနကျယ်ကောင်နှင့် ပျားတို့၏ အသိုက်တွင် ဥ ဥလေ့ရှိသည်။ နကျယ်ကောင်သည် ပင်စည်ကို ဥ ဥတံဖြင့် ထိုးဖောက်ပြီး စမ်းသပ်တွေ့ရသော အင်းဆက်ပိုးသားလောင်းအတွင်း ဥ ဥရန် ပြင်ဆင်နေ၏။ (အထက်ပုံ)



ကပ်ပါးနကျယ် သဖန်းပိုးများကို တိုက်ခိုက်နေသည်။ ၎င်း၏ရှည်လျားသော ဥ ဥတံသည် သဖန်းသီးအတွင်းဘက်ဆီသို့ရောက်အောင် ဥများကို ဥချပေးနိုင်၏။

## တကောင်ချင်းနေ နကျယ်များ

တကောင်ချင်းနေ နကျယ်မျိုးများသည် ၎င်းတို့၏ သားငယ်များကို ကျွေးမွေးစောင့်ရှောက်ရန် လိုအပ်သည်။ အချို့သည် ခူကောင် သို့မဟုတ် အခြားအင်းဆက်ပိုးများကို ရှာဖွေ၍တုပ်ပြီး အဆိပ်မိစေကာ ရွှံ့အိမ်အတွင်း သို့မဟုတ် မြေကြီးအိမ်အတွင်းထား၍ သားငယ်များစားနိုင်ရန် စီမံပေးသည်။ အစာများ ပြည့်စုံအောင် စုဆောင်းပြီးမှသာ ဥများကို အခန်းငယ်တခုစီတွင် ဥချသည်။ ဥများမှ သားလောင်းများပေါက်ထွက်လာသည်အထိ အခန်းများကို ပိတ်ထားသည်။ 'ပွန်ပီလစ်'နကျယ်သည် ပင့်ကူကိုဖမ်းပြီး အစာအဖြစ် သိုလှောင်ထားတတ်၏။အိုးလုပ်နကျယ်မျိုးသည် သားလောင်းများအတွက် ရွှံ့စေးဖြင့်အိုးငယ်ပြုလုပ်ပြီး အပင် သို့မဟုတ် အကိုင်းငယ်များတွင် တွယ်ကပ်ထားသည်။

'ယူမင်နစ်'နကျယ်နှင့် 'စဖီစစ်' နကျယ်ကဲ့သို့သော အခြား တကောင်ချင်းနေ နကျယ်တို့သည် သတ်ဖြတ်ရရှိလာသည့် သားကောင်များ မပုပ်သိုးမီ သားငယ်များ ရှိရာသို့ ရောက်အောင် မကြာခဏ သယ်ဆောင်ပို့ပေးသည်။ ဤစနစ်သည် မိဘနှင့် သားငယ်များကို ပိုမိုနီးစပ်မှု ရှိစေပြီး အစုအဝေးနှင့် နေတတ်သော နကျယ်များအဖြစ်သို့ ကူးပြောင်းရန် ဦးတည်လျက်ရှိသည်။





အပင်တွင်ပြုလုပ်ထားသည့် ဖုလုံးသဏ္ဌာန် အိမ်အတွင်းမှ ဖုလုံးနကျယ်ပေါက်လာသည်။ (ဝဲပုံ)။ နကျယ်ကောင်သည် ရှိခိုးကောင်ကို ဖမ်းပြီး မိမိ၏ သားလောင်းများ စားရန် အသားလုံးငယ်များအဖြစ် စီမံနေသည်။ (အထက်ပုံ)



'စတီဖင်နစ်'နကျယ်မသည် ၎င်း၏ရှည်သော ဥဥတံကို သစ်ခေါက်ဖောက်ထွင်းရန်နှင့် သစ်ပိုးတောင်မာ သားလောင်းအတွင်းသို့ ဥများ ဥချရန် အသုံးပြုသည်။

## အဖွဲ့အစည်းဖြင့်နေသောနကျယ်များ

နကျယ်ကောင်များအနက် အချို့ မျိုးစိတ်များသာလျှင် စစ်မှန်သောအဖွဲ့အစည်းမျိုးဖြင့် နေထိုင်တတ်ကြသည်။ ပဆုပ်ပနီနကျယ်နှင့် အင်္ကျီဝါနကျယ်များသည် ဤအုပ်စုတွင်ပါဝင်၏။ သစ်ပင်ပေါ်တွင် တွဲလဲရှိနေသည့် စက္ကူအသိုက်အအုံများ၊မြေပေါ်မှအသိုက်အအုံများကို ဆောက်လုပ်ပုံက ၎င်းတို့ကို ထင်ရှားစေသည်။ ပဆုပ်ပနီနကျယ်များသည် အနက်ရောင်ဖြစ်ပြီး မျက်နှာ၊ ရင်ပိုင်းနှင့် ဝမ်းဗိုက်အစွန်းတွင် အဝါစက်များရှိသည်။ အင်္ကျီဝါနကျယ်များ၏ ဝမ်းဗိုက်တွင် အနက်နှင့် အဝါစင်းများရှိသည်။ သတိမမူမိ၍ မတော်တဆ ၎င်းတို့၏အုံကို ထိမိပါက နကျယ်များ အုပ်နှင့်ချီ၍လိုက်ခြင်းကို ခံကြရမည်။ နကျယ်တကောင်တလေ အတုပ်ခံရပါက အန္တရာယ်မကြီးသော်လည်း တအုံလုံး၏ အတုပ်ခံရပါက ထိုလူ၏အသက် ဆုံးရှုံးသည်အထိ ဥပဒ်ပေးနိုင်၏။

နကျယ်အုံကိုကြည့်ခြင်းဖြင့် ၎င်း၌ နေထိုင်သော မျိုးစိတ်များအကြောင်း သိနိုင်သည်။ နကျယ်များသည် သစ်ရွက်များနှင့် အလားတူပစ္စည်းများကိုဝါး၍ ၎င်းတို့၏ တံတွေးများနှင့်ရောပြီး စက္ကူကဲ့သို့ အချပ်ပါးများဖြစ်အောင် ပြုကာ အခြောက်ခံသည်။ ၎င်းစက္ကူချပ်များဖြင့် အုံကို ပုံအမျိုးမျိုး ဆောက်သည်။



ခြေထောက်ရှည်စက္ကူနကျယ်တွင် တောင်ပံနှစ်စုံ ရှိသည်။ ငယ်သော နောက်တောင်ပံစုံကို ရှေ့တောင်ပံစုံတွင် ချိတ်ငယ်များဖြင့် တွဲဆက်ထားသည်။

# စက္ကူလုပ်သည့်နကျယ်များ







စက္ကူအခန်းငယ်နံရံမှ မိုးရေစက်ကို ဖယ်ရှားနေသော နကျယ် (ဝဲအပေါ်ပုံ)။ ခြောက်ထောင့်ပုံ အခန်းငယ်များ (ဝဲအောက်ပုံ) သည် ဥ၊ သားလောင်း၊ ပိုးတုံးလုံးတို့ နေထိုင်ရာအခန်းများ ဖြစ်သည်။ ဂျမေကာကျွန်းမှ စက္ကူနကျယ်များသည် နကျယ်အုံအသစ်ကို စတင်ဆောက်လုပ်နေကြ၏။ (ယာအပေါ်ပုံ)

အဖွဲ့အစည်းဖြင့်နေထိုင်သော နကျယ်မျိုးစိတ်တမျိုးသည် စက္ကူများဖြင့် အသိုက်အအုံငယ်များကို ဆောက်လုပ် နေထိုင်ကြသည်။ ပေါက်ပွားရာ အခန်းအတွင်း၌ သားလောင်းများသည် စောက်ထိုးတွဲလောင်းနေထိုင်ပြီး ပျားရည်နှင့်အခြားအင်းဆက်ပိုးများကို စားသောက်၏။ မျိုးစိတ်အချို့သည် သားလောင်းများကို ပျားရည်နှင့် ပန်းဝတ်မှုန်များကိုသာ ကျွေးသည်။

ဘုရင်မများသည် အုံကိုအစပျိုးရာ၌ ကိုယ်တိုင်လုပ် စက္ကူအခန်းငယ်များတွင် ဥများကို ဥချသည်။ သားလောင်းများ အရွယ်ရောက်လာသည့်အခါ အခန်းကို ပိုးမျှင်များဖြင့်ပိတ်လိုက်ပြီး အတွင်း၌ ပိုးတုံးလုံးဘဝသို့ ကူးပြောင်းစေ၏။ သားလောင်းအချို့ကို မျိုးပွားနိုင်မည့်အမများ ဖြစ်လာနိုင်ရန် ကောင်းမွန်သောအစာများ ကျွေးရန်လိုသည်။ ၎င်းအမများသည် ဆောင်းဦးပေါက်ချိန်တွင် အထီးများနှင့် မိတ်လိုက်သည်။ ၎င်းနောက် အထီးများ၊လုပ်သားများနှင့် အရွယ်မရောက်သေးသော သားလောင်းများ အားလုံး သေကုန်၏။ ဘုရင်မသည် ဆောင်းခိုနေထိုင်ပြီး ဆောင်းကုန်သည်နှင့် တပြိုင်နက် အဖွဲ့အစည်းသစ်ကို ပြုစုပျိုးထောင် အုပ်ချုပ်သည်။

# ပျားများ



ပန်းဝတ်ရည်မှရရှိသော ပျားရည်ကို ဆောင်းရာသီတွင် စားသုံးရန်အတွက် ပျားသလက်များတွင် သိုလှောင်ထားသည်။ (အထက်ပုံ)



ကျယ်ပြန့်စွာမွေးမြူကြသော ပျားမျိုးစိတ်ပုံ။ ဤပျားဘုရင်မ၏ ရင်ပိုင်းတွင် အနီရောင်အမှတ်အသား ပါရှိသဖြင့် လုပ်သားပျားများမှ ခွဲခြားသိနိုင်သည်။

ပျားများသည် နကျယ်ကောင်များနှင့်တူသော်လည်း ပန်းဝတ်ရည်နှင့်ဝတ်မှုန်များကိုသာ စားသုံးသည်။ ဝတ်ရည်ကို စုပ်ယူရန်အတွက် အထူး အင်္ဂါများ ပါရှိ၏။ ခြေထောက်နှင့် ဝမ်းဗိုက်တွင်လည်း ဝတ်မှုန်များကို သယ်ယူနိုင်ရန် အမွေးစုများ ပါရှိ၏။ ၎င်း အမွေးစုများကိုကြည့်ခြင်းဖြင့် ပျားများကို ခွဲခြားသိနိုင်သည်။ ပျားနှင့်ပိတုန်းတို့သည် နောက်ခြေထောက်ရှိ ဝတ်မှုန်အိတ်အတွင်း၌ ဝတ်မှုန်များထည့်ပြီး ပျားအုံသို့ သယ်ယူပို့ဆောင်ပေးနိုင်ကြ၏။

ပျားများသည် နကျယ်များကဲ့သို့ပင် တကောင်တည်း သို့မဟုတ် ကပ်ပါးအဖြစ် နေထိုင်ကြသည်။ အဖွဲ့အစည်းနှင့်နေသည့် ပျားများသာ လူတို့အတွက် အသုံးဝင်သည့် ပျားရည်နှင့် ပျားဖယောင်းကို ထုတ်ပေးကြ၏။ ထို့ကြောင့် ၎င်းပျားများသည်သာ လူတို့အတွက်အဓိကစိတ်ဝင်စားစရာဖြစ်၏။ ပျားများသည် နကျယ်များနှင့်မတူပဲ ၎င်းတို့စားသုံးရန် ကောင်းစွာသိုလှောင်ထားသည့် ပျားရည်နှင့် ဝတ်မှုန်များကြောင့် သက်တမ်းပိုရှည်သည်။ ၎င်းတို့၏ တမျိုးတည်းသော ရန်သူမှာ ကပ်ပါးကောင် အမျိုးမျိုးတို့ ဖြစ်ကြ၏။ ၎င်းကပ်ပါးကောင်များမှာ 'တက်ခ်ီနစ်'ယင်၊ ပျားယင်နှင့် ပိုးတောင်မာတို့ ဖြစ်ကြ၏။

ပျားအုံအတွင်း၌ နေထိုင်မှုအခြေအနေမပြောင်းလဲပဲ တသမတ်တည်း ရှိနေစေရန် ပျားများကိုယ်တိုင်ဆောင်ရွက်နိုင်ကြ၏။သားလောင်းများကိုလည်း ရေငွေ့နှင့် မှိုများ၏အန္တရာယ်မှ ကာကွယ်ရန် ဆောင်ရွက်နိုင်ကြသည်။ အလွန်အေးသည့်အခါများတွင် တကောင်နှင့်တကောင် ပူးကပ်စွာနေခြင်းဖြင့် အပူဓာတ်ကို ထိန်းသိမ်းထား၏။ အလွန်ပူသည့်အခါများတွင်မူ ပျားအုံအတွင်းသို့ လေရရှိစေရန် ပျားအုံအပေါက်မှနေ၍ တောင်ပံများဖြင့် ယပ်ခတ်ပေးကြ၏။

# ပျားအုံအတွင်းဝယ်



ဝတ်ရည်ကို ပျားအုံသို့သယ်ဆောင်ခဲ့သော ပျားများသည် ပါးစပ်ဖြင့် တကောင်မှ တကောင်သို့ အကြိမ်ကြိမ် ကူးပြောင်းပို့ဆောင်ပေးသည်။ ဤနည်းဖြင့် ဝတ်ရည်ကို ရိုးရိုးသကြားအဖြစ်သို့ ပြောင်းလဲပေး၏။

## ပျားရည်ပျားများနှင့် ပိတုန်းများ

ပျားရည်ပျားများသည် အုံအတွင်းတွင် သောင်းချီ၍ စုဝေးနေထိုင်တတ်ကြသည်။ အများစုမှာ လုပ်သားပျားများဖြစ်ကြ၏။ လုပ်သားပျားများသည် သားအုပ်ခန်းအတွင်းရှိ သားလောင်းများကိုသာ အစာကျွေးရသည်မဟုတ်ပဲ ပျားဘုရင်မသားလောင်းကိုပါ 'ရွိုင်ယယ်ဂျယ်လီ' ခေါ် တော်ဝင်အစာတမျိုးကို ကျွေးကြရ၏။ နောင်တွင် ၎င်းသားလောင်းသည် ပျားဘုရင်မဖြစ်လာပြီး အချိန်ကျလျှင် ပျားထီးများနှင့် မိတ်လိုက်၏။ မိတ်လိုက်ခြင်းပြီးဆုံးသောအခါ ပျားထီးများ သေဆုံးသွားသည်။ ပျားဘုရင်မမှာမူ လေးနှစ်အထိ အသက်ရှင်နေနိုင်ပြီး ဥ သန်းပေါင်းများစွာကို ဥပေး၏။

ပျားအုံများကို အနားခြောက်ဘက်ပါ အခန်းများဖြင့် တည်ဆောက်ထား၏။ ၎င်းအခန်းများကို ပျားရည်ပျားများက စစ်ထုတ်ပေးလိုက်သော ဖယောင်းဖြင့် ပြုလုပ်ထားသည်။ ၎င်းပျားဖယောင်းနှင့် ချို၍အာဟာရဖြစ်စေသော ပျားရည်ရရန်အတွက် ပျားရည်ပျားများကိုရာစုနှစ်ပေါင်းများစွာကပင် ကမ္ဘာတဝန်းလုံး မွေးမြူခဲ့ကြသည်။

ပိတုန်းများသည် ပျားရည်ပျားများကဲ့သို့ပင် အဖွဲ့အစည်းဖြင့်နေကြသည်။ ၎င်းတို့သည် ကြွက်တွင်းအဟောင်းများနှင့် မြေတွင်းများတွင် အုံဖွဲ့နေကြ၏။ ခန္ဓာကိုယ်တောင့်တင်း၍ အမွေးထူပြီး ကိုယ်ပေါ်တွင် အနက်နှင့်အဝါစင်းများ ပါရှိ၏။ ၎င်းတို့၏ထူးခြားချက်မှာ ဝတ်မှုန်ကူးရာ၌ အထောက်အကူပြုသည့် ရှည်လျားသောလျှာ ရှိခြင်းပင် ဖြစ်သည်။ ပိတုန်းဘုရင်မသည် အုံအတွင်းသို့ ဝင်လာသည့်ကပ်ပါးပျားကို မိမိ၏အုံကိုပိုင်ဆိုင်ရေးအတွက်တိုက်ခိုက်လေ့ရှိ၏။



ပျားဘုရင်မသည် ပျားသလက်အတွင်းရှိ အခန်းလွတ်တခုစီအတွင်း ဝမ်းဗိုက်ကိုထိုးသွင်းပြီး ဥတခုစီကို နံရံတွင် တွယ်ကပ် ဥချထားခဲ့သည်။



လေးရက်အတွင်း ဥများပေါက်လာပြီး ရက်များမကြာမီ လုပ်သားပျားတို့က သားလောင်းများကို အဆက်မပြတ် အစာကျွေးခြင်းဖြင့် ဖွံ့ဖြိုးလာစေသည်။







ပျားရည်ပျားသည် အမွေးကြမ်းများရှိသည့်ကိုယ်တွင် ကပ်ပါလာသည့် ဝတ်မှုန်များကို နောက်ခြေထောက်ရှိ ဝတ်မှုန်အိတ်အတွင်းသို့ ပြောင်းထည့်သည်။ (အထက်ဝဲပုံ) ။အထက်ပုံပါ ပျားအုံမှ ဘုရင်မဟောင်းနှင့် လုပ်သားပျားများသည် အုံအသစ်ဆောက်လုပ်ရန် အတွက် စတင်ထွက်ခွာနေကြသည်။ တစ်ဒါဇင်မျှရှိသည့် ပျားရည်ပျားများသည် ပျားအုံ၌ နေထိုင်သည့် ပျားများအတွက် အစာအဖြစ်အသုံးပြုမည့် ဝတ်မှုန်များကို သိုလှောင်ခန်းများအတွင်း ပြည့်နှက်စွာ သိမ်းဆည်းနေကြသည်။ (ယာပုံ)



ပိုးရုပ်ဖုံးအဆင့်တွင် နှစ်ပတ်နေပြီးနောက် ဝဲအစွန်ဆုံးပုံပါ သက်ကြီးကောင် လုပ်သားပျားဘဝသို့ တဖြည်းဖြည်း ပြောင်းလဲဖွံ့ဖြိုးလာသည်။



သက်ကြီးကောင်ဘဝသို့ ရောက်ရှိလာသည်နှင့်တပြိုင်နက် ပျားအုံသန့်ရှင်းရေးနှင့် အခြားလုပ်ငန်းအမျိုးမျိုးကို လုပ်ဆောင်တော့မည့် လုပ်သားပျား



# တကောင်ချင်းနေပျားများ

တကောင်ချင်းနေထိုင်သည့် ပျားများသည် မြေကြီးအတွင်း၌နေပြီး လောက်နှင့်တူသည့် သားလောင်းများနေရန် သားအုပ်ခန်းများ ပြုလုပ်ပေး၏။ အမများသည် သားငယ်များစားရန်နှင့် ကြီးထွားစေရန် ဝတ်မှုန်နှင့် ဝတ်ရည်ကို ရောပေးကြ၏။ အချို့ ပျားများသည် သားငယ်များကို ဘေးအန္တရာယ်မှ ကာကွယ်ပေးရန် သားအုပ်ခန်းနံရံကို စိမ့်ထွက်ရည်ဖြင့် ဖုံးအုပ်ပေးတတ်ကြသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းဖြင့် ရေခိုးရေငွေ့ များပြားခြင်းမှ ကာကွယ်ပြီး ပျားအုံကို ခိုင်မာစေသည်။

ရွက်ဖြတ်ပျားများသည် ရွက်စိမ်းများကို ဘဲဥပုံဖြတ်ပြီး အပ်ထောက်သဏ္ဌာန်အခန်းများ ပြုလုပ်၏။ ၎င်းအခန်းများကို မြေကြီးအတွင်း ထိပ်ချင်းဆက်၍ စီထားပြီး အတွင်း၌ သားငယ်များကို မွေးမြူထားသည်။ လှပသောအရောင်ရှိသည့် လက်သမားပျားများသည် လဲကျနေသော သစ်တုံးများကို ဓားကဲ့သို့သော ပါးစောင်ရိုးဖြင့် ထွင်း၍ လိုဏ်ခေါင်းပြုလုပ်ပြီး ပျားအုံများ ဆောက်လုပ်ကြ၏။ ဤကဲ့သို့သော လိုဏ်ခေါင်းများသည် မီတာဝက်ခန့် ရှည်သည်။





ပိတုန်း၏အနက်ရောင်ခန္ဓာကိုယ်တွင် တောက်ပသော လိမ္မော်ရောင်နှင့် အဝါရောင်အစင်းများ ပါရှိခြင်းကြောင့် အလွယ်တကူ မြင်နိုင်၏။

ပျားများတွင် အကြီးဆုံးဖြစ်သည့် လက်သမားပျားသည် လဲကျနေသည့် သစ်တုံးသို့မဟုတ် ပင်စည်အတွင်း၌ အုံပြုလုပ်တတ်သည်။

မတုပ်တတ်သောပျားငယ်သည် ချွေးရည်၏ ဆွဲဆောင်မှုကြောင့် လူ၏လက်ပေါ်သို့ရောက်လာပြီး ချွေးရည်ကို သောက်သုံးနေသည်။



ခရမ်းစိမ်းရောင် သစ်ခွပျားများ (အထက်ပုံ) သည် တကောင်ချင်းနေ ပျားများဖြစ်ကြ၍
အုပ်စုဖွဲ့ပြီး ပျံသန်းလေ့မရှိကြချေ။



ရွက်ဖြတ်ပျား (အထက်ပုံ) သည် အရွက်ကိုဖြတ်၍ လိပ်ပြီး အတွင်း၌ ဥ ဥရန် အတွက်
အုံဆောက်လိမ့်မည် ဖြစ်၏။

# ပင့်ကူများ



နံနက်ခင်း နေရောင်ခြည်အောက်တွင် နှင်းပေါက်များ ပုတီးစေ့ကဲ့သို့ အစီအရီဖုံးနေသော ပင့်ကူအိမ်ကို ထင်ရှားစွာတွေ့ရပုံ။ ခြောက်သွေ့သည့် အခါတွင် ပင့်ကူမြှေးများကို မမြင်နိုင်သလောက်ရှိ၏။







ဝမ်းဗိုက်ပိုင်း၏ ဘေးတဘက်တချက်မှ ချိုအမည်းနှစ်ချောင်း ထိုးထွက်လျက်ရှိသော အရှေ့တောင်အာရှရှိ ချိုပါပင့်ကူသည် ပင့်ကူအိမ်၏ အတွင်းဆုံးအပိုင်းကို အပြီးသတ်တည်ဆောက်နေသည်။ (ထိပ်ဆုံးပုံ)။ ပင့်ကူ၏ မျက်လုံးရှစ်လုံးအနက် ခြောက်လုံးနှင့် အစွယ်ကို နီးကပ်စွာတွေ့ရသည်။ (အထက်ဝဲပုံ)။ သေးငယ်သော ကဏန်းပင့်ကူ အထီးသည် ပန်းပွင့်ပေါ်ရှိ အမ၏ကျောပေါ်မှနေပြီး သားကောင်ကိုစောင့်နေသည်။ (အထက်ယာပုံ)




ပင့်ကူ၏ ခန္ဓာကိုယ်တည်ဆောက်ပုံသည် အင်းဆက်ပိုး၏ ခန္ဓာကိုယ်တည်ဆောက်ပုံနှင့် မတူပေ။ ၎င်းတို့တွင် ခြေ ရှစ်ချောင်း၊ ကိုယ်တွင်းအင်္ဂါထဲတွင် ပိုးချည်ဂလင်း၊ စုပ်ယူနိုင်သည့် အစာအိမ်တို့ ပါရှိ၏။ အထက်ပုံတွင် ပင့်ကူ၏ ကိုယ်တွင်းအင်္ဂါများကို ပြထားသည်။

## အင်းဆက်ပိုးစား အကောင်များ

အင်းဆက်ပိုးများရှိရာတွင် ပင့်ကူများကိုတွေ့ရ၏။ ၎င်းတို့သည် အင်းဆက်ပိုးတို့၏ အစိကရန်သူဖြစ်သောကြောင့် အင်းဆက်ပိုးဦးရေတိုးပွားမှုကို ထိန်းသိမ်းပေးခြင်းဖြင့် အကျိုးပြုသည်။ ပင့်ကူများသည် သားစားသတ္တဝါများ ဖြစ်ကြ၏။ ၎င်းတို့သည် စွန်ကုပ်အတက်ဖြင့် သားကောင်၏အရေပြားကိုဖောက်၍ အဆိပ်များကို ထိုးသွင်းပြီး သားကောင်ကိုသေစေ၏။ ထို့နောက် သားကောင်၏ ကိုယ်တွင်းအင်္ဂါများကို ခြေဖျက်လိုက်သည်။ ပင့်ကူများသည် ကင်းမြီးကောက်၊ ကမျဉ်းကောင်၊ မွှားများနှင့်အတူ အုပ်စုတခုတည်းတွင် ပါဝင်သည်။

ပင့်ကူများသည် အင်းဆက်ပိုးများနှင့် များစွာကွာခြား၏။ ၎င်းတို့တွင် အသွင်ပြောင်းခြင်းမရှိပေ။ ဝမ်းဗိုက်ပိုင်းသည် ကိုယ်ထည်ရှေ့ပိုင်းနှင့်ဆက်လျက်ရှိ၏။ ခန္ဓာကိုယ်ရှေ့ပိုင်းတွင် ခြေထောက်လေးစုံ၊ ရိုးရိုးမျက်စိ၊ စွန်ကုပ်အတက်နှင့် 'ပက်ဒီပပ်'များပါဝင်၏။ ပက်ဒီပပ်များကို ဦးမှင်ကဲ့သို့ အသုံးပြုသည့်အပြင် မိတ်လိုက်ရန်နှင့် အစာဖမ်းယူရန်အတွက်လည်း အသုံးပြု၏။ ဝမ်းဗိုက်ပိုင်းတွင် အစာလမ်းကြောင်း၊ မျိုးပွားအင်္ဂါနှင့် အသက်ရှူ အင်္ဂါများပါဝင်သည်။ ခန္ဓာကိုယ်နောက်ပိုင်းအစွန်းတွင် ပိုးချည်မျှင်များ ပြုလုပ်ရန် ချည်ငင်ပြွန် များစွာပါရှိ၏။




ပင့်ကူများတွင် ခြေထောက်ရှစ်ချောင်းပါ၍ နှစ်ပိုင်း ပိုင်းထားသော ခန္ဓာကိုယ်ရှိပြီး တောင်ပံမရှိချေ။ အင်းဆက်ပိုးများတွင်မူ ခြေထောက်ခြောက်ချောင်း၊ သုံးပိုင်း ပိုင်းထားသော ခန္ဓာကိုယ်နှင့် တောင်ပံများ ပါရှိ၏။



ပင့်ကူသည် ပထမဦးစွာ တြိဂံပုံဘောင်ကို အရာဝတ္ထုသုံးခုကြားတွင် တည်ဆောက်၏။ ထို့နောက် ဗဟိုမှ ဖြာထွက်နေသော အမျှင်များကို ထပ်မံတည်ဆောက်၏။ နောက်ဆုံးတွင် အဝိုင်းပုံအမျှင်များကို ဝိုင်းပတ် တည်ဆောက်ပြီး ဤပိုးအိမ်ဖြင့် သားကောင်ကို ဖမ်းသည်။



မွေးပြီးစပင့်ကူငယ်များကို မွေးပေးသည့်ပင့်ကူမကြီးက ပင့်ကူအိမ်အတွင်း၌ စောင့်ထိန်းကြည့်ရှုနေသည်။ သားငယ်များ ၎င်းတို့ကိုယ်ကို ကာကွယ်နိုင်သည်အထိ ပင့်ကူမ ကြီးက စောင့်ရှောက်ထား၏။

## ပိုးချည်ငင်ပင့်ကူများ

ပင့်ကူ၏ ကိုယ်တွင်းဂလင်းများမှ စိမ့်ထွက်ရည်တို့သည် ပြွန်မှတဆင့် အပြင်သို့ ထွက်လာပြီး လေနှင့်တွေ့ထိသော် မာကျောသည့် ပိုးချည်မျှင်များ ဖြစ်လာ၏။ ပင့်ကူများ၏ ပိုးချည်မျှင်အမျိုးမျိုးသည် လှပန္နးညှံ့သည်။ခိုင်လည်းခိုင်ခံ့သည်။ ပင့်ကူတကောင်သည် အနည်းဆုံး ချည်မျှင်သုံးမျိုးကို ပြုလုပ်သည်။၎င်းတို့မှာ ထူပြီးဆွဲငင်၍ရသောအမျှင်၊ ပိုက်ကွန်သဖွယ်ထွေးရှုပ်သောအမျှင်နှင့် ကာကွယ်ရာ၌သုံးသည့် သိပ်သည်းသောအမျှင်များ ဖြစ်ကြ၏။ ၎င်းအမျှင်များမှာ စေးကပ်ပြီး ရုန်းကန်နိုင်စွမ်းရှိသည်။ ရက်လုပ်ထားပုံမှာလည်း လွန်စွာထွေးရှုပ်၏။

ပိုးချည်သည် မိတ်လိုက်သည့်အခါတွင်ပင် ပါဝင်ရသည်။ ပင့်ကူအဖိုသည် မိတ်လိုက်ရန် အသင့်ဖြစ်သည့်အခါ ပင့်ကူအိမ်ကိုရက်လုပ်ပြီး ၎င်းအပေါ်၌ သုက်ကောင်ကို ချလိုက်သည်။ ထို့နောက် သုက်ကောင်ကို 'ပက်ဒီပပ်'ရှိ ဗူးငယ်အတွင်းသို့ ပြောင်းထည့်ပြီး အမကို စောင့်ကြည့်နေ၏။ အဖိုသည် အမထက် သေးငယ်သောကြောင့် အမ၏ စားခြင်းကို ခံရလေ့ရှိသည်။

မိတ်လိုက် ပြီးသော အခါ အမ များ သည် ဥ ဥချပြီး ပိုးချည်အိတ် အတွင်း ထည့်ထားသည်။ လျင်မြန်ဖျတ်လတ်သော ပင့်ကူအချို့သည် ဥများကို သယ်ဆောင်ထားပြီး အချို့မှာမူ ဥအိတ်များကို ပင့်ကူအိမ်၌ ချိတ်ဆွဲထားကြ၏။ အချို့မှာ အထူးပြုလုပ်ထားသော ပင့်ကူအိမ်၌ ဥများကိုထားပြီး သားငယ်များ ပေါက်သည်အထိ စောင့်ရှောက်ကြသည်။ အချို့ ပင့်ကူများသည် အထက်ပုံတွင် ပြထားသည့်အတိုင်း သားငယ်များ မိမိတို့ကိုယ်ကို ကာကွယ်နိုင်သည် အထိ စောင့်ရှောက်ပေးကြ၏။





ဝံပုလွေပင့်ကူအမသည် ဥများကို ဝမ်းဗိုက်၏ နောက်ဘက်ရှိ ပိုးချည်အိတ်အတွင်း သယ်ဆောင်ထားသည်။ (အထက်ပုံ)။ တောင်အာဖရိကမှ ကြီးမားသည့် ပင့်ကူအမနှင့် သေးငယ်သည့် ပင့်ကူအထီး (ယာပုံ)



မလေးရှားပင့်ကူ၏ ထောင်ချောက်တံခါးဝမှ အမျှင်များ ဖြာထွက်နေသည်။ (အထက်ဝဲပုံ)။ သပ်ရပ်သည့် ထောင်ချောက်တံခါးဝကို ပတ်ဝန်းကျင်နှင့် လျော်ညီစွာ ပုံဖျက်



ထားသဖြင့် လွယ်ကူစွာ မမြင်နိုင်ပေ။ ပင့်ကူသည် တွင်းထဲမှနေ၍ သားကောင်စောင့်ဆိုင်းနေပုံကို ထောင်ချောက်တံခါးကို မ၍ ပြထားသည်။ (အထက်ယာပုံ)

## ရှေးပင့်ကူများနှင့် ထောင်ချောက်တံခါးများ

ရှေးမျိုးနွယ်ပင့်ကူများသည် ကြီးမားကြ၏။ အပူပိုင်း ဒေသတွင် တွေ့ရပြီး ညအခါ၌သာ လှုပ်ရှားသွားလာကြသည်။ကျောက်တုံး၊ သစ်တုံးနှင့် သစ်ရွက်ခြောက်များအောက်ရှိ တွင်းများတွင်နေထိုင်ပြီး တွင်းဝမှ ဖြတ်သန်းသွားသော အင်းဆက်ပိုးများကို စွန်ကုပ်အတက်ဖြင့် ဖမ်းယူစားသောက်ကြ၏။

အရှေ့တောင်အာရှရှိ တောတွင်းနေပင့်ကူများသည် ရှေးအကျဆုံး မျိုးနွယ်ဖြစ်ပြီး ဝမ်းဗိုက်တွင် အဆစ်များပါရှိ၏။ စက်ဝိုင်းသဏ္ဌာန် အဖုံးပါရှိသည့် ပိုးချည်မျှင်ဖြင့်ကာရံထားသော တွင်းများတွင် နေထိုင်ကြသည်။ အင်းဆက်ပိုးများ လာရောက်ထိတွေ့သည့်အခါ သိနိုင်ရန် ပိုးချည်မျှင်များကို တွင်းဝမှ ဖြာထွက်နေစေ၏။ အင်းဆက်ပိုးများ လာရောက်ကြောင်းသိလျှင် ပင့်ကူသည် ချက်ချင်းထွက်၍ သားကောင်ကို အစွယ်ဖြင့်ထိုးကာ တွင်းထဲသို့ ဆွဲယူသွား၏။ ဤဖြစ်ရပ်အားလုံးသည် စက္ကန့်ပိုင်းမျှသာ ကြာသည်။





ငါးဖမ်းပင့်ကူသည် ရေအနီးတွင်နေပြီး အမှိုက်များနှင့်အတူမျောပါလာမည့် သားကောင်ကို စောင့်မျှော်နေသည်။



မက္ကဆီကိုတွင် တွေ့ရသည့် ခုန်သွားပင့်ကူသည် သားကောင်ကိုရှာဖွေရာ၌ အလွန် မျက်စိရှင်၏။ ခြင်တစ်ကောင်ကို ခုန်အုပ်ဖမ်းထားပုံ

## အမဲလိုက်ပင့်ကူများ

ရှေးမျိုးနွယ် ပင့်ကူများသည် ၎င်းတို့၏ ကြီးမားသော ခန္ဓာကိုယ်ရှေ့ဘက်ရှိ အစွယ်ဖြင့် သားကောင်၏ကိုယ်တွင်းသို့ ထိုးသွင်းပြီး ဖမ်းယူကြ၏။ အချို့မှာ လွတ်လပ်စွာသွားလာပြီး သားကောင်ကို လိုက်လံဖမ်းဆီးကြသည်။ ညထွက် ခြေတံရှည်ပင့်ကူများသည် ထိတွေ့မှုအာရုံဖြင့် အစာကိုရှာဖမ်း၏။ နေ့ထွက် မျက်စိရှင်ပင့်ကူမျိုး များမှာမူ သားကောင်ကိုမြင်မှ လိုက်လံ ဖမ်းဆီးကြ၏။ အပူပိုင်းဒေသရှိ သစ်ရွက်များပေါ် နေ ခြေတံရှည်မျက်စိရှင်ပင့်ကူတို့ကို ၎င်းတို့၏ ခြေထောက်ရှိ ဆူးကဲ့သို့သော အမွေးများကြောင့် လွယ်ကူစွာ သိနိုင်သည်။ ခုန်သွားပင့်ကူများသည် ခုန်၍ခုန်၍ သွားသည့်အခါ နောက်ဘက်၌ ပင့်ကူမျှင်တန်းကို ကျန်ရစ်ခဲ့စေ၏။ ၎င်းတို့သည် ညအခါ၌ သစ်ရွက်များပေါ် မှဆင်းပြီး လေထဲ၌တွဲလွဲခိုနေတတ်ကြသည်။ ကြီးမားသော မျက်စိတစ်စုံ ရှိခြင်းကြောင့် အကွာအဝေးကို ကောင်းစွာချိန်ဆမြင်နိုင်ကြ၏။ နေ့ထွက်ပင့်ကူအချို့သည် ပုရွက်ဆိတ်များနှင့် တူအောင်တုပကြ၏။ အဘယ်ကြောင့်ဆိုသော် ပင့်ကူသားရဲတချို့သည် ပုရွက်ဆိတ်များကို ရှောင်ရှားကြသောကြောင့် ဖြစ်သည်။



အထက်ပုံပါ မျက်စိရှင်ပင့်ကူသည် ပင့်ကူအိမ်ကိုမပြုလုပ်ပဲ အပင်များပေါ်၌ သွားလာကာ အင်းဆက်ပိုးသားကောင်များကို ရှာဖွေလေ့ရှိသည်။



အာဖရိကရှိ အထက်ပုံပါ 'လုံမဖြူသဲပင့်ကူ'သည် သဲရောင်ကိုလိုက်၍ အရောင်ဖျော့လျက်ရှိ၏။ ယာဘက်ပုံပါသတ္တဝါကို ကောက်သိမ်းပင့်ကူဟု ခေါ်သော်လည်း ပင့်ကူအစစ် မဟုတ်၊ ၎င်းတို့နှင့် အမျိုးနီးစပ်သော သတ္တဝါတမျိုးသာဖြစ်သည်။





‘မုဆိုးမပင့်ကူမည်း’ (အထက်ပုံ) ကိုက်ပါက သတ္တဝါများကို သေစေနိုင်၏။ ၎င်းကို ဝမ်းဗိုက်ပိုင်းရှိ အနီစက်အားဖြင့် အလွယ်တကူသိနိုင်သည်။

## ထောင်ချောက်ထောင်ပင့်ကူများ

မြက်၊ သစ်ပင်၊ အဆောက်အအုံများရှိ ထောင့်များတွင် ပိုးချည်မျှင်ဖြင့် အိမ်ရက်လုပ်၍ သားကောင်ကို တနေရာတည်းမှ ထောင်ဖမ်းကြ၏။ ပင့်ကူ တမျိုးသည် သစ်ရွက်ကို လိပ်ပြီး ပိုးချည်မျှင်များဖြင့် ထွေးရှုပ်စွာရက်၍ အိမ်ပြုလုပ်တတ်ကြသည်။ ခြေတံရှည်ပင့်ကူများမှာမူ အခန်းထောင့်များ၌ ခပ်ကျဲကျဲထွေးရှုပ်စွာ ရက်ထားသောအိမ်ကို ပြုလုပ်ကြ၏။

ထွေးရှုပ်သော ပင့်ကူအိမ်မျိုးမှာ ချပ်ပြားပုံ သို့မဟုတ် လှည်းဘီးပုံအိမ်မျိုး ဖြစ်သည်။ အချို့ပင့်ကူများသည် ပင့်ကူအိမ်၏ ပျက်စီးသွားသော အပိုင်းများကို ဖာထေးပြီးနေ၍ အိမ်အသစ်မဆောက်ကြပဲ ကြာမြင့်စွာ နေနိုင်ကြ၏။ အချို့မှာမူ တနေကုန်သော် ပရိတင်းဓာတ်ပြည့်ဝသည့် ၎င်းပိုးချည်များကို စားပစ်ပြီး နောက်တနေ့နံနက်တွင် တဖန်အိမ်အသစ် ပြုလုပ်ကြပြန်၏။

ပင့်ကူအိမ်အလယ်ရှိ ပင့်ကူမျှင်တွင် စေးကပ်သောအစက်ငယ်များပါရှိ၏။ အချို့ပင့်ကူများသည် အိမ်အနီး၌သော်လည်းကောင်း၊ အိမ်အလယ်၌ သော်လည်းကောင်း နေပြီး သားကောင်ကပ်ငြိလာမှသာ ပြေးထွက်ဖမ်းယူကြ၏။ အချို့ပင့်ကူများမှာ ပင့်ကူအိမ်၌ ကပ်ငြိနေသော အမှိုက်များအသွင် ဆောင်နေခြင်းဖြင့် နကျယ်ကောင်၊ ငှက်နှင့်အခြားရန်သူများဘေးမှ လွတ်မြောက်နိုင်ကြသည်။ အချို့ပင့်ကူများသည် သားကောင်အသေများကို သစ်ကိုင်းနှင့်တူအောင် စီတန်းထား၏။ ၎င်းသစ်ကိုင်းတုအပေါ်၌ နေပါက ရောထွေးနေသဖြင့် ပင့်ကူကို အလွယ်တကူ မမြင်နိုင်တော့ပေ။



အိမ်ဖွဲ့နေတတ်သော ပင့်ကူသည် စေးကပ်သော ပင့်ကူအိမ်၌ လာကပ်သည့် နှံကောင်ကဲ့သို့သော အင်းဆက်ပိုးများကို ထောင်ဖမ်း စားသောက်နေသည်။



အုပ်စုဖွဲ့နေသော ပင့်ကူများသည် ဒမြယင်တစ်ကောင်ကို ပင့်ကူအိမ်အတွင်းသို့ ဆွဲသွင်းနေသည်။ ထို့နောက် သားကောင်ကို ဝိုင်းဝန်း စားသောက်ကြမည်ဖြစ်၏။



သဲကန္တာရ ကင်းမြီးကောက်သည် နှံကောင်ကို ပက်ဒီပပ် (ညှပ်လက်မ) ဖြင့် ညှပ်၍ အမြီးကိုကျောဘက်မှကွေးပြီး အဆိပ်ကို ထိုးသွင်းနေသည်။

## ပင့်ကူမျိုးနွယ်များ

မွှား၊ ကမျဉ်းကောင်နှင့် ကင်းမြီးကောက်များသည် အရွယ်သေးငယ်ခြင်းကြောင့် အင်းဆက်ပိုးများဖြစ်သည်ဟု ထင်ရသော်လည်း အမှန်စင်စစ်မှာမူ ပင့်ကူများနှင့် တူသည့် 'အရက်ခနစ်' များ ဖြစ်ကြသည်။ ခန္ဓာကိုယ်တည်ဆောက်ပုံ၊ အစာစားပုံ၊ ကြီးထွားပုံတို့မှာ အင်းဆက်ပိုးများနှင့် လုံးဝမတူချေ။

မွှားနှင့် ကမျဉ်းကောင်များကို ရာသီအမျိုးမျိုး၊ ဒေသအမျိုးမျိုး၌ တွေ့နိုင်၏။ ၎င်းတို့၏ ဆစ်ပိုင်းမရှိသော ခန္ဓာကိုယ်တွင် အပိုင်းနှစ်ပိုင်း ပါဝင်သည်။ ရှေ့ပိုင်းတွင် ပါးစပ်၊ စွန်ကုပ်အတက်၊ 'ပက်ဒီပပ်'တို့ ပါရှိ၍ နောက်ပိုင်းတွင် ခြေထောက်၊ အာရုံခံ အင်္ဂါ၊ အစာခြေအင်္ဂါ၊ မျိုးပွားအင်္ဂါနှင့် လေရှူပေါက်များ ပါရှိသည်။ ကမျဉ်းကောင်များသည် အပင်များကိုဖျက်ဆီး၏။ 'အာသရိပေါ့'များကို စား၏။ လူအပါအဝင် သတ္တဝါများကို ကပ်ပါးအသွင် အနှောင့်အယှက်ပေး၏။ မွှားနှင့် ကမျဉ်းကောင် နှစ်မျိုးစလုံးသည် ရောဂါပိုးများကို သယ်ဆောင်ပေးသည်။မွှားများကြောင့် ပဒ်ပြန် အဖျားရောဂါနှင့် ရော့ကီးတောင်အပြောက် အဖျားရောဂါတို့ကို ဖြစ်စေ၏။

အချို့ ကင်းမြီးကောက်တို့၏ အဆိပ်သည် လူကိုသေစေနိုင်သည်။ သားကောင်ကို ဖမ်းရာ၌ ပက်ဒီပပ် (ညှပ်လက်မ) နှင့် မလုံလောက်ပါက အမြီးရှိ အဆိပ်ဆူးဖြင့် ထိုးလိုက်၏။ အများစုသည် သက်ရှိအင်းဆက်ပိုးနှင့် ကျောရိုးမဲ့သတ္တဝါများကို စားကြပြီး အချို့မှာ ကိုက်ဖြတ်စား သတ္တဝါငယ်များကိုပင် ရန်မူတတ်သည်။ ၎င်းတို့သည် သားငယ်များကို အကောင်လိုက်မွေးလေ့ရှိပြီး အရေခွံအကြိမ်ကြိမ်လဲခြင်းဖြင့် အရွယ်ရောက် သက်ကြီးကောင်ဘဝသို့ ရောက်ရှိလာ၏။ ညဘက်တွင်သာ ထွက်လေ့ရှိပြီး အပူပိုင်းဒေသနှင့် နွေးသောဒေသများရှိ ကျောက်တုံး၊ မြေကြီးတို့၏ အောက်ဘက်တွင် နေလေ့ရှိကြသည်။



မွှားသည် လူပေါ်တွင်တွယ်ကပ်ပြီး ချိတ်ပါ ပါးစပ်ဖြင့် သွေးကို စုပ်ယူနေသည်။ ဤအချိန်မျိုးတွင် ၎င်းတို့ကို ဆွဲဖယ်ရန်မလွယ်ကူချေ။



ကတ္တီပါနီရောင်ကမျဉ်းကောင်တွင် အနီရောင် ခန္ဓာကိုယ် ရှိခြင်းကြောင့် အခြား သတ္တဝါများအား အနံ့ဆိုးရှိကြောင်း သတိပေးနေသကဲ့သို့ ဖြစ်သည်။

# သက်ဝင်လှုပ်ရှားနေသော အင်းဆက်ပိုးလောက



အထက်ပုံပါ ကမျဉ်းနီကောင်ငယ်နှင့် အမွေးကြမ်း အမြီးကောင်တို့၏ နေထိုင်ပုံသည် အင်းဆက်ပိုးနှင့် အခြားသတ္တဝါတို့၏ ဆက်သွယ်မှုကို ဖော်ပြလျက် ရှိ၏။

အင်းဆက်ပိုးများသည် ကမ္ဘာလောကတခုလုံးအပေါ် အကျိုးသက်ရောက်မှု ရှိ၏။ သေးငယ်များပြားသော အင်းဆက်ပိုးများသည် အခြားသက်ရှိများနှင့် ဆက်သွယ်လျက်ရှိသည့် လုပ်ငန်းအမျိုးမျိုးတွင် ပါဝင်ပတ်သက်လျက်ရှိသည်။ အထူးသဖြင့် အပင်လောကတွင် အပင်အမျိုးမျိုးကို ဝတ်မှုန်ကူးပေးခြင်းဖြင့် မျိုးအောင်စေ၏။ အချို့ပန်းပွင့်များကလည်း အင်းဆက်ပိုးများအတွက် ဝတ်ရည်များကို ထုတ်ပေးကြ၏။အင်းဆက်ပိုးများသည် အခြားသတ္တဝါများကို ဖမ်းယူစားသောက်ခြင်း၊ ကပ်ပါးအဖြစ်နေထိုင်ခြင်းတို့ကြောင့် သတ္တဝါဦးရေတိုးပွားမှုကို ထိန်းချုပ်ပေးသကဲ့သို့ဖြစ်သည်။

အင်းဆက်ပိုးများသည် သက်ရှိသတ္တဝါအုပ်စုတခုလုံး၏ ပတ်ဝန်းကျင်ကို သွယ်ဝိုက်သောနည်းများဖြင့် ဝင်ရောက်မွှေနှောက်သည်။ ၎င်းတို့သည် အစာဝတ္ထုများကို တနေရာမှ တနေရာသို့ ကိုယ်တိုင် သယ်ယူရွှေ့ပြောင်းပေးခြင်း၊ ရွက်ခြောက်များကို စားခြင်းဖြင့် မြန်မြန်ပျက်စီးစေခြင်း၊ ရွက်စိမ်းများကို စားခြင်းဖြင့် ရွက်ကြွေများကို မြန်မြန် ပေါ်ပေါက်စေခြင်း၊ သစ်ရည်များကို စုပ်ယူခြင်းဖြင့် အပင်၏အာဟာရဓာတ်များကို ဆဲလ်နံရံများမှ မြန်မြန်ယိုဖိတ်စေခြင်း တို့ကို ဖြစ်ပေါ်စေသည်။



နကျယ်ကဲ့သို့သော အချို့အင်းဆက်ပိုးများသည် အပင်များအတွက် ဝတ်မှုန်ကူးပေးသည်။ (မျက်နှာချင်းဆိုင်အပေါ်ပုံ)။ အချို့အင်းဆက်ပိုးများသည် အသေကောင်ကို ဆွဲယူသွားသော ဤပုရွက်ဆိတ်များ (မျက်နှာချင်းဆိုင်အောက်ပုံ) ကဲ့သို့ သန့်ရှင်းရေးလုပ်သားများ သဖွယ် ဆောင်ရွက်ကြ၏။

'လေဒီဘတ်' ပိုးတောင်မာ (ဝဲပုံ) သည် ပျကောင်တို့၏ သဘာဝရန်သူ ဖြစ်သည်။ဥယျာဉ်မှူးများသည် ၎င်းလေဒီဘတ်များစွာကို ဝယ်ယူပြီး သီးနှံပင်များပေါ် လွှတ်ထားကြ၏။





## အင်းဆက်ပိုးများကို နှိမ်နင်းခြင်း



အထက်ပါပုံတွင်ကဲ့သို့ စပါးခင်းများကို ပိုးသတ်ဆေးဖျန်းပြီး အဖျက်ပိုးများကိုနှိမ်နင်းရာ၌ အကျိုးပြု အင်းဆက်ပိုးများလည်း သုတ်သင်ခံကြရမည် ဖြစ်၏။ ပိုးသတ်ဆေးများသည် သီးနှံအထွက်နှုန်း တိုးလာစေသည်နှင့်အမျှ လူနှင့် အခြားသတ္တဝါများအတွက်လည်း ဘေးအန္တရာယ် ဖြစ်စေနိုင်သည်။



ဖလံတမျိုးတွင် ရင်းနှီးနေရာသစ်ပင်ရှိ သစ်ကပ်မှော်အရောင်နှင့် ရောနေစေရန် ငရုတ်ကောင်း ဖြူးထားသကဲ့သို့ အဖြူနှင့်မီးခိုးရောင်အစက်များ ပါရှိနေ၏။ (အပေါ်ဖလံ)။ အင်္ဂလန်တွင် လေထုညစ်ညမ်းမှုကြောင့် သစ်ကပ်မှော်များ သေသွားသည့်အခါ မူလအဖြူနှင့် မီးခိုးရောင်ဖလံနေရာတွင် အရောင်ရင့်ဖလံမျိုးများ အစားထိုး ပေါ်ပေါက်လာသည်။ (အောက်ဖလံ)



အင်းဆက်ပိုးများသည် စားပင်သီးနှံများပေါ်သို့ ကျရောက်ဖျက်ဆီးလာသော် လူတို့အား အကျိုးယုတ်စေသည်။ ထို့ကြောင့် အင်းဆက်ဖျက်ပိုးများကို နှိမ်နင်းရန် ပိုးသတ်ဆေးများကို အသုံးပြုလာကြရ၏။ ပိုးသတ်ဆေးများ၌ ပါဝင်သော ဓာတုပစ္စည်းများသည် အင်းဆက်ဖျက်ပိုးများကိုသာမက အသုံးဝင်သည့် အင်းဆက် ပိုးများကိုပါ သေစေသည်။ မြေဆီနှင့် လေတို့ကိုညစ်ညမ်းစေခြင်းဖြင့် လူနှင့် အခြားသက်ရှိများကိုပါ အန္တရာယ်ဖြစ်စေသည်။ မသေပဲကျန်နေသော အချို့အင်းဆက်ဖျက်ပိုးများမှ ပိုးသတ်ဆေးကို ပို၍ခံနိုင်စွမ်းရှိသော သားငယ်များ ပေါက်ပွားလာ၏။

သီးနှံဖျက်ပိုးနှင့် ရောဂါသယ်အင်းဆက်ပိုးများကို သုတ်သင်ပစ်ရန်မှာ ဇီဝထိန်းချုပ်မှုနှင့် ဆက်စပ်လျက်ရှိ၏။ ဥပမာ--ဗက်တီးရီးယားပိုးများကို ရေနှင့်ရော၍ အင်းဆက်ပိုးအတွင်း ထည့်ပေးခြင်းဖြင့် အချို့ခူကောင်များကို ရောဂါရစေပြီး သေစေနိုင်သော်လည်း ပျားနှင့်အခြားအင်းဆက်ပိုးများကိုမူ အန္တရာယ်မဖြစ်စေနိုင်ပေ။ ဟော်မုန်းကိုသုံးစွဲခြင်းဖြင့် အင်းဆက်ပိုး မဖွံ့ဖြိုးအောင် ကာကွယ်နိုင်၏။ ရောင်ခြည်တမျိုးကို အသုံးပြုခြင်းဖြင့်လည်း ငှက်ဖျားပိုး သယ်ဆောင်သည့် ခြင်များ၏ မျိုးရိုးဗီဇကို ပြုပြင်ပြောင်းလဲနိုင်သည်။

ယင်ကောင်သည် ခန္ဓာကိုယ်တွင်းမှထွက်လာသော မှိုကြောင့် သေသွားပုံ (ယာပုံ)။ အာဟာရအတွက် လိုအပ်သောပစ္စည်းမှ အချို့မှိုများသည် အင်းဆက်ပိုးများကို အန္တရာယ်ဖြစ်စေသည်။ ပုစဉ်းရင်ကဲ့မှိုသည် ပုစဉ်းရင်ကဲ့ ပိုးမမည်များကို ဖျက်ဆီးတတ်၏။ ဇီဝထိန်းချုပ်ရေးအတွက် အင်းဆက်ပိုးဦးရေကို နှိမ် နင်းရန် မှိုကို အသုံးပြုနိုင်သည်။



ပိုးကောင်များကို မွေးမြူခြင်း၊ ပိုးအိမ်မှ ပိုးချည်မျှင်များကို ထုတ်ယူခြင်း၊ ပိုးချည်ငင်ခြင်း၊ ဆေးရောင်ဆိုးခြင်းတို့ကို အဆင့်ဆင့်ပြုလုပ်ပြီးမှ ပိုးချည် ရက်လုပ်၏။

# ချိပ်၊ ပျားရည်နှင့်ပိုးချည်

ရောင်းဝယ်နိုင်သော ကုန်ပစ္စည်းများကို ပေးသည့် အင်းဆက်ပိုး များမှာ အနည်းငယ်သာရှိ၏။ သို့သော် ၎င်းတို့ကို အလွန် တန်ဖိုးထားပြီး မွေးမြူ တတ်ကြသည်။ ချိပ်ပိုး တမျိုးမှရသော ချိပ်ကို ချိပ်ဆေးနှင့် မင်ပြုလုပ်ရာတွင် အသုံးပြုသည်။ လှပသော အနီရောင်ဆိုးဆေးတမျိုးကို အကြေးပါ အင်းဆက်ပိုးတမျိုးမှ ရသည်။ ၎င်းကို သုတ်ဆေးနှင့် အထည်အလိပ်ဆိုးဆေး အဖြစ် အသုံးပြုခဲ့ကြသည်။ ပျားထိန်းသိမ်းမှုသည် လုပ်ငန်းစုတခုဖြစ်ပြီး ပျားရည်ထုတ် ပျား များ မွေး မြူ ခြင်း ကို လည်း တိုး တက် အောင် မြင်စေ၏။ ပျားများသည် အရသာရှိသော ပျားရည်ကို ထုတ်ပေးသည့်အပြင်





၁ ကီလိုမီတာမှ ၁.၅ ကီလိုမီတာအထိရှည်သော ပိုးချည်မျှင်ပါသည့် ပိုးအိမ်များ ပျော့ပျောင်းစေရန်ပြုတ်၍ ပိုးချည်မျှင်ကိုထုတ်ယူပြီး ပိုးရုပ်ဖုံးအသေများကို ဖယ်ရှားပစ်သည်။ (အထက်ပုံ)။ ဖလံထွက်လာလျှင် ပိုးအိမ်မှ ပိုးချည်မျှင်များပြတ်သည်။ (ယာပုံ)



ပျားရည်ကို အနားခြောက်ဘက်ပါ အခန်းငယ်များဖြင့်ပြီးသော အလွှာနှစ်လွှာပါ ပျားသလက်တွင် သိုလှောင်သည်။ ပျားရည်၏အနံ့နှင့် အရောင်မှာ ပျားတို့သောက်သုံးသော ဝတ်ရည်အပေါ် မူတည်၏။

ဖယောင်းတိုင်၊ မော်တော်ယာဉ်နှင့် ပရိဘောဂ အရောင်တင်ဆီ အစရှိသည်တို့ကို ပြုလုပ်နိုင်သော ပျားဖယောင်းကိုလည်း ထုတ်ပေး၏။

ပိုးချည်သည် အလွန်နူးညံ့သည့် ချည်မျှင် ဖြစ်သည်။ ပိုးချည်မျှင်ထုတ်ပေးသော ဖလံတမျိုးမှ ပိုးချည်ကိုရရှိ၏။ ၎င်းဖလံကို လူတို့ မွေးမြူခဲ့ကြသည်မှာ ကြာပြီဖြစ်သည့်အတွက် အရိုင်းကောင်ဘဝဖြင့် ယခုအခါ လုံးဝမတွေ့ရတော့ပေ။ ပိုးချည်အရိုင်း အနည်းငယ်ရရှိရန် ပိုးချည်ထုတ် ဖလံသားလောင်းများစွာကို ပိုးစာရွက် တစ်တန်နီးပါးခန့် ကျွေးရ၏။





ပျားထိန်းသူ ထည့်ပေးသောအစာကိုစားနေသည့် ပျားရည်ပျား (အပေါ်ပုံ)။ ပျားရည်ထုတ်ရန် ပျားအိမ်ကို မီးခိုးတိုက်သည့်အခါ ဦးခေါင်းကို ပျားမတုပ်နိုင်စေရန် ပျားထိန်းသူ၏ ဦးထုပ်တွင် ဇာပါးဖြင့် ဖုံးထားသည်။ (ဝဲပုံ)



ဗင်နီဇွဲလားမှ အရောင်မျိုးစုံနှင့် အမည်အမျိုးမျိုး ပေးထားသော အပင်ခုန်ကောင်သည် အခြား အပင်ခုန်ကောင် များကဲ့သို့ပင် ပင်ရည်ကို မှီဝဲပြီး အချိုရည်ကို ထုတ်ပေးသည်။

# ဝေါဟာရစာရင်း

| | |
|---|---|
| ကညွတ်ပိုးတောင်မာ | Asparagus beetle |
| ကဏန်းပင့်ကူ | Crab spider |
| ကမျဉ်းကောင် | Mite |
| ကမျဉ်းနီကောင် | Red mite |
| ကမျဉ်းဖြူကောင် | White mite |
| ကာကာဗစ်ပိုးတောင်မာ | Curcurbit beetle |
| ကာကာဗစ်ရွက်ပိုးတောင်မာ | Curcurbit leaf beetle |
| ကားလ်ဗွန် လင်း | Karl von Linne |
| ကိုလင်ဘိုလာမျိုးစဉ် | Order Collembola |
| ကက်ဒစ်ပျံကောင် | Caddisfly |
| ကောက်သိမ်းပင့်ကူ | Harvest spider |
| ကိုက်ဖြတ်စားသတ္တဝါ | Rodent |
| ကင်နာပန်းပွင့် (ဗုဒ္ဓသရဏပန်း) | Canna flower |
| ကင်းခြေများ | Centipede |
| ကင်းမြီးကောက်သဏ္ဌာန်ပျံကောင် | Scorpionfly |
| ကတ္တီပါနီရောင်ကမျဉ်းကောင် | Red velvet mite |
| ကပ်ပါး | Parasite |
| ကျားပိုးတောင်မာ | Tiger beetle |
| ကျူးလက်ခြင် | *Culex* |
| ကျောရိုးမဲ့သတ္တဝါ | Invertebrate |
| ကျောရိုးရှိသတ္တဝါ | Vertebrate |
| ကျောက်ပုစွန်ဖလံ | Lobster-moth |
| ကျောက်ဖြစ်ရုပ်ကြွင်း | Fossil |
| ကျိုင်းကောင် | Locust |
| ကြောင်လှေး | Cat flea |
| ကြွက်လှေး | Rat flea |
| | |
| ခရိန်းပျံကောင် | Crane fly |
| ခရမ်းရောင်ဘုရင်လိပ်ပြာ | Purple emperor butterfly |
| ခါချဉ် | Red weaver ant |
| ခူကောင် (ပေါက်ဖတ်) | Caterpillar |
| ခေါင်ရန်းရွက် | Hibiscus leaf |
| ခုန်ကောင် | Hopper |
| ခုန်ကောင်ဘတ်ပိုး | Hopping bug |
| ခုန်သွားပင့်ကူ | Jumping spider |
| ချေးထိုးပိုးတောင်မာ | Dung beetle |
| ချိုပါပင့်ကူ | Horned spider |
| ချင့်ဘတ်ပိုး | Chinch bug |
| ချိပ်ပိုး | Lac insect |
| ချယ်ရီသီးယင် | Cherry fruit fly |
| ခြ | Termite |
| ခြင်ကျား | *Aedes* |
| | |
| ဂလင်း (အကျိတ်) | Gland |
| ဂေါ်ဖီထုပ်လိပ်ပြာ | Cabbage butterfly |
| ဂျပန်လေဒီဘတ် | Japanese ladybird |
| ဂျပ်ကောင် | Crab louse |
| | |
| ငါးဖမ်းပင့်ကူ | Fishing spider |
| ငန်းဝါအဖျားရောဂါ | Yellow fever |
| ငွေရောင်စာအုပ်ပိုး | Silverfish |
| ငှက်တောင်ပံလိပ်ပြာ | Birdwing butterfly |
| | |
| စကာရက်ပိုးတောင်မာ | Scarab beetle |
| စကစ်ပါ | Skipper |
| စတီဖင်နစ်နကျယ် | Stephanid wasp |
| စတုန်းပျံကောင် | Stonefly |
| စနိုက်ယင် | Snipe fly |
| စပါးကျိုပိုး | Granary weevil |
| စပင်နရက် | Spinneret |
| စပျစ်ရွက်ပိုးတောင်မာ | Grape leaf beetle |
| စဖီစစ်နကျယ် | Sphecid wasp |
| စာအုပ်သဏ္ဌာန်အဆုတ် | Book lung |
| စီစီယင် | Tsetse fly |
| စုပေါင်းမျက်စိ | Compound eye |
| စက္ကူနကျယ် | Paper wasp |
| စစ်တပ်ပုရွက်ဆိတ် | Army ant |
| စစ်သားခြ | Soldier termite |
| စစ်သည်ယင် | Soldier fly |
| စိမ်းပြာရောင်ယင်မျိုး | Bluebottle |
| စွန်ကုပ်အတက် | Chelicera |
| | |
| ဆလော့ဖလံ | Sloth moth |
| ဆာရာရောဂါ | Surra |
| ဆိုးဘတ် | Sowbug |
| ဆက်တာနစ်ဖလံ | Saturniid moth |
| ဆင်တိုမစ်ဖလံ | Syntomid moth |
| ဆင်သိမ်းငှက်ဖလံ | Elephant hawk motl |
| ဆင့်ကဲဖြစ်စဉ် | Evolution |
| ဆိတ်ဖလံ | Goat moth |
| | |
| ဇာတောင်ပံပျံကောင် | Lacewingfly |
| ဇာဘတ်ပိုး | Lace bug |
| ဇီဝစက် | Life cycle |
| ဇီးကွက်ပျံကောင် | Owlfly |
| | |
| ညိုမှောင်ပိုးတောင်မာ | Darkling beetle |
| | |
| တဆေး | Yeast |
| တရာ | – *ptera* |
| တံတွေးဘတ်ပိုး | Spittlebug |
| တက်ခီနစ်ယင်ကောင် | Tachinid fly |
| တိုက်ဖတ်ကပ်ရောဂါ | Epidemic typhus |
| တစ်တစ်အသံပေးပိုးတောင်မာ | Click beetle |
| တုတ်ချောင်းပုံအင်းဆက်ပိုး (တုတ်ချောင်းကောင်) | Stick insect |
| တွားသွားသတ္တဝါ | Reptile |
| | |
| ဒမြယင် | Robber fly |
| ဒရိုဆိုဖီလာ | *Drosophila* |
| ဒေါ့ဆင်ပျံကောင် | Dobsonfly |
| ဒိုင်ပလူရာမျိုးစဉ် | Order Diplura |
| ဒိုင်းပုံဘတ်ပိုး | Shield bug |
| ဒစ်တရာမျိုးစဉ် | Order Diptera |
| ဒန်ဒီလိုင်ယန် | Dandelion |

| | |
|---|---|
| ဓာတုပစ္စည်း | Chemical |
| ဓားခုတ်ကောင် | Katydid |
| နကျယ် | Wasp |
| နားစည် | Eardrum |
| နက်ဂါးနားရောဂါ | Nagana disease |
| နောက်ပြန်ရေကူးဘတ်ပိုး | Backswimmer |
| နှုတ်သီးပါပိုးတောင်မာ | Weevil |
| ပဆုပ်ပနီနကျယ် | Hornet wasp |
| ပဒ့်ပြန်အဖျားရောဂါ | Relapsing fever |
| ပရိုတိုဇွာမျိုး | Protozoan |
| ပလူ (တောင်ပံပါ ခြ) | Winged termite |
| ပိတုန်း | Bumblebee |
| ပုစဉ်းကြီး | Dragonfly |
| ပုစဉ်းငယ် | Damselfly |
| ပုစဉ်းရင်ကွဲ | Cicada |
| ပုစဉ်းရင်ကွဲမှို | Cicada fungus |
| ပုရစ် | Cricket |
| ပုရစ်–ကျိုင်းကောင် | Cricket-locust |
| ပုရွက်ဆိတ်ဖြူ (ခြ) | White ant |
| ပေးဘတ်ပိုး | Pillbug |
| ပိုးချည်ဂလင်း | Silk gland |
| ပိုးစုန်းကြူး | Firefly |
| ပိုးတောင်မာ | Beetle |
| ပိုးနားသန်ကောင် | Millipede |
| ပိုးမမည် | Nymph |
| ပိုးရှပ်ဖုံး (ပိုးတုံးလုံး) | Pupa |
| ပိုးရှပ်ဖုံးအိမ် | Chrysalid |
| ပိုးအိမ် | Cocoon |
| ပက်ဒီပပ် (ညှပ်လက်မ) | Pedipalp |
| ပင်ရည်စုပ်ပိုး | Mealy bug |
| ပင့်ကူ | Spider |
| ပတ်ချာလှည့်ပိုးတောင်မာ | Whirligig beetle |
| ပယ်ရီပက်တတ်မျိုးစု | Genus *Peripatus* |
| ပျကောင် | Aphid |
| ပျားဖယောင်း | Beewax |
| ပျားယင် | Bee fly |
| ပျားရည်ပျား | Honeybee |
| ပျားသလက် | Honey-comb |
| ပျံကောင်နက် | Black fly |
| ပျံကောင်ဖြူ | White fly |
| ပျံလွှားအမြီးလိပ်ပြာ | Swallowtail butterfly |
| ပျံလွှားအမြီးလိပ်ပြာကတိုး | Musk swallowtail butterfly |
| ပြင်ပကပ်ပါး | Ectoparasite |
| ပြင်ပအရိုး | Exoskeleton |
| ပြည့်စုံသောအသွင်ပြောင်းခြင်း | Complete metamorphosis |
| ပွန်ပီလစ်နကျယ် | Pompilid wasp |
| ဖယောင်းအကြေးပါအင်းဆက်ပိုး | Wax scale insect |
| ဖလီဗိန်းအပင် | Fleabane plant |
| ဖားခုန်ကောင် | Froghopper |
| ဖုလုံးနကျယ် | Gall wasp |
| ဖုတ်ကောင် | Antlion |
| ဖန်ဂိုးဒစ်ပိုးတောင်မာ | Phengodid beetle |
| ဗိုင်စရွိုင်းလိပ်ပြာ | Viceroy butterfly |
| ဘဝဖြစ်စဉ် | Life story |
| ဘာနကယ် | Barnacle |
| ဘုရင်ပုစဉ်းကြီး | Emperor dragonfly |
| ဘုရင်ဖလံ | Emperor moth |
| ဘော့ယင် | Botfly |
| ဘတ်ပိုး | Bug |
| မပြည့်စုံသောအသွင်ပြောင်းခြင်း | Incomplete metamorphosis |
| မာလပီဂျီပြွန်ငယ် | Malpighian tubule |
| မီးစုန်းအင်းဆက်ပိုး | Earwig |
| မုဆိုးမပင့်ကူမည်း | Black widow spider |
| မေပျံကောင် | Mayfly |
| မော်နာ့လိပ်ပြာ | Monarch butterfly |
| မိတ်လိုက်ညှပ် | Clasper |
| မုန်လာဥနီလိပ်ပိုးတောင်မာ | Beet tortoise beetle |
| မျိုးခြားစားကောင် | Predator |
| မျိုးရိုးပညာ | Genetics |
| မျက်စိရှင်ပင့်ကူ | Lynx spider |
| မျက်လုံးပုံအစက် | Eyespot |
| မျောက်ဥရွက် | Yam leaf |
| မြစိမ်းရောင်ရွက်ပိုးတောင်မာငယ် | Little emerald leaf beetle |
| မြေမြှုပ်ပိုးတောင်မာ | Burying beetle |
| မြေအောင်းပိုးတောင်မာ | Ground beetle |
| မြင်းယင် (မှက်) | Horse fly |
| မှော်ရွက်ပိုးတောင်မာ | Knotweed leaf beetle |
| ယူမင်နစ်နကျယ် | Eumenid wasp |
| ရေကန်လျှောစီးကောင် | Pond skater |
| ရေကျား | Water tiger |
| ရေငုပ်ပိုးတောင်မာ | Diving beetle |
| ရေနေပိုးတောင်မာ | Water beetle |
| ရေနေဘတ်ပိုး | Water bug |
| ရေပိလား | Giant water bug |
| ရေမွှား | Springtail |
| ရေလှေး | Water flea |
| ရော့ကီးတောင်အပြောက်အဖျားရောဂါ | Rocky Mountain spotted fever |
| ရိုးတံပါမျက်လုံးရှိ ယင် | Stalk-eyed fly |
| ရိုင်းစပါး | Rye |
| ရွက်ခုန်ကောင် | Leafhopper |
| ရွက်ခြေထောက်ဘတ်ပိုး | Leaf-footed bug |
| ရွက်ပိုးတောင်မာ | Leaf beetle |
| ရွက်ဖြတ်ပုရွက်ဆိတ် | Leaf-cutting ant |
| ရွက်ဖြတ်ပျား | Leaf-cutting bee |
| ရွက်လိပ်ပိုးခူကောင် | Leaf roller caterpillar |

| | |
|---|---|
| ရွက်လိပ်ဖလံ | Leaf roller moth |
| ရှိုင်ယယ်ဂျယ်လီ (တော်ဝင်အစာ) | Royal jelly |
| ရှလကာရည်ယင် | Vinegar fly |
| ရှိခိုးကောင် | Mantid |
| ရွှေဝါရစ်ပုစဉ်းကြီး | Golden-ringed dragonfly |
| လဖလံ | Moon moth |
| လေဒီဘတ်ပိုးတောင်မာ | Ladybird beetle |
| လက်ပါးစေဖလံ | Lackey moth |
| လက်ပီဒေါ့တရာမျိုးစဉ် | Order Lepidoptera |
| လက်သမားပျား | Carpenter bee |
| လိပ်ခွံလိပ်ပြာ | Tortoise shell butterfly |
| လိပ်ပိုးတောင်မာ | Tortoise beetle |
| လိပ်ပုံလေဒီဘတ် | Tortoise ladybird |
| လုပ်သားခြ | Worker termite |
| လုံမဖြူသဲပင့်ကူ | White lady dune spider |
| လှေလှော်ဘတ်ပိုး | Waterboatmen |
| လှေး | Flea |
| လှေးပိုးတောင်မာ | Flea beetle |
| လှည့်လည်ပိုးတောင်မာ | Rove beetle |
| လွှပျံကောင် | Sawfly |
| ဝါဂွမ်းကူရှင်အကြေးပါ အင်းဆက်ပိုး | Cottony cushion scale insect |
| ဝါဂွမ်းပိုး | Cotton boll weevil |
| ဝံပုလွေပင့်ကူ | Wolf spider |
| ဝမ်းကောင် | Worm |
| ဝမ်းဝတ်ရွက်ပိုးတောင်မာ | Wormwood leaf beetle |
| သမင်ယင် | Deer fly |
| သရစ်အင်းဆက်ပိုး | Thrip |
| သားစားပိုးတောင်မာ | Carnivorous beetle |
| သားစားလှည့်လည်ပိုးတောင်မာ | Carnivorous rove-beetle |
| သားအုပ်ခန်း | Brood cell |
| သဲကန္တာရကင်းမြီးကောက် | Desert scorpion |
| သဲကန္တာရကျိုင်းကောင် | Desert locust |
| သုက်ကောင် | Sperm |
| သုက်သိုအိတ် | Spermatheca |
| သစ်ခေါက်ပိုး | Bark weevil |
| သစ်ခွပျား | Orchid bee |
| သစ်ပိုး | Woodlouse |
| သစ်ပင်ခုန်ကောင် | Treehopper |
| သစ်ရွက်ပုံအင်းဆက်ပိုး | Leaf insect |
| သစ်သီးယင် | Fruit fly |
| သတ်ဖြတ်ဘတ်ပိုး | Assassin bug |
| သွေးစွန်းနှာခေါင်းပိုးတောင်မာ | Bloody-nosed beetle |
| သွေးနွေးသတ္တဝါ | Warm-blooded animal |
| ဟာလီကွင်းပိုးတောင်မာ | Harlequin beetle |
| ဟော်မုန်း | Hormone |
| ဟိုဗာယင် | Hover fly |

| | |
|---|---|
| အကပျံကောင် | Dance fly |
| အကြေးပါအင်းဆက်ပိုး | Scale insect |
| အခွံမာအကြေးပါအင်းဆက်ပိုး | Armoured scale insect |
| အစေ့ဘတ်ပိုး | Seed bug |
| အဆိပ်ဂလင်း | Poison gland |
| အဏုဇီဝရုပ် | Microorganism |
| အနီပြောက်ပါလေဒီဘတ် | Red-spotted ladybird |
| အနော့ဖိလီခြင် | *Anopheles* |
| အပူလောင်ပိုးတောင်မာ | Blister beetle |
| အပင်ခုန်ကောင် | Planthopper |
| အပင်ဘတ်ပိုး | Plant bug |
| အပြောက် ၇ ခုပါ လေဒီဘတ် | 7-spotted ladybird |
| အပြောက် ၁၀ ခုပါ လေဒီဘတ် | 10-spotted ladybird |
| အပြောက် ၂၈ ခုပါ လေဒီဘတ် | 28-spotted ladybird |
| အမြီးခွပါပုစဉ်းငယ် | Forktail damselfly |
| အမြစ်စားမြေကြီးပုလဲကောင် | Root-feeding ground pearl |
| အမွေးကြမ်းအမြီးကောင် | Bristle tail |
| အမွေးစည်းခြေထောက်ပါလိပ်ပြာ | Brush-footed butterfly |
| အရိုးခွ | Furcula |
| အရက်ခနစ် | Arachnid |
| အသေကောင်နားယင် | Corpse fly |
| အသေကောင်ပုပ်စား ပိုးတောင်မာ | Carrion beetle |
| အသွင်ပြောင်းခြင်း | Metamorphosis |
| အာတီးမစ်ဖလံ | Artemis moth |
| အာဖရိကအိပ်ငိုက်ရောဂါ | African sleeping sickness |
| အာလူးပိုးတောင်မာ | Potato beetle |
| အာသရိုပေါ့ | Arthropod |
| အာသရိုပိုဒါမျိုးပေါင်းစု | Phylum Arthropoda |
| အူပိတ် | Gut caecum |
| အိုဒိုနေတာမျိုးစဉ် | Order Odonata |
| အိုးလုပ်နကျယ် | Potter wasp |
| အက်ကြောင်းဝိုင်းယင် | Circular-seam fly |
| အက်တလတ်ဖလံ (ဆင်လိပ်ပြာ) | Atlas moth |
| အင်္ကျီဝါနကျယ် | Yellow jacket wasp |
| အင်းဆက်တာမျိုးပေါင်း | Class Insecta |
| အိုင်ဗီပန်း | Ivy flower |
| အိတ်ဝမ်းကောင် | Bagworm |
| အပ်ထောက် | Thimble |
| အယ်ဖီမရော့တရာမျိုးစဉ် | Order Ephemeroptera |
| ဥဩနကျယ် | Cuckoo wasp |
| ဦးခေါင်းပြားပန်းသီးပင်ဖျက်ပိုး | Flat-headed apple borer |
| ဦးချိုပါပိုးတောင်မာ | Stag beetle |
| ဦးနှောက်ရောင်ရမ်းနာရောဂါ | Encephalitis |
| ဦးမှင် | Antenna |
| ဦးမှင်တိုနှံကောင် | Short-horned grasshopper |
| ဦးမှင်ရှည်နှံကောင် | Long-horned grasshopper |
| ဦးမှင်ရှည်ပိုးတောင်မာ | Longicorn beetle |
| ဦးမှင်ရှည်ရွက်လိပ်ပိုး | Long-horned leaf-rolling weevil |





Read more Shwe Thway Journals at




➜ Click below link ➜

https://www.facebook.com/shwethwayjournal/